www.burmeseclassic.com



www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး — စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အကြိမ် | – | ပထမအကြိမ် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်းခ

သန်းခေါင်ယံ စိမ်းလန်းခြင်း/ ဒီနိုင်းခ၊ ရန်ကုန်၊ ရွှေသမင်စာပေ၊ ၂၀၁၃။

၂၃၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။


(၁) သန်းခေါင်ယံ စိမ်းလန်းခြင်း


BURMESE CLASSIC .com



ရယ်စရာကောင်းတဲ့ မျက်နှာနဲ့

အတော်ရာပြည့်နေတဲ့ နှလုံးသားကို ဖုံးကွယ်ထားမယ် . . ။



ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမြေပေါ်

မျှော်လင့်ချက်ဝတ်စုံနဲ့ လူငယ်တစ်ယောက်

ရောက်လာခဲ့ဖူးတယ်..။



ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com






ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆဘာလောင်တပ်မက်စွာနဲ့ သင့်မြတ်တဲ့စိုက်ခင်းကို ငေး ကြည့်ဖို့ ငါတို့ မြင်ခွင့်မရှိတော့ဘူး ..။

ဆောင်းရဲ့ တစ်ဖန် အုံ့ဖွဲ့ခြင်းရာသီတွေ နောင်တစ်နှစ် အတွက်..၊ အသက်မဲ့ခြွေချဖို့ ကြွေးကြော်နေမှာ ငါတို့ သိခွင့်ရခဲ့ပါ တယ် ..။ တကယ်ပါ ကောင်လေးရေ .. အစိမ်းရောင်သစ်ရွက်တွေ အေးစက်တဲ့ ရာသီနှင်းနဲ့ ပေါင်းဖက်ဆုံစည်းရင်း ရှင်သန်ခွင့် နှင်းဆီဖြူပန်းကလေး ကိုယ်ရောင်ဖျောက် ပုန်းကွယ်နေမှာလားလို့ အခါခါ စိုးရိမ်မိတဲ့ ငါ့ဆန္ဒတွေ မင်း နားလည်ပေးပါ။ နားလည် ခြင်းကိုရော ကြားနိုင်ပါ့မလား ..။ ဒါဟာ ကြေကွဲခြင်းနှင့် ဒေါနန်း ကျူးရင့်လိုက်တာ မဟုတ်ပါဘူး ကောင်လေးရေ..၊ ကိုယ်သတိတရ နဲ့ လေးလေးစားစား လွမ်းဆွတ်လိုက်တာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒီကမ္ဘာမြေပေါ်မှာ ဆောင်းဝတ်စုံ နှင်းဝတ်ရုံခြုံလွှမ်းထားတဲ့ လူငယ်လေးတစ်ယောက်ရဲ့ နှုတ်ဆက်သံကို ကမ္ဘာမြေကြီးနှင့် ကောင်းကင်က ကိုယ်တို့နဲ့အတူ ဝမ်းနည်းစွာ ငြိမ်သက်နားထောင်နေကြတာ မင်း သတိပြုပေးပါ ..။

(ဟော .. ) ငါ့မျက်ရည်တွေ ပါးပြင်မှာ စီးကျနေပါလား..။ ကောင်လေးရေ.. ယုံကြည်ချက်နဲ့ ကရုဏာ စက္ကူငှက်ရုပ်ကလေး ဖန်ဆင်းတတ်တဲ့ လက်အစုံကို မြင်ယောင်ရင်း ငါ့ပါးပြင်မှာ မျက်ရည်တွေ စီးကျလာတယ်။

ငိုနေတာကို မသိတတ်တဲ့ ငါ့နှလုံးသား .. မျက်ရည်ကို မုန်းတီးတဲ့ ငါ .. မျက်ရည်ကျရတာကို နှစ်သက်လာတယ် ..။ ခံစားချက်ကို တန်ဖိုးထားလာတယ် ..။ မျက်ရည်ဆိုတာ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုလို အေးခဲလို့ ပါးပြင်မှာကျန်ရစ်လည်း အထိမ်းအမှတ်[illegible] လှိုက်လှိုက်လှဲလှဲ လက်ခံပါ့မယ် ..။ ဆင်ခြင်တုံတရားကို သဘာဝက အသည်းနှလုံးကို ပုတ်နှိုးလို့ ငါ့ရင်ထဲ ဘည့်ပြီးပြီ ..။ လူသားဆန်လာတဲ့ ငါ့ရင်ခုန်သံဟာလည်း နာရီနဲ့အမျှ ခုတ်မောင်းခဲ့ပါတယ်။





စာနာမှုဆိုတာ ငွေစက္ကူလားလို့ သိထားတဲ့ ဦးနှောက်က ပင်နယံတွေကို ဆေးကြောဆန်းဆစ် ပြုပြင်လိုက်လို့ ကောင်းသွားတဲ့ စက်တစ်လုံးပါပဲဆိုရင် မင်း ဟက်ဟက်ပက်ပက် ရယ်ဦးမှာလား ..၊ မင်းရယ်သံကို ငါ ကြားချင်တယ် ..။

'မနက်ဖြန်'ဆိုတာ မင်းကြောင့် အဓိပ္ပာယ်ရှိလာတယ် ..။ လွှဲပြောင်းထမ်းဆောင်ရမယ့် ကျင့်ဝတ်တွေကို ကိုယ့်သဘောနဲ့ကိုယ် သိတတ်လာတယ် ..။ ဒါဟာ ပန်းလေးတစ်ပွင့်လို ဖူးဝေလာတဲ့ စစ်မှန်တဲ့တရားပါကွာ ..။

ဘဝဆိုတာ ကိုယ်ကိုယ်တိုင်ဆွဲနေတဲ့ ပန်းချီကားတစ်ချပ်ပါဆိုရင် အရောင်တွေ မျဉ်းကြောင်းတွေဆိုတာ ကိုယ်ဖန်တီးလို့ ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေပါလို့ပြောရင် ငါ မှားမလား ..။

တိတ်ဆိတ်ခြင်းဟာ ပီသတဲ့အသံတစ်ခုကို လင်းစေနိုင်တယ်။

"ကျွန်တော် ရှိနေမှာပါ .."

ဟော .. ငါ ကြားလိုက်ပါတယ် ..။ ငါ နားကြားမှားတာ မဟုတ်ပါဘူးနော် ..၊ လှုပ်ရှားနေတဲ့ သစ်ရွက်တွေက ငါ့နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားလို့ ယုံမှား ထင်မှတ်စရာ ..။ ပတ်ဝန်းကျင်ကို ကမန်းကတန်း လှမ်းကြည့်တော့ လေတိုက်ခတ်လို့ သစ်ရွက်တွေ လှုပ်ခတ်နေတဲ့ ဆောင်းသစ်ပင်တွေပဲ ငါ့ဘေးနားမှာ ရှိပါတယ်။

မေးခွန်းတစ်ခုကို စိတ်မြန်လက်မြန် မေးရရင် အဲဒါမင်းလား..။ တစ်ခုတော့ရှိတယ် .. အသက်ရှုနေပေမယ့် အသက်မဲ့နေပါတယ်။ ရပ်နေပေမယ့် လဲကျနေသူလို .. ပြီးတော့ နှင်းနဲ့တူတဲ့ ကောင်မလေးတစ်ယောက် ငါ့အနားမှာ အတူရှိတယ် ..။

မင်းရဲ့ ဆောင်းမင်းသမီးလေးက ခပ်ဖြည်းဖြည်း နှေးနှေးလေး ကျလာဆဲ နှင်းတွေကို အသက်မဲ့ေးကြည့်နေတာ ငါ သတိထားမိတယ်။ သူ့ရင်ထဲမှာ ဆုတောင်းကောင်းတစ်ခုရှိမှာ ငါ သိနေတယ်လေ။

အစိမ်းရောင်ရှိတဲ့ သစ်ပင်တွေ ပိုစိမ်းလန်းဖို့ ..၊

ဝေ ာင်း တ်စ အပျံသင်ငှက်ကလေးတွေ မင်းရဲ့အကြင်နာကို စားသုံး ပိမ်းခြယ်ဖို့ ..၊ ပြီးတော့ ...

အသိတရားနည်းပါးရာ စာနာမှုကင်းမဲ့တဲ့ ချောက်ကမ်းပါးထိပ်။ ခြေလှမ်းကျွံစ လူတစ်ယောက် ညင်သာစွာ နောက်ပြန်ဆုတ်ဖို့ ..။





အဲဒီ တဖွဲဖွဲကျလာတဲ့ နှင်းတွေကိုကြည့်ရင်း သူ တိုးတိုးလေး ပြောနေမှာပါ ..။ အဲ့ဒီစကားက 'ရှင် ပြန်လာခဲ့ပါနော်' ..။

တကယ်တော့ အဲဒီအရာတွေဟာ နှင်းတွေ မဟုတ်ပါဘူး..။ အားလုံးရဲ့ဆန္ဒနဲ့ အုံ့မှိုင်းနေတဲ့ မျက်ရည်ရဲ့အရိပ်တွေပေါ့ ..။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သိပါတယ်..။

(သူ ..) ဆောင်း နဲ့အတူ ရှိနေမှာပါ..။

ဆောင်းရိပ်ပြေ





အုံ့ကြွနေတဲ့ ဒေါသစိတ် မျက်နှာပြင်ပေါ်မှာ လေထန်တဲ့ ပင်လယ်ရဲ့အရိပ်လို မိန်းကလေးရဲ့ မျက်နှာပေါ် ဖြတ်သန်းစီးဆင်းနေသည်။

မိန်းကလေးသည် မန်နေဂျာဖြစ်သူထံ ဦးတည်တဲ့ စကားတစ်ခွန်းကို ပြောဆိုပါသည်။

"ကျွန်မ လုံးဝ မကျေနပ်ဘူး .."

မိန်းကလေးရဲ့စကားကြောင့် စိတ်ပျက်လက်ပျက် ဖြစ်သွားဟန်ရတဲ့ ထိုမန်နေဂျာက မိန်းကလေးနှင့်အတူ တွဲထိုင်နေတဲ့ လူရွယ်ထံ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတစ်ခွန်းတစ်စမှ ဝင်မပြောတဲ့ မိန်းကလေးနဲ့ အတူ ယှဉ်ထိုင်နေသူ လူရွယ်သည် သူ့အပေါ်ကျလာတဲ့ မိန်းကလေးရဲ့ စွပ်စွဲချက် သက်ရောက်မှုတွေအပေါ် လှုပ်လှုပ်ရှားရှား ဖြစ်ဟန် မပြ ..။

မန်နေဂျာဆိုသူကိုယ်တိုင် အေးချမ်းငြိမ်သက်တဲ့ လူငယ်ရဲ့ ဟန်ပန်ကို အံ့သြမိဟန်ရှိသည်။ ထူးခြားမလာနိုင်တဲ့ လူရွယ်ရဲ့ အမူအရာကြောင့် လူရွယ်အတွက် မန်နေဂျာက ကိုယ်စားဝ ပြောသည်။

"ဒေါသကိုထိန်းပါ ညီမ ..၊ ကျွန်တော် အမှန်တရားတစ်ခုကို သာ မှတည်သတ်မှတ်ပြီး ပြဿနာကို အပြေလည်ဆုံးဖြစ်အောင် ကူညီပေးသွားမှာပါ"

မန်နေဂျာစကားကို မိန်းကလေးက အလေးထားဟန် မရှိ..၊ သူမ ဘေးက ငြိမ်သက်သက် လူငယ်ကိုသာ နှုတ်ခမ်းတင်းတင် စေ့ကာ ဒေါသဖြင့် စောင်းငဲ့ကြည့်သည်။

ပြီးတော့လည်း ...

"ကျွန်မ ရွေးချယ်ဝယ်ယူလိုက်တဲ့ ဒီအရုပ်လေးဟာ တန်ဖိုး က ဘာမှမရှိပါဘူး"





ထိုစကားသည် နောက်ဆက်တွဲပြဿနာအတွက် အစပျိုး သည့် ခြေလှမ်းများလား ..၊ ပြဿနာကို ပေါ့ပေါ့တန်တန် အမြန် ယ်ရှားချင်တဲ့ မန်နေဂျာကို သူမ ဦးတည်ပြောမိတာပါ ..။

ပြီးတော့ အေးတိအေးစက် သူမနဲ့အတူ ထိုင်နေသူကိုလည်း မကျေနပ်။ ဒါကြောင့်ပင် အဲဒီလူကို စိမ်းစိမ်းကားကား ကြည့်မိ ပြီး ...

"ကျွန်မဖြစ်ချင်တာက စာရိတ္တမကောင်းတဲ့ ဒီသူခိုးကို ..

ကျွန်မရဲ့ တစ်ဝက်တစ်ပျက် စကားရပ်တန့်ချိန်မှာ လူရွယ် က သူမကို ငေးစိုက်စိုက်ကြည့်သည်။ သူမကလည်း တန်ပြန် ကြည့်မိ၏။

မျက်ဝန်းနှစ်ခုရဲ့ တုံ့ပြန်ရာ လှိုင်းရိပ်တွေဟာ ရေခဲနှင့်မီးလ ခြားရပ်တည်ရာ နိမိတ်တစ်ခုစီနှင့် ...

သူမကပဲ ဆက်ပြောမိပြန်သည်။

"သက်ဆိုင်ရာကို အပ်နှံဖို့ .."

"မဟုတ်သေးပါဘူး .."

မန်နေဂျာရဲ့ စိတ်ပျက်လက်ပျက် မပီမသ ညည်းတွားသံက ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူကတော့ သူ့ကိုပြောသည်ဟု ထင်ပုံမရတဲ့ သွေးအေးခြင်းများနှင့်သာ ..။

"ရှင်လဲ ဘာထူးမှာလည်း မန်နေဂျာ .. အခုဖြစ်တဲ့ မသမာမှုကို ဖုံးကွယ်ပစ်ဖို့ ကြိုးစားနေတာပဲ .."

သူမစကားသည် မန်နေဂျာဆိုသူရဲ့မျက်နှာ ပျက်သွားအောင် ထိုးနှက်လိုက်ပုံ ရခဲ့ပါသည်။ မန်နေဂျာ တစ်ခုခုမပြောမီမှာ အသံတစ်သံ ဖြတ်ဝင်လာသည်။

"ခင်ဗျား ဘာဖြစ်စေချင်လဲ .."

ရုတ်တရက် သူမအားက လူရွယ်က သူမကို မေးလိုက်တဲ့ မေးခွန်းကြောင့် သူမ ပြင်ဆင်ချိန်မရလိုက်ခဲ့ ..။ သူမ တုံ့ဆိုင်းသွားစဉ် မန်နေဂျာက လူရွယ်ကို အခုလို ဝင်တားသည်။

"ခဏလေး .. ကိုညီ .."

သူမအားက ကိုညီ ဆိုသော လူရွယ်သည် ကုလားထိုင်နောက်မှီပေါ် ပြန်လျှော့ထိုင်၏။ မန်နေဂျာကသာ သူမကို အခုလို ပြောပါတယ်။

"ဘယ်အမှုမဆို သက်သေခိုင်လုံမှ အပြစ်ပေးခွင့်ရှိတယ် ညီမရဲ့..။ ခုနကလဲ ညီမ စိတ်ကျေနပ်အောင် ဆိုင်ပတ်ပတ်လည်ကို





ပုံမှန်ရိုက်ကူးထားတဲ့ လုံခြုံရေးစနစ် ကွန်ပျူတာတီဗွီတွေလဲ ပြခဲ့ပြီးပြီ"

ကျွန်မက ဒီစကားအပေါ် မကျေမနပ် ဖြစ်ခဲ့သည်။

"အို .. ဒါကတော့ ရှင်တို့ရဲ့ အသိမိတ်ဆွေရင်းနှီးမှုနဲ့ တမင်ဖျောက်ဖျက်ထားတဲ့ လိမ်ညာမှုပဲလေ ..။ ကျွန်မ ဘယ်သိမှာလဲ"

ကျွန်မစကားသည် မန်နေဂျာဖြစ်သူအတွက် တော်တော်စိတ်ဆိုးသွားပုံ ရခဲ့သည်။

"ဟာဗျာ .. ခင်ဗျား တော်တော်အပြောရအဆိုရကျပ်တဲ့ မိန်းကလေးပဲ ..။ ခင်ဗျားကို ကျုပ်တို့က ကိုယ့်ရဲ့ (ကာစတန်မာ)ဆိုပြီး အလေးပေး ဆက်ဆံထားတာ ..။ တကယ်ဆို ခင်ဗျားစကားက ဘောင်ကျော်နေပြီ..။ ခင်ဗျားစကားဟာ ကျွန်တော့်ကိုပါ ကြုံရာပါ ဆိုတဲ့သဘော သက်ရောက်နေတယ်ဆိုတာ ခင်ဗျား တွေးမိလား"

ကျွန်မကလည်း ခပ်တင်းတင်းပင် ...

"ဒါကတော့ ရှင် အသိဆုံး ဖြစ်မှာပါ"

မန်နေဂျာက ဘယ်လိုမိန်းကလေးလည်းဆိုတဲ့ သဘောနဲ့ ကြည့်သည်။ ပြီးတော့ အခုလို ဆက်ပြောပါတယ်။

"ကျုပ်သာ ကိုညီ နေရာကဆို ခင်ဗျားကို ကျုပ်လည်း ပြန်



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲတယ် မိန်းကလေး .. တကယ်ဆို ပြန်စဉ်းစားကြည့်မိရင် သူ့ဘက်က စွပ်စွဲနိုင်ဖို့ အခွင့်အရေး ညီတူညီမျှရှိတယ် အမိ”

“ဘယ်လို!...”

မန်နေဂျာဆိုသူရဲ့ ပြန်လည် ထိုးနက်ချက်တွေဟာ ကျွန်မ ပို၍ စိတ်တိုဒေါသဖြစ်ခဲ့ရသည်။

“ဟုတ်တယ်လေ .. ငွေရှင်းစာရွက်မှာ အရပ်ဆိုတာပဲပါ တာ..၊ နှစ်ခုလုံးရဲ့ ဖြတ်ပိုင်းပြေစာမှာလည်း ပါတယ် ..၊ အဲ .. ဒါပေမယ့် အရပ်က တစ်ခုတည်းရှိတယ် ..၊ တီဗွီမော်နီတာမှာလဲ ပိုက်ဆံရှင်းလိုက်တာပဲ တွေ့တယ် ..၊ အရပ်က ကောင်တာပေါ် မှာ ..၊ ကဲ .. ဘယ်သူ့ပစ္စည်းပါဆိုတာ ခင်ဗျား ဘယ်လိုရှင်းမလဲ”

ကျွန်မ ဝုန်းခနဲ ထရပ်မိသည်။

သူမဘေးက ပုဂ္ဂိုလ်ကတော့ ကြည့်သည်။ ကျစ်ကျစ်ပါ အောင် ဆုပ်ထားတဲ့ ဘေးအိတ်သိုင်းကြိုးသည် ဒေါသရဲ့ဆုပ်နယ် ခြင်းကြောင့် တွန့်ကြေမွမတတ် ..။

“ရှင်တို့ တော်တော် ရိုင်းစိုင်းယုတ်မာတဲ့သူတွေပဲ ..”

မကျေနပ်ချက်နဲ့ သူမမျက်နှာပြင်ဟာ ပူလောင်အရိပ်ငွေ့တွေ က တရှိန်းရှိန်း ..၊





အဲဒီအချိန် သူမဘေးက သူမ စွပ်စွဲသောလူရွယ်သည် စကား တစ်ခွန်း ဝင်ပြောသည်။

“ကဲ .. ခင်ဗျား ဘာဖြစ်စေချင်တာလဲ ..”

ကျွန်မက မေးကြောတွေ တင်းမတတ် အံကြိတ်ရင်း ...

“ရှင် ခိုးတာပါလို့ ရှင် ဝန်ခံရင် ကျွန်မ ကျေနပ်တယ် ..”

“ကိုညီ ..”

မန်နေဂျာရဲ့ အထိတ်တလန့် တားသံကို လူရွယ်က ဂရု မစိုက် ..၊ သူမရဲ့ မျက်နှာကိုသာ ကရုဏာသက်ဟန်နဲ့ ငေးမော ကြည့်နေပြီး ...

“ကဲ .. ကျွန်တော် ခိုးတယ်ဗျာ .. ခင်ဗျား ကျေနပ်လား..”

ပြောလိုက်တဲ့ သူ့ရဲ့ဟန်ပန်က နာနာကျင်ကျင်အချို့ ကပ် ငြယ်နေ၏။ ကျွန်မ ကျေကျေနပ်နပ် ရယ်မောလိုက်ပါတယ်။ ထိုရယ်သံကြောင့် မန်နေဂျာပုဂ္ဂိုလ်၏ မကျေနပ်မှုအချို့ကို စနစ် တကျ မျက်နှာပေါ် ထင်ဟပ်ပြသ၏။

ဘေးမှာချထားသော အိတ်ကို ကောက်လွယ်ပါတယ်။

စားပွဲပေါ်က အဆုံးအဖြတ် မွေးပွဲဝက်ဝံရုပ်လေးကို ကောက် ကိုင်တယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စကားတစ်ခွန်းကိုဖြင့် နောက်ဆုံး တိုက်ခိုက်လိုက်၏။

"ရှင် မြင်ပြီ မဟုတ်လား မန်နေဂျာ ..၊ မန်နေဂျာနဲ့ သူခိုးနဲ့ ပူးပေါင်းတဲ့ဖြစ်ရပ်ကတော့ မမေ့စရာပဲ"

"ခင်ဗျား .."

"ကိုအေးနိုင် .."

မန်နေဂျာရဲ့ ဝုန်းခနဲ ထရပ်သံ ..၊ သူ့ရဲ့တားဆီးသံတွေ ကျွန်မ ခြေလှမ်းနောက်ကွယ်မှာ ကျန်ရစ်ခဲ့သည်။





ကျွန်တော်က စားပွဲရှေ့မှာ ထိုင်နေမြဲအတိုင်း ကျွန်တော့်ရှေ့ဘက်ရှိ စားပွဲ၏နောက်တွင် ကျွန်တော့်ထက် ခုနစ်နှစ်၊ ရှစ်နှစ် ခန့်ကြီးမည့် ပုဂ္ဂိုလ်ကြီးကတော့ ဒေါသအမျက်ကို တန်ဆာဆင်ရင်း ကျွန်တော့်ဘေးမှာရပ်နေသူ ဝန်ထမ်းအမျိုးသမီးကို ဦးတည်ပြောပါသည်။

"သက်သက်ဝေ .. မင်းရဲ့ ကုမ္ပဏီရောက်ချိန်တွေက အမြဲ နောက်ကျနေပါလား .."

အေးအေးစက်စက်နဲ့ အမိန့်သံပါသော ထိုလူရဲ့စကားသည် မိန်းကလေးငယ်ကို အနည်းငယ် တွန့်ဆုတ်သွားဟန်ကို ပြစေ၏။

ကြောက်ရွံ့တုန်လှုပ်နေပုံရသော မိန်းကလေးသည် ထစ်ငေါ့တဲ့ စကားတွေကို နှုတ်က တုံ့ဆိုင်းဆိုင်း ထွက်ပေါ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ .."

ပြေပြစ်လာစေမယ့် စကားတွေကို ထိုလူက ခွင့်ပြုဟန်မတူ..။

"ကျွန်မအမေ ရောဂါသည်ကို ပြုစုနေရလို့ပါ..၊ အဲ့ဒါကြောင့် နောက်ကျတာပါလို့ မင်း ပြောဦးမယ် မဟုတ်လား .."

"ဒီနေ့မနက် ကုမ္ပဏီကိုအလာ အမေ သတိလစ်သွားလို့ ကျွန်မ ဆေးရုံတင်ခဲ့ရတယ် ဆရာ ..၊ အခုတောင် မောင်လေးကို အစောင့်ထားပြီး .."

"တော် .."

အားတင်းပြောလိုက်ရဟန်တူသူ မိန်းကလေးသည် တားဆီး လိုက်တဲ့ အသံမာမာတစ်ခုကြောင့် အရုပ်ကြိုးပြတ် လဲကျသွား မတတ် စိတ်ဓာတ်တွေ ယိုင်နဲ့နေမှာ သေချာသည်။

ကျွန်တော့်ရှေ့က လူကြီးက မတ်တတ်ရပ်ကာ မိန်းကလေး ကို လက်ပိုက်ကြည့်သည်။

"ဒါတွေ ငါ မသိချင်ဘူး ..၊ လူမှုရေးဆိုတာ ငါ့ကိစ္စ မဟုတ် ဘူး ..၊ အဲဒီစကားတွေက ငါနဲ့မပတ်သက်တဲ့ အရာပဲ ..၊ မင်းတို့ ကုမ္ပဏီမဝင်ခင်က ငါ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းကို မဖတ် ဘူးလား .. ဟင် ..၊ ပြောလေ .."





မိန်းကလေးက ခေါင်းငုံ့ရင်း အသံခပ်တိုးတိုးနှင့် ...

"ဖတ်ဖူးပါတယ် .."

"ဒါဆို ပြန်ပြောစမ်း .."

ခေါင်းငုံ့နေသော မိန်းကလေးရဲ့ မျက်ရည်တစ်စက်က သူမ ခြေဖျားပေါ် ကျသွားတာ ထိုင်နေသူ ကျွန်တော်က မြင်ဖြစ်အောင် မြင်လိုက်သည်။

"လူမှုရေးပြင်ပကိစ္စ ကုမ္ပဏီသို့ သယ်ဆောင်မလာရ ..၊ ကုမ္ပဏီသို့ရောက်ချိန် စက္ကန့်၊ မိနစ်စွန်း၍ နောက်ကျသည်ကို မရှိစေရ ..၊ ကုမ္ပဏီ .."

"တော်ပြီ .."

စကားသံတွေ ရပ်တန့်သွားသည်။ စက္ကန့် တော်တော်များ များမှာ တိတ်ဆိတ်မှုသည် မိန်းကလေးအတွက် ကြောက်မက် ဖွယ်ကောင်းမှာ သေချာစေ၏။

လူကြီးက လက်ဝါးနှစ်ဖက်ကို ပွတ်ရင်း မျက်ခုံးတွန့်ကာနေ ရှုံ့သည်။ မျက်နှာပေါ်က အရေပြားတွေဟာ အရယ်အပြုံးနည်း ခြင်းကြောင့် မာခေါက်ခေါက်လို့ ထင်ချင်စရာ ..၊

ကျွန်တော် ကိုယ့်အတွေးကို ပြန်၍ ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အပြုံးကို ထိုလူကြီးက ရိပ်ခနဲ မြင်ဖြစ်အောင် မြင်လိုက်သေးတယ် ..။

အံဆွဲထဲမှ ပိုက်ဆံတစ်ထပ်ကို ထုတ်တာမြင်တော့ မိန်းကလေးအတွက် ကံဆိုးပြီဆိုတာ ကျွန်တော် ကြိုတွေးမိလိုက်ပါတယ်။

စားပွဲပေါ်ကို ပစ်ချလိုက်တဲ့ ပိုက်ဆံများသည် အနည်းငယ် ပျံ့ကြဲသွားသည်။ မိန်းကလေးက မျက်လုံးဝိုင်းသွားပါတယ်။

"မင်းအတွက် နှစ်လစာထက်ကျော်တဲ့ ပိုက်ဆံ ..၊ မင်းကုမ္ပဏီနဲ့ ဒီနေ့ဒီအချိန်ကစပြီး မပတ်သက်နဲ့တော့ .."

"ဆရာ .."

မိန်းကလေးရဲ့ အလန့်တကြားစကားသံကို လူကြီးက လက်ကာ,ကာ တားသည်။ ထို့နောက် ပြန်တော့ဆိုတဲ့သဘောနဲ့ လက်ကို လှုပ်ခါပြသည်။

မိန်းကလေးက ငေးကြောင်ကြောင် ကြည့်နေသည်။ တဖြည်းဖြည်းနဲ့ မျက်ရည်ပေါက်တွေ စီးဆင်းကျလာတယ်။ မိန်းကလေးက ပိုက်ဆံကို မယူတော့ဘဲ ချာခနဲလှည့်ကာ အခန်းထဲမှ ပြေးထွက်သွား၏။





ကျွန်တော်နှင့်လူကြီး နှစ်ဦးတည်း ကျန်နေမှုဟာ အေးစက်စက် ဆန်လာတယ်။ ကျွန်တော့်သက်ပြင်းကို လူကြီး ကြားနိုင်လောက်သည်။ ခဏအကြာမှ ကျွန်တော့်ကို တိုင်တည်ပြောသလို လူကြီးက စပြောလာပါသည်။

"အဲဒါပဲကွာ .. လူမှုရေးဆိုတာကြီးနဲ့ သူတို့က သူတို့ကိုယ်သူတို့ ကာကွယ်နေကြတာ ..၊ အေး.. ငါ အမုန်းတီးဆုံးက အဲဒီလူမှုရေးဆိုတာပဲ ..၊ ကိုယ့်ကိစ္စ ကိုယ်လုပ် သူ့ကိစ္စ သူလုပ်ရင် လူမှုရေးဆိုတာ ပေါ်လာစရာအကြောင်းရှိမလား ..၊ ကဲ .. ထားပါ ..၊ မောင်ရင်နဲ့ ကိုယ်နဲ့ ခုနစကားတောင် ပြတ်သွားခဲ့တယ်"

ပုံမှန်အခြေအနေဖြစ်အောင် လူကြီးက ကြိုးစားသည်။ လက်နှစ်ဖက်ကို ပတ္တာလို ယှက်သွယ်ထားရင်း သူ့ကိုကြည့်သည်။

"မောင်ရင့်ကို အစ်ကိုကြီး ဒေါက်တာဘုန်းထွဋ် လွှတ်လိုက်တယ်ဆိုတော့လည်း ကိုယ် လေ့လာကြည့်ရမှာပေါ့ ..၊ ဒါပေမယ့် မောင်ရင်နဲ့ကိုယ် အစောပိုင်းက ဆွေးနွေးထားသလို အစမ်းသုံးလနဲ့ကြည့်တာပေါ့ ..၊ ကိုယ်လဲ သိပ်မကြာသေးဘူး .. မန်နေဂျာတစ်ယောက်ကို ထုတ်ပစ်ထားတာ ..၊ အဲဒါလဲ ခုနက လူမှုရေးဆိုတဲ့ အကြောင်းပြချက်တွေကြောင့်ပဲ ..၊ ဒါနဲ့ မောင်ရင် အခု



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ကုမ္ပဏီက တင်သွင်းရောင်းချတဲ့ ရေယာဉ်မှာသုံးတဲ့ အင်ဂျင်ပါဝါအကြောင်း မောင်ရင် ကယ်လောက် နားလည် လေ့လာထားလဲ .."

ကျွန်တော်က ကျွန်တော်ပြောမယ့်စကားကို စိတ်ဝင်စားဟန် ရှိပုံရကာ နားစွင့်နေသော (CONER EAUIPMENT) ကုမ္ပဏီရဲ့ M.D ကိုမင်းခေါင် ဆိုသူကို အခုလို ပြောမိပါတယ် ..။

"အမှန်အတိုင်းပြောရရင် ရိုးရိုးအိမ်သုံးအင်ဂျင်တွေအကြောင်း တောင် မနေ့ကမှ လေ့လာထားမိတာ ကိုမင်းခေါင် .."

ကိုမင်းခေါင် ဆိုသူ မျက်နှာတစ်ချက် ပျက်သွားပါသည်။

"ဒါပေမယ့် အင်ဂျင်တွေနဲ့ပတ်သက်ပြီး ကျွန်တော် အမြဲ ဆုံး သိရအောင် လေ့လာနေပါတယ် .."

ကိုမင်းခေါင် က ဆုံလည်ကုလားထိုင်နောက်မှီပေါ် လှဲ ထိုင်သည်။ ပြီးတော့ သူ့ကို စိုက်ကြည့်သည်။

"ကိုယ် အရွေးမမှားဘူးလို့ ထင်တာပဲ၊ နောက်ပြီး .."

ကိုမင်းခေါင် ခပ်မျှင်းမျှင်း ရယ်သည်။

"အစ်ကိုကြီးနဲ့ပတ်သက်လို့ ကိုယ့်ဘဝရဲ့ လူမှုရေးဆိုင်ရာ အရာ ပထမဆုံး မြည်းစမ်းကြည့်လိုက်တာပဲ .."





"အစ်ကိုကြီးက မင်းကို အာမခံထားတယ် .. ကိုယ်လည်း သုံးလလောက်ကို အကဲစမ်းကြည့်တာပေါ့ ..၊ ကဲ .."

ကိုမင်းခေါင် က ပွဲပြီးပြီဖြစ်ကြောင်း အချက်ပြစကားဖြင့် သိမ်းသည်။ ကျွန်တော် ထိုင်နေမြဲဖြစ်တော့ မျက်ခုံးတွန့်ရင်း ...

"မောင်ရင် ကိုယ့်ကို ဘာပြောစရာရှိသေးလို့လဲ .."

ကျွန်တော်က ...

"ကျွန်တော် မနက်ဖြန်မှ မန်နေဂျာရာထူး တာဝန်ကို ထမ်းဆောင်ရပေမယ့် ကျွန်တော် အခုအချိန်ကစပြီး မန်နေဂျာ ဖြစ်ခွင့် ရှိပြီလား .."

ကျွန်တော် ပြောချင် သိစေချင်တဲ့ အဓိပ္ပာယ်ကို ကိုမင်းခေါင် က နားမလည် ...

"ဟုတ်တယ်လေ .. မင်းကို အခုကစပြီး အစမ်းခန့်သဘော ရွေးချယ်လိုက်ပြီပဲ"

ကျွန်တော်လည်း တည်တည်ငြိမ်ငြိမ် ပြန်ပြောခဲ့ပါတယ်။

"ဒါဆို ကျွန်တော် လက်ရှိမန်နေဂျာတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်နဲ့ လူတစ်ယောက်ကို အလုပ်ခန့်ချင်တယ် .."

"ဘယ်သူလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းခေါင် အမေးကို ကျွန်တော်က ...

"အစ်ကို ခုန အလုပ်ထုတ်လိုက်တဲ့ အမျိုးသမီးပဲ အစ်ကို.."

"ဘာ!..."

မျက်နှာပျက်ယွင်းယွင်းပေါ်မှာ အံ့သြမှုနှင့် ဒေါသကို တပ်ဆင်၏။ ကျွန်တော်က ...

"ကျွန်တော် ကုမ္ပဏီထဲ စရောက်ထဲက ခဏလေးအတွင်းမှာ ဒီမိန်းကလေးရဲ့ အလုပ်ပေါ် ကျွမ်းကျင်တဲ့ ပြောသံဆိုသံ လုပ်ရပ်တချို့ကို ကျွန်တော် မြင်လိုက်ရတယ် ..၊ ကြားလဲ ကြားခဲ့ပါတယ်၊ ကျွန်တော် မေးကြည့်တော့ နိုင်ငံခြားကုမ္ပဏီတွေ .. ပြည်တွင်းကုမ္ပဏီတွေနဲ့ ဆက်သွယ်ရေးအပိုင်းကို တာဝန်ယူရတဲ့ မသက်သက်ဝေ လို့ သိခဲ့ရတယ် ..၊ တခြား ကုမ္ပဏီတွေကတောင် လစာကောင်းကောင်းနဲ့ မက်လုံးပေး အလုပ်ပြောင်းဖို့ ဖိတ်ခေါ်တဲ့ထိ အလုပ်ပေါ် ကျွမ်းကျင်စေတနာထားတဲ့ ဝန်ထမ်းတစ်ယောက်ကို ကျွန်တော်ဆိုရင် ကုမ္ပဏီရဲ့အကျိုးအတွက် အလုပ်မထုတ်ပစ်ချင်ဘူး အစ်ကို .."

ကျွန်တော့်စကားကို ကိုမင်းခေါင် က အလေးအနက် ထားဟန်ရှိသည်။ နောက်ဆုံးတော့ စကားတစ်ခွန်း ပြောလာပါတယ်..။





"ဒီနေ့က ကိုယ့်အဖို့တော့ တစ်မျိုးပဲ ..၊ ကိုယ်မှန်းတီးတဲ့ လူမှုရေးဆိုတာ ခဏခဏ ကြားခဲ့ရတဲ့နေ့ ..၊ ကိုယ် အလုပ်ထုတ်ပစ်တဲ့ ဝန်ထမ်းတစ်ယောက်ကို နာရီပိုင်းအတွင်း ပြန်ခန့်ရတာလည်း ဒီနေ့ပဲ .."

စကားကို ရပ်တန့်ကာ သူ့ကို ကြည့်သည်။

"အဲဒါတွေအားလုံးဟာ ကိုယ့်အဖို့ တစ်ခါမှ မလုပ်ဘူးတဲ့ ကိစ္စတွေပဲ"

ဒီလိုနဲ့ ကျွန်တော် သူ့ရဲ့ပြဋ္ဌာန်းချက်ကို စတင်ရိုက်ချိုးခဲ့ပါတယ်..။

"ဒါပေမယ့် .."

ကိုမင်းခေါင် ရဲ့ နောက်ဆက်တွဲစကား ..၊

"သက်သက်ဝေ က မာနကြီးတယ် ..၊ မောင်ရင် ပြန်ခေါ်ဖို့ဆိုတာ မလွယ်ဘူးထင်တယ် .."

ကျွန်တော် ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသက်သက်ဝေ .."

လူနာအမျိုးသမီးကြီးကို ငေးကြည့်နေတဲ့ မိန်းကလေးက ကျွန်တော့်ဘက် လှည့်ကြည့်သည်။ မကြာသေးမီက ဖြတ်ကျော်လာခဲ့တဲ့ ဒုက္ခရဲ့ အငွေ့အသက်တွေ လတ်တလော ထိန်းထိန်းသိမ်းသိမ်း ထားရဟန် ရှိသည်။

"ဪ ..."

ကျွန်တော့်ကို မသက်သက်ဝေ မှတ်မိပုံရတယ်။ ကျွန်တော်က လူနာမှတ်တမ်း တစ်ချက်ဖတ်ကြည့်သည်။ နှစ်ဦးသား စကား မပြောဖြစ်သေး ..၊

ထိုစဉ် သူနာပြုနပ်(စ်)တစ်ယောက် ဝင်လာသည်။ ကျွန်တော်နဲ့ မျက်မှန်းတန်း ရင်းနှီးနေသော သူနာပြုနပ်(စ်)က ...





"ကိုညီ .. လူနာ သတင်းလာမေးတာလား .."

"ဟုတ်ကဲ့ .. ဆရာမ .."

သူနာပြုဆရာမလေးက ဆေးပုလင်းကို ပြောင်းချိတ်ရင်း...

"ဆရာကြီး စုနမှ ပြန်သွားတာ .."

ကျွန်တော်က ပြုံး၍ ခေါင်းညိတ်ပြသည်။ ဆရာမ ပြန်ထွက်သွားတော့မှ ...

"ကျွန်တော် မသက်သက်ဝေ တို့ အိမ်ကို ရောက်ခဲ့သေးတယ်..၊ မသက်သက်ဝေ မောင်လေးက ဒီဆေးရုံကို ညွှန်းလိုက်လို့ .."

အမျိုးသမီးက ကျွန်တော် လာရတဲ့ ရည်ရွယ်ချက်ကို သိချင်နေပုံလည်း ရတယ် ..။ နောက်ပြီးတော့လည်း လက်ကနာရီကို တစ်ချက်တစ်ချက် လှမ်းကြည့်နေပါတယ်။ ထိုစဉ် တံခါးဖွင့်ဝင်လာတဲ့ ဒေါက်တာသက်မြိုင် က ကျွန်တော့်ကို မြင်တော့ ...

"အခုတင် နော်အေမီ က မင်း ရောက်နေတယ် ပြောလို့ ..၊ မင်း ရောက်နေတာ ကြာပြီလား ညီ .."

အမြဲတမ်း ဖိုသီဖတ်သီနေတတ်သော ဆရာဝန်တစ်ယောက်ဖြစ်ပြီး ဆရာဝန်ရုပ် မပေါက်သောလူကို ပြော၍ဆိုလျှင် သက်မြိုင်



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ပြရမည် ထင်သည်။

မသက်သက်ဝေ ကတော့ ကျွန်တော့်ကို အံ့သြနေပုံရသည်။

“ဒါနဲ့ မသက်သက်ဝေ .. ကျွန်တော်တို့ မှာထားတဲ့ဆေးတွေ ရပြီလား ..”

သက်မြိုင် စကားကြောင့် မသက်သက်ဝေ ပြောရခက်နေဟန် ရှိပုံရခဲ့တယ်။ ပြီးတော့ သူမရဲ့ အခက်အခဲဟာ ယောကျ်ား နှစ်ယောက်ရဲ့ရှေ့မှာမို့ ဖွင့်ပြောရမှာ ပိုမိုဆိုးရွားဟန် ရှိသည်။

“ဟို ..”

သူမ စကားမစမီ ကျွန်တော်က သက်မြိုင် ကို ဦးတည်ပြီး...

“ငါ ကူးကူး ကို လိုအပ်နေတဲ့ဆေးတွေ အကုန်ဝယ်ပေးခဲ့ပြီး ပြီ သက်မြိုင် ..”

“ဩော် ..”

ကျွန်တော့်စကားကြောင့် မိန်းကလေး အံ့သြနေပုံရသည်။ သက်မြိုင် က အခြေအနေကို အမြန်ဆုံး အကဲခတ် နားလည်မိဟန် ရှိသည်။ သူ့ကို မျက်ခုံးပင့်ရုံသာ ပင့်ပြပြီး နောက်ထပ်မမေး ..။

“ဒါဆို ငါ ကူးကူး ဆီ သွားလိုက်ဦးမယ် ညီ ..၊ ကျွန်တော့်ကို ခွင့်ပြုပါဦး မသက်သက်ဝေ ..”





သူမက ‘ဟုတ်ကဲ့ ဆရာ’ လို့ ရိုရိုသေသေ ပြန်ဖြေသည်။

သက်မြိုင် ထွက်သွားတော့ သူမ ခေါင်းငုံ့ရင်း မျက်ရည်ကျ လိုက်တာ မြင်ခဲ့ရပြန်သည်။

ကျွန်တော်က ဆေးအရှိန်ကြောင့် အိပ်ပျော်နေသော လူနာ အမျိုးသမီးကြီးကို ငေးမောရင်း ...

“ကျွန်တော် သူများရဲ့ ကိုယ်ရေးကိုယ်တာကို စွက်ဖက်တယ် လို့ မသက်သက်ဝေ ထင်ချင်ရင်လဲ ထင်နေမှာပါ ..

ကျွန်တော့်စကားကြောင့် မသက်သက်ဝေ က မျက်ရည် တွေနဲ့ မော့ကြည့်သည်။ မျက်ရည်တွေနဲ့ ငိုထားတဲ့ အမျိုးသမီး သည် နွမ်းနယ်စွာ လှပနေတာ ကျွန်တော် သတိပြုမိလိုက်ပါ တယ်။

ကျွန်တော် အိတ်ကပ်ကြယ်သီးကို ဖြုတ်ပြီး အတွင်းက ဘူး လေးတစ်ဘူးကို ထုတ်ယူသည်။

“ရော့ .. မသက်သက်ဝေ ..”

ကျွန်တော့်လက်ဖဝါးထဲက အနီရောင်ဘူးလေးကြောင့် သူမ မျက်နှာ နီရဲသွားတယ်။ ထစ်ချွန်းရွာတော့မယ့် ကောင်းကင်တစ်ခု နဲ့လည်း ဆင်တယ်။



www.burmeseclassic.com

"စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ .. ကျွန်တော် မသက်သက်ဝေ တို့ အိမ်ရောက်တော့ မသက်သက်ဝေ ရဲ့မောင်လေးနဲ့ တွေ့တယ် ..၊ အဲဒီမှာ ဆေးဝယ်ဖို့ မသက်သက်ဝေ တို့ရဲ့ အခက်အခဲကို သိရတယ် ..၊ မသက်သက်ဝေ နားက ချွတ်ပေးလိုက်တဲ့ နားကပ်လေးကို မသက်သက်ဝေ မောင်လေးက သွားပေါင်ဖို့ ပြင်ဆင်နေချိန်ပေါ့ ..၊ ကျွန်တော် သူ့ကို မသက်သက်ဝေ ရဲ့အရင်းနှီးဆုံး မိတ်ဆွေပါလို့ ပြောပြလို့သာ သူ အဖြစ်မှန်ကို ပြောပြခဲ့တာ..၊ ယုံယုံကြည်ကြည်နဲ့ ပြန်ယူပါ မသက်သက်ဝေ .."

သူမက ကျွန်တော် ကမ်းပေးတဲ့လက်ကို ငေးရီရီ ကြည့်နေ၏။

"မသက်သက်ဝေ ရဲ့ ရင်ထဲမှာ ကျွန်တော့်ကြောင့် သံသယရှိမှာကို ကျွန်တော် စိုးရိမ်တယ် မသက်သက်ဝေ .. တစ်နေ့နေ့ကျရင် မသက်သက်ဝေ ကျွန်တော့်အကြောင်းတွေ သိလာမှာပါ"

ကျွန်တော့် လက်ဖဝါးပေါ်ကို လှမ်းယူလိုက်တဲ့ သူမ လက်ဖဝါးရဲ့ အထိအတွေ့သည် ရင်းနှီးချစ်ခင်တဲ့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ရဲ့ ဆက်ဆံရေးတွေ သက်ဝင်နေ၏။

"ကျွန်တော် တစ်ခု တောင်းဆိုချင်တယ် မသက်သက်ဝေ"





သူမက မေးဆတ်ပြုရင်း ပြောလေဆိုတဲ့သဘောကို ပြ၏။ ကျွန်တော်က ပြုံးရင်း ...

"မသက်သက်ဝေ ကုမ္ပဏီမှာ အလုပ်ပြန်ဆင်းပါလို့ .."

"ရှင်!..."

သူမ အံ့သြသွားဟန် ရှိသည်။

ကျွန်တော့်ကိုလည်း အထူးအဆန်းသတ္တဝါတစ်ယောက်လို ငေးကြောင်ကြည့်ရင်း ...

"ရှင် .. ရှင်က .."

"ဟုတ်တယ် .. ကျွန်တော် မသက်သက်ဝေ အလုပ်က ထွက်သွားပြီးပြီးချင်း မန်နေဂျာရာထူးရခဲ့တဲ့ လူတစ်ယောက်ပါ"

ကောင်းကင်က အစွမ်းကုန် ကြည်လင်ပြလိုက်တယ် ..။ မြေပြင်တွေ ညီညာပြန့်ပြူးရင်း ..၊

အိပ်မက်သည် လှပသော ပန်းခင်းတစ်ခင်းအဖြစ် မြင်ခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရိပ် ကျောင်းလွှတ်ချိန်ရဲ့ ရှုမျှော်ခင်းကို စိတ်ဝင်တစား ငေးကြည့်နေမိသည်။

အနီနဲ့အဝါရောင် ရောစပ်ထားသော အရိပ်ရဲ့ လှုပ်ရှားသွားလာမှုအောက်မှာ ပတ်ဝန်းကျင်သည် လေပြည်တိုက်လိုက်တဲ့ ပန်းတစ်ခင်းလို လှုပ်ရှား သက်ဝင်နေသည်။

နှစ်လိုဖွယ်ရယ်သံတွေ ကြည်နူးမှုတွေဟာ ပျိုးကျဲချချင်း အပြိုင်းအရိုင်း ပေါ်ပေါက်လာခဲ့တဲ့ သစ်ပင်တွေလို အထင်အရှား..။

ပထမတော့ ဆောင်းရိပ် က ဆေးကြော်ငြာရောင်းတဲ့သူလို လို ကစားစရာရောင်းသည့်ပုဂ္ဂိုလ်လိုလို ထင်ခဲ့မိသည်။ ကလေးအုပ်ထဲမှာလည်း မိဘတချို့ပါ ပါသည်။ ဆောင်းရိပ် နဲ့ အသက်အတော်ကွာသည့် မောင်လေး ဗုံဗုံ ပါ တွေ့ရသည်။





ကလေးတွေ .. မိဘတွေ .. ပြီးတော့ ဆရာမအချို့သည် သူ့ကို အရုပ်တွေ ကစားစရာတွေ မျိုးစုံပေးကြတာ သူမ သတိပြုမိသည်။

အနီ၊ အဝါရောင် အရိပ်ရှင်ကလည်း ပေးသမျှ အရုပ်တွေကို ခပ်လှမ်းလှမ်း အမေရိကန်လုပ် ရှေးဟောင်းကားကြီးရဲ့ နောက်တံခါးဖွင့်ကာ လှမ်းလှမ်းထည့်နေပါသည်။

ကားကြီးရဲ့ပုံစံ အရောင်မှိန်မှိန်နဲ့ အနောက်တိုင်း ဘဏ်ဓားပြကားတွေထဲက လူဆိုးတွေစီးသည့် ကားပုံစံမျိုးလို ..။

ဗုံဗုံ က ဆောင်းရိပ် ကို တစ်နေ့က ပြဿနာအတက်ခံပြီး ဝယ်ပေးထားတဲ့ ပန်ဒါဝက်ဝံရုပ်လေးကို အနီအဝါရောင် ပုဂ္ဂိုလ်ဆီ လှမ်းပေးသည်။

အနီရောင်အရိပ်က အရုပ်ကလေးကို လှည့်ပတ်ကြည့်ရင်း တစ်ခုခုကို တွေးနေပုံရတယ်။ နောက်တော့ ဗုံဗုံ့ ခေါင်းကိုပွတ်ကာ ရယ်မောသည်။ ပြီးတော့ ကားထဲက တစ်စုံတစ်ခု လှမ်းယူပေးလိုက်တာလည်း ဆောင်းရိပ် မြင်လိုက်ရသည်။

ဆောင်းရိပ် အသေအချာ စူးစိုက်ကြည့်မိတော့ ဗုံဗုံ့ လက်ထဲမှာ နှင်းဆီဖြူတစ်ပွင့် ..။



www.burmeseclassic.com

www.burmeseclassic.com



ဗုံဗုံ က နှင်းဆီဖြူတစ်ပွင့်ကို ဂုဏ်ထူးဆောင်တံဆိပ် ရလိုက်တဲ့ လူတစ်ယောက်လို တော်တော် ပျော်ရွှင်သွားပုံရသည်။

ကျောင်းသားအုပ်စုနဲ့အတူ ဆောင်းရိပ် တို့ရှိရာ ကားလမ်းဘက်ခြမ်းကို အနီရောင်ဝတ်စုံရှင်က ကူညီကာ လမ်းကူးပေးနေသည်။

ဖိုးရိုးဖားယားဝတ်စုံနှင့် ရယ်မောစရာ မျက်နှာကြောင့် ကျောင်းရှေ့ ကားလမ်းအလယ်က ယာဉ်ထိန်းရဲမေက ရယ်ချင်ဟန်ရှိသည်။ ကားပေါ်က တချို့လူငယ်တွေက သူ့ကို လှမ်းခေါ် နှုတ်ဆက်ကြသည်။

ဆောင်းရိပ် ရဲ့ စိတ်ထဲမှာ သူ ဘယ်သူလဲ .. ဘာအဓိပ္ပာယ်လဲ ..။ အတွေးတွေက မွန်းတည့်နေလို အရိပ်ဟာ အဖြေတစ်ခုလို ..။

ဗုံဗုံ က ကားတံခါးဖွင့်ပြီး ဆောင်းရိပ် ဘေး ဝင်ထိုင်ကာ ကားနောက်ခန်းဆိုဖာပေါ်ကို သူ့ရဲ့ ကျောပိုးအိတ်ကို ပစ်တင်သည်။

"ဒီနေ့ မမ လာကြိုတယ် .."

ဆောင်းရိပ် က ပြုံးရင်း ...





"ဒီနေ့ ဂျူတီအော့ဖ်လေ ဗုံဗုံ .."

ကားရှင်းမရှင်းကို နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်ရင်း ကားကို လမ်းမပေါ် တင်လိုက်သည်။ ဗုံဗုံ က အနီအဝါရောင် အရိပ်ရှင်ကို လှမ်း၍ ...

"ကိုကိုကြီး .. သွားပြီဗျို့ .."

လို့ လှမ်းအော်ပြောသည်။

အနီရောင်အရိပ်ရှင်ကလည်း ပြန်ကြည့်သည်။ ကားကို ပုံမှန်အတိုင်း မောင်းလာရင်းက ဆောင်းရိပ် က သိချင်နေတဲ့ မေးခွန်းကို စတင်မေးမိသည်။

"အဲဒီဝတ်စုံနဲ့လူက ဘယ်သူလဲ ..၊ ဘာလာလုပ်တာလဲ ..၊ မင်းတို့ဆီက သူက ဘာလို့လိမ်ပြီး အရုပ်တွေ တောင်းရတာလဲ"

ဗုံဗုံ က မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ ဆောင်းရိပ် ကို ငဲ့ကြည့်၏။ တဖြည်းဖြည်း ပြုံးလာပါတယ်။

ဆောင်းရိပ် ရှေ့ကိုသာ အာရုံစိုက်ကြည့်နေပေမယ့် သိနေပါတယ်။ ဒါကြောင့် ကားစတီယာရင်ကို တစ်ဖက်က ထိန်းရင်း ဗုံဗုံ ရဲ့ဆံပင်ညိုညိုတွေကို လှမ်းဖွသည်။

"မင်းက ဘာအဓိပ္ပာယ်နဲ့ ကြည့်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး .. မမဆောင်း ကလဲ .. မမဆောင်း ရဲ့စကား ကို ဘယ်လိုဖြေရမှန်း မသိလို့ .."

"ဟဲ့ .. ငါ မေးနေတာ ရိုးရိုးလေးပဲဟာ .."

"အင်း .."

လူကြီးလေးတစ်ယောက်လို ဗုံဗုံ က သံရှည်ဆွဲရင်း ငြိမ် သက်နေပြန်သည်။

"ကိုကိုကြီးက သားတို့ကျောင်းတစ်ကျောင်းထဲတင် မဟုတ် ဘူး .. ကျောင်းတိုင်းကျောင်းတိုင်းကို လိုက်ပြီး အလှူခံတာတဲ့.."

ဆောင်းရိပ် နှုတ်ခမ်းမဲ့သည်။

"နောက်ဆုံးတော့ ငါ ပြောတဲ့အတိုင်း ပိုက်ဆံလိုက်တောင်း တာပဲ မဟုတ်လား .."

"မဟုတ်ဘူး .. မမ .."

"ဒါဆို ဘာလဲ .."

"အရုပ်တွေ .."

သူမ ယောင်ရမ်းပြီး ဘရိတ်ကို နင်းမိမတတ် ဖြစ်ခဲ့သည်။ ခြံဝင်းထဲကို ကားချိုးကွေ့ပြီး ဆင်ဝင်အောက်ကို ထိုးရပ်ချိန်အထိ မောင်လေးရော သူမပါ ကားပေါ်က မဆင်းမိသေး ..။





မောင်လေးက အဆုံးသတ်စကားကို ပြောချင်နေသလို ဆောင်း ရိပ် ကလည်း တစ်ခုခုကို ထပ်သိချင်နေပါသေးတယ်။

"သူက အဲဒီအရုပ်တွေကို ဘာကြောင့် အလှူခံချင်ရတာလဲ.."

ဗုံဗုံ က ...

"ကျောင်းက ဆရာမတွေ ပြောတော့ ဒီလိုအချိန်မျိုးရောက် တိုင်း ကိုကိုကြီးက ကျောင်းတွေကို အမြဲအလှူခံတတ်တယ်တဲ့..၊ ကိုကိုကြီး က အလှူခံတိုင်းလည်း အခုဝတ်စုံကို အမြဲဝတ်တတ် တယ် .."

"ဂျိုကာဝတ်စုံ .."

ဗုံဗုံ ခေါင်းညိတ်သည်။

"ဟုတ်တယ် .. ကိုကိုကြီးလို့ သားတစ်ယောက်ပဲ ခေါ်တာ..၊ ကျောင်းသားတွေအားလုံးက ဦးဦးဂျိုကာ လို့ ခေါ်တယ် ..၊ ကိုကို ကြီးကို စသိခဲ့တာ ဘိုမ နေမကောင်းတဲ့အချိန်တုန်းက .."

"ဟယ် .. ဘယ်တုန်းကလဲ .."

"ဟိုး .. နေ့က .."

အတိအကျ မပြောနိုင်တိုင်း မောင်လေးက ဟိုး .. ဆိုသည့်စကား ကို သုံးတတ်ပါသည်။ မောင်လေးက တံခါးကို ဆွဲဖွင့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မမဆောင်း ကိုကိုကြီးအကြောင်း သိချင်ရင် တီချယ့်ကို မေးကြည့်ပါလား .."

"ဘယ် တီချယ်လဲ .."

"မမဆောင်း သူငယ်ချင်း .. သားတို့ဆရာမလေ .."

"ရီရီစိုး လား .."

မောင်လေးက ခေါင်းညိတ်သည်။

သူမကလည်း ကားတံခါးဆွဲဖွင့်ပြီး နောက်ခန်းက ဗုံဗုံ့ ကျောပိုးအိတ်ကို လှမ်းယူကာ ထွက်လာခဲ့သည်။

သူမစိတ်ထဲမှာတော့ ထိုနေ့ကစပြီး အနီရောင်အရိပ် စတင် ဝင်ရောက် စိုးမိုးလာတော့မှာ သူမကိုယ်တိုင် မသိလိုက်ခဲ့မိပါ..။





"ဒေါက်တာမိုး ရေ .. ရောက်ပြီလား .."

"အေး .. မင်းညီမယောက်ျား ရောက်ပြီ .."

အိမ်ထဲရောက်ရောက်ချင်း နိုင်စိုး ရဲ့ စကားဟာ သက်မြိုင် ရဲ့ တန်ပြန်သက်ရောက်မှုကြောင့် မျက်နှာရှုံ့မဲ့သွားသည်။

ရုံးတစ်ရုံးမှာ အရာရှိပေါက်စဖြစ်တဲ့ နိုင်စိုး က ရုံးဆင်းဆင်း လာချင်း အိမ်ကိုတန်းမပြန်ဘဲ သူ့ဆီ တိုက်ရိုက်ဝင်လာဟန် တူသည်။

"လက်ထဲက ဘာတွေလဲ .."

နိုင်စိုး က ရှုံးကျေ့စ်ပေါ်က အိတ်နဲ့ဖိုင်ကို လှမ်းတင်ပြီး ...

"မင်းတို့စားဖို့ ခေါက်ဆွဲကြော် ဝယ်လာတာလေ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်း ပြော မီးဖိုခန်းဘက်လည်း တန်းဝင်သွားသည်။

သူက တစ်ကိုယ်ရည်သမားတစ်ယောက်မို့ နိုင်စိုး နဲ့ သက်မြိုင် က သူတို့အိမ် သူတို့ယာလို လုပ်စရာရှိတာ ဝင်လုပ်၊ ရှင်းစရာရှိတာ ဝင်ရှင်းလင်းပေးတတ်သည်။

အိမ်ခတ်သော့ကိုလည်း တစ်ယောက်တစ်ချောင်းစီ သူ ပေးထားသည်။

နိုင်စိုး က သူ့ရဲ့ အိမ်နေအဝတ်အစားတွေ လဲဝတ်လာဟန်တူသည်။

"ရုံးမှာကွာ စာရင်းစစ်ဝင်မယ် ပြောထားတော့ စာရင်းအင်းတွေ ပြန်စစ်ရတာနဲ့ နောက်ကျသွားတာကွ .."

နိုင်စိုး က သူတို့နှစ်ယောက်ကြားက ထိုင်ခုံမှာ ဝင်ထိုင်ရင်း ပြောပါသည်။

သက်မြိုင် က နိုင်စိုး စကားဆုံးတော့ ...

"ဒါနဲ့ နေပါဦး .. မင်းနဲ့ မသက်သက်ဝေ က ဘယ်လိုသိကြတာလဲ"

ဒီကောင် မကြားဖူးတဲ့ နာမည်တစ်ခုကြောင့် နိုင်စိုး စိတ်ဝင်စား သွားဟန်တူသည်။





ကျွန်တော်က ...

"လေးလေးထွဋ် .. ငါ့ကို သူ့အသိ ကုမ္ပဏီတစ်ခုမှာ မန်နေဂျာသွားလျှောက်ခိုင်းတာ မင်းတို့ သိတယ်နော် .."

"အေးလေ .. ကြာပဲ ကြာလှပြီ .."

ကျွန်တော် ခေါင်းညိတ်ပြသည်။

"ငါ ကုမ္ပဏီရုံးခန်းထဲကို ရောက်နေတဲ့အချိန် သိပ်မကြာခင် မိန်းကလေးတစ်ယောက် ဝင်လာတယ် ..၊ အဲဒီမိန်းကလေးက မသက်သက်ဝေ ပဲလေ ..၊ ငါက အလုပ်ဝင်ရမယ့်လူ .. အဲဒီ မိန်းကလေးက အလုပ်ထုတ်ခံရမယ့်လူ .."

"မသက်သက်ဝေ ကို အလုပ်ထုတ်ပစ်တယ် .."

သက်မြိုင် စကားကို ကျွန်တော် ခေါင်းညိတ်ပြမိသည်။

"မသက်သက်ဝေ ရဲ့ထက်မြက်သွက်လက်တဲ့ အရည်အချင်းကို ကုမ္ပဏီထဲကို ခဏလေးရောက်တဲ့အချိန်မှာတောင် ငါ အကဲခတ် လေ့လာရုံနဲ့ သိနိုင်ခဲ့တယ်လေ .."

"အဲဒါနဲ့များ .. ဘာဖြစ်လို့ သူ့ကို အလုပ်ထုတ်ပစ်ကြတာလဲ.."

ကျွန်တော့်မျက်နှာ အေးစက် တည်ငြိမ်သွားရပါတယ် ..။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကုမ္ပဏီထဲ ရောက်ရောက်ချင်း မသက်သက်ဝေ ရဲ့ ကောင်းသတင်းကို ကြားမိရသလို လေးလေးထွင့် နဲ့ ခင်မင်နေတဲ့ ကုမ္ပဏီပိုင်ရှင်ကို ကိုမင်းခေါင် ရဲ့ စက္ကထရီ အဲ .. ကိုမင်းခေါင့် ရဲ့ ငယ်သူငယ်ချင်းလည်းဖြစ်တဲ့ မထရေစီ က တစ်ဆင့် ကိုမင်း ခေါင် ရဲ့အကြောင်းကို ကြားရတယ် ..၊ ငါနဲ့ ထိပ်တိုက်ဆုံတော့ ကိုမင်းခေါင် ဆိုတာ လူမှုရေးကျင့်ဝတ်တွေ အဆီခန်းနေတဲ့ ပုဂ္ဂိုလ် တစ်ယောက်ပဲဆိုတာ သိခွင့်ရခဲ့တယ် .."

"ဘယ်လို!..."

နိုင်စိုး က အံ့အားသင့်ဟန် မေးသည်။

"ခဏလေး စကားပြောခွင့်ရတဲ့အချိန်မှာတောင် သူ့အတွက်ကို ဘေးကလူတွေ မြင်ရတယ် နိုင်စိုး ..၊ မသက်သက်ဝေ ရဲ့အမေ လူမမာကြောင့် မသက်သက်ဝေ တစ်ခါတစ်ရံ အလုပ်နောက်ကျ တာ ရှိတယ် ..၊ အဲဒါကို သူက မကျေနပ်ဘူး လက်သင့်မခံနိုင်ဘူး တဲ့ .."

"ဟာကွာ .. ဒါကတော့ .."

သက်မြိုင် ရဲ့ မချင့်မရဲစကားကို ကျွန်တော်က ပြုံးမိရင်း ဆက်ပြောမိသည်။





"ငါ့အထင် ဒီပုဂ္ဂိုလ်ကြီးက ဒီ့ထက်ဆိုးတဲ့ ဓလေ့တွေ ရှိနေဦး မယ် တူတယ် .."

"ညီ .."

နိုင်စိုး ခေါ်သံကြောင့် လှမ်းကြည့်မိသည်။

"မင်းကတော့ ဘီလူးတစ်ကောင်ရဲ့ အရိပ်အောက်မှာမှ အရိပ်ခိုမိသလို ဖြစ်ပြီထင်တယ် .."

ဒီကောင့်စကားအဆုံးမှာ ကျွန်တော်တို့ ရယ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညီ .. စားပါဦး .."

ရက်ပိုင်းအတွင်းမှာ ငယ်ပေါင်းကြီးဖော်လို ကျွန်တော်တို့ နှစ်ယောက်ရဲ့ ရင်းနှီးမှုဟာ မြန်ဆန်နေခဲ့ပါတယ် ..။

သူမတင် မဟုတ်ပါ။ ကုမ္ပဏီမှာဆို ဝန်ထမ်းတော်တော်များများဟာ သူ့ရဲ့စည်းရုံးမှုအောက်မှာ အလွယ်တကူ လိုက်လျောညီထွေ စီးဆင်းခဲ့ပါတယ်။

မထရေစီ က သူတို့စားပွဲကို လျှောက်လာရင်း ...

"ဟဲ့ .. ဘာတွေနဲ့ စားနေကြတာလဲ .."

ကျွန်တော်က ရယ်မောရင်း ...

"ဟင်းကတော့ ပုံမှန်ပါပဲ ..၊ ကြက်ဥကြော် .. ဘာလချောင်ကြော် .."





ကျွန်တော်ပြောတဲ့ ဟင်းနာမည်တွေကြောင့် မထရေစီ နှာခေါင်းရှုံ့သည်။

"ညီ ရယ် .. နင်ဟာလေ ငါတို့ထည့်လာပေးမယ် ပြောတော့လဲ နင်က မထည့်ပါနဲ့ တားတယ် ..၊ နင်ယူလာတဲ့ ဟင်းတွေကို နင် ပုံမှန် စားနေရတာ မငြီးငွေ့ဘူးလား .."

"အဲဒါပြောတာပေါ့ မမရေ .. အခုလဲ သက်ဝေ မှာ ပါလာတဲ့ ရှောက်သီးသုပ်နဲ့ ဟင်းခါးကို အတင်းကျွေးနေရတာ .."

ကျွန်တော်က ရယ်မြဲ ရယ်နေရင်းက ...

"မဟုတ်ပါဘူးဗျာ .. ခုနကလဲ ကိုတင့်လွင် တို့ နှင်းနှင်း တို့က ဟင်းတွေ လာပေးထားတယ် ..၊ ဒါပေမယ့် ကျွန်တော်ကြောင့် သူတို့ အလုပ်ပိုမှာ စိုးလို့ပါ ..၊ ကျွန်တော်က အခုလို ဖြစ်သလို စားနေရတာ အကျင့်ပါနေပြီ ..၊ ဒါနဲ့ မထရေစီ က ဘယ်မှာစားတာလဲ ..၊ အစ်မ စားတာလဲ မမြင်ပါဘူး .."

မထရေစီ က ရယ်သည်။ သက်ဝေ ကတော့ ...

"မထရေစီ က ဘော့စ်နဲ့ အတူစားရတာလေ ကိုညီ .."

"ဟုတ်တယ် ညီ ရေ .. သူ့ဝေယျာဝစ္စကို လုပ်ပေးရတာတော့ အခုမှ မဟုတ်ဘူး .. ကျောင်းတုန်းထဲက .."



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ဟန် ပြောနေသော်လည်း မထရေစီ ရဲ့ မျက်နှာမှာ ကျေနပ်ရိပ်တွေ ကပ်ပါနေတော့ သူ ရယ်ချင်မိသည်။

"ကိုမင်းခေါင် ကိုလည်း မမြင်ပါလား အစ်မ .."

"သူ့ညီမ ပို့ပြီးမှ ကုမ္ပဏီကို လာမယ်ထင်တယ် .."

"ဪ .."

ကျွန်တော်နဲ့ သက်ဝေ က ထမင်းစားသည်။ မထရေစီ က ကျွန်တော်တို့ စားနေသော စားပွဲဝိုင်းမှာ ဝင်ထိုင်၏။ ထမင်းကို ဇွန်းနှင့် ပါးစပ်ထဲ သွင်းအပြီးမှာ ...

"ကျွန်မ ကိုညို့ ဆီက အကူအညီရတုန်းက ကိုညို့ ကို တစ်မျိုး ထင်မိသေးတယ် .."

ကျွန်တော် ပြုံးမိသည်။

"ဘာကိုလဲ သက်ဝေ .."

သက်ဝေ က ထမင်းကို ဇွန်းနှင့်မွှေနှောက်နေရင်းမှ သူ့ကို ကြည့်သည်။

"ဆရာလွှတ်လိုက်တဲ့ လူတစ်ယောက်က ဆရာ့ရဲ့ အရိပ်တော့ နည်းနည်းပါမှာပဲပေါ့ .."

"ကျွန်တော် .."





ကျွန်တော် ဆက်မပြောရန် သက်ဝေ က လက်ကာထားသည်။ သက်ဝေ က ဆက်ပြောပြန်သည်။

"သက်ဝေ ကိုညို့ ကို မယုံကြည်ခဲ့ဘူး ကိုညီ ..၊ ပထမအထင် ကျွန်မဆီက တစ်ခုခု လိုချင်လို့ပဲပေါ့ .."

ကျွန်တော် တည်တည်ငြိမ်ငြိမ်ပဲ နေမိပြန်သည်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ပြောစကားတွေကို မထရေစီ လည်း စိတ်ပါလက်ပါ ဝင်နားထောင်နေပါတယ် ..။

သက်ဝေ က ကျွန်တော့်ကို ငေးမောကြည့်ပြန်သည်။

"ကိုညို့ ဘဝ .. ကိုညို့ အကြောင်းကို ဆေးရုံက ဆရာ၊ ဆရာမတွေဆီကတစ်ဆင့် ပြန်ကြားရချိန်မှာ ကျွန်မ ထင်မြင်တဲ့ အမှားကို ကျွန်မ နောင်တပြန်ရမိတယ် ..၊ ပြီးတော့ .."

စကားတွေ ရပ်ဆိုင်းသွားတော့ ကျွန်တော် သက်ဝေ ကို ကြည့်မိသည်။

"အံ့ဩတယ် .."

သက်ဝေ ရဲ့နှုတ်ခမ်းက စကားကြောင့် မထရေစီ က ..

"အံ့ဩတယ် .. ဟုတ်လား သက်ဝေ .."

သက်ဝေ က ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ တစ်လုံးတစ်ပါဒမျှ မပြောမိသေး ..။ သက်ဝေ ကသာ ...

"ပွုပြင်းနေတဲ့ နေရောင်အောက်က လာခဲ့တဲ့သူဟာ မထင်မှတ်ဘဲ အရိပ်တစ်ခုအောက်ကို ဖြုန်းခနဲရောက်ရသလို အံ့သြဝမ်းသာ ထိတ်လန့်မှုမျိုး ..၊ တကယ်ပါ .. သက်ဝေ ကိုညို ကို လေးစားမိပါတယ်"

သက်ဝေ စကားဆုံးတော့ ပထမဆုံး မထရေစီ က စကားဝင်ပြောလာပါတယ် ..။

"သက်ဝေ တစ်နေ့က ပြောပြလို့ ညို အကြောင်းကို မမလဲ သိခဲ့ရတယ် ..၊ အဲဒါကြောင့်လဲ ကိုညို ကို တို့မောင်လေး တစ်ယောက်လို ခင်မင်မိတာပေါ့ .."

ကျွန်တော်တို့ ပြီးဆုံးတာကြာပြီဖြစ်တဲ့ ထမင်းစားခြင်း အလုပ်ကို ရပ်ဆိုင်းကာ စကားပြောကောင်းနေဆဲ ...

"ကျွန်တော် ဒီအလုပ်ကို ရွေးချယ်မိလို့ အခက်အခဲဖြစ်လာရင် နောင်တရမှာ မဟုတ်ဘူး ..၊ ကျွန်တော် အခု ရွေးချယ်ခဲ့တဲ့ ရွေးချယ်မှုဟာ ကျွန်တော့်ဘဝရဲ့ ဖြတ်သန်းလာတဲ့ သက်တမ်း တစ်ခုက အကိုင်း၊ အခက်အလက်၊ အသီးအပွင့်တွေပဲ ..၊ တကယ်





တော့ ဘဝဆိုတာ သစ်ပင်တစ်ပင်ပါပဲ ..၊ ကျွန်တော့်ဘဝက သစ်ပင်တစ်ပင်ဆိုရင် ကန္တာရတစ်ဖက် ကမ်းပါးတစ်ဖက် အလယ်မှာ ပေါက်နေတဲ့ သစ်ပင်လို့ အမည်ပေးရမှာ ..၊ ကုပ်တွယ်ထားတဲ့ သစ်မြစ်တွေဟာ ယုံကြည်လေးနက်တဲ့ စေတနာ တရားတစ်ခုပဲ ..၊ ကျွန်တော် ဖြန့်ချထားတဲ့ သစ်ကိုင်းသစ်ခက် တွေ အရိပ်အာဝါသအောက်မှာ သူတို့ လာနားဖို့ .. သူတို့လေး တွေဟာ ကျွန်တော့်ရဲ့ ပန်းပွင့်တွေလဲ ဖြစ်နိုင်ပါတယ် ..၊ သေချာတာ တစ်ခုကတော့ .."

အမျိုးသမီးနှစ်ယောက်က ကျွန်တော့်စကားရဲ့ အဆုံးသတ်ကို စောင့်မျှော်နေကြသည်။

"သက်တမ်းတစ်ခုအတွင်းမှာ ကျွန်တော် ရပ်တည်နေရပေမယ့် ကျွန်တော် ပြိုလဲလို့ ရေစီးထဲမျောပါခဲ့ရင် ကျွန်တော် သီးပေးခဲ့တဲ့ ကရုဏာသီးတွေ ကမ္ဘာမြေပေါ် ကျန်နေခဲ့ပါလားလို့ ကျွန်တော် မရှိတဲ့အချိန်မှာတောင် ကျွန်တော် ကျေနပ်ချင်တယ် .."

ကျွန်တော့်ရင်တွေ မောဟိုက်ကျန်ရစ်ခဲ့သလိုပဲ ..။ သူမတို့ လည်း ငြိမ်သက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းတစ်ခုရဲ့ ပဏာမတီးလုံး ခင်းကျင်း စီရင်ထားသလို အခန်းတစ်ခုလုံး ဒေါသနှင့် လင်းဝေနေ၏။

အညိုရောင်မှန်ကနေ အပြင်ကို ငေးနေရာမှ ဒရိုင်ဘာ ကိုခင်ထွေး ဘက် လှည့်ရင်ဆိုင်သည်။

မျက်လုံးမျက်သားထဲမှာ မကျေနပ်ချက်တွေ ထုတ်လွှတ်နေသည်လို့ ထင်စရာကောင်းသည်။

"ခင်ဗျား ကျုပ်အကြောင်းကို သိတယ်နော် ကိုခင်ထွေး .."

ကိုခင်ထွေး ခေါင်းညိတ်ရင်း ခေါင်းငုံ့သွားခဲ့သည်။

"ခင်ဗျားလုပ်ခဲ့တဲ့ ပြစ်ချက်က ကျုပ်အတွက် ဘယ်လောက်ကသိကအောက် ဖြစ်စေလဲ ခင်ဗျား သိလား .."





ဒေါသကြီးလွန်းတဲ့ ပုဂ္ဂိုလ်ကြီးကို ကျွန်တော် ငေးကြည့်နေမိသည်။

ကိုခင်ထွေး က ကျွန်တော့်ကို မရဲတရဲကြည့်ရင်း ...

"ကျွန်တော်လဲ ကားတားတဲ့ အမျိုးသမီးကို ပြောပါသေးတယ်..၊ ဒါပေမယ့် အမျိုးသမီးက အဖော်လည်း မပါ .. မွေးဖွားဖို့ အချိန် တော်တော်နီးကပ်နေတာနဲ့ ကျွန်တော် .."

"တော် .."

တားမြစ်သံ စကားတစ်လုံးသည် ကုမ္ပဏီရုံးခန်းတစ်ခုလုံး ဟိန်းထွက် ဆူညံနေသည်။

အပြင်က ဝန်ထမ်းတချို့သည် အဖြစ်အပျက်ရဲ့ သတင်းကို အပေါက်ဝမှ မယောင်မလည်ရပ်ရင်း နားစွင့်နေကြတာ ကျွန်တော် သိသည်။

"သူ့ဘာသာ ကလေးမွေးချင်တာနဲ့ ငါ့ကားနဲ့ ဘာဆိုင်လဲ ခင်ထွေး .. မင်း လုပ်ရမှာက ငါ့ကို လာကြိုရမှာ ..၊ တောက်!.. သူတို့ဘာသာ မနေနိုင်မထိုင်နိုင်လို့ ကလေးမွေးတာ ငွေကိစ္စ မဟုတ်ဘူး .."

"ဆေးရုံရောက်တော့ အချိန်မီရုံလေးတင်လို့ ဆရာဝန်က



www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ် .. ကျွန်တော်လဲ လူမှုရေး ..”

“ခင်ထွေး ..”

အထွန့်တက်နေတဲ့ စကားတစ်ခွန်းကို အသံတစ်ခုက ပိတ်ဆို့ တားဆီးပြန်သည်။

ရဲတက်နေသော မျက်နှာတစ်ခုလုံးဟာ ဒေါသပဲ ထင်ပါရဲ့..။

“လာပြန်ပြီ လူမှုရေး .. မင်း ငါ့ရှေ့မှာ အဲဒီစကား လာမပြောနဲ့ ..”

“အစ်ကို ..”

တစ်ချိန်လုံး ငြိမ်သက်နေတဲ့ ကျွန်တော့်နှုတ်က စကားကြောင့် ကိုမင်းခေါင် လှည့်ကြည့်သည်။ သူ့မျက်နှာက ဘာလဲဆိုတဲ့ မေးခွန်းအရိပ်တွေ ထင်ဟပ်နေသည်။

“ကိုယ်ဝန်ဆောင်အမျိုးသမီး ကားတားတော့ ကိုခင်ထွေး နဲ့အတူ ကျွန်တော် ရှိနေပါတယ် ..၊ ဘဏ်ကထုတ်ရမယ့် ငွေအတွက် ကျွန်တော် လမ်းကြုံလို့ ကိုခင်ထွေး နဲ့အတူ လိုက်ခဲ့တာပါ ..”

အခုထက်ထိ ကိုမင်းခေါင် ကျွန်တော့်ရဲ့စကားကို သဘောမပေါက်မိသေး ..။





“မင်း ပြောချင်တာက ..”

ဦးတည်ရာလမ်းကြောင်းခင်းပေးတဲ့ စကားအပေါ် ကျွန်တော်က ...

“အဲဒီအမျိုးသမီးရဲ့ အခက်အခဲကို ဖြေရှင်းဖို့ ကိုခင်ထွေး ကိုကားသုံးဖို့ ကျွန်တော်ပဲ ခိုင်းခဲ့တာပါ ..”

“ကိုညီ ..”

ကိုခင်ထွေး ကို မကြည့်ဘဲ လက်ကာပြရင်း စကားတွေကို ထပ်ပြောမိနေဆဲ ...

“အခုဖြစ်တဲ့ကိစ္စအတွက် ကိုခင်ထွေး မှာ အပြစ်မရှိပါဘူး..၊ အပြစ်ရှိမယ်ဆိုရင် မန်နေဂျာဖြစ်တဲ့ ကျွန်တော့်မှာ တာဝန်ရှိပါတယ် ..”

ကျွန်တော့်စကား အဆုံးသတ်မှာ အားလုံး တိတ်ဆိတ် ငြိမ်သက်သွားကြသည်။

ကိုမင်းခေါင် က ကျွန်တော့်ကို စူးစူးရဲရဲကြည့်သည်။ အတော်ကြာမှ ...

“ဒီတစ်ကြိမ် ဒီတစ်ခါတော့ ငါ ခွင့်လွှတ်လိုက်မယ် ..၊ တစ်ခုတော့ ရှိတယ် .. မင်းရဲ့ သုံးလတာ မန်နေဂျာရာထူးမှာ အောင်



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်အတွက် .. အခု ပြဿနာဟာ မင်းအတွက် မိုင်းနက်(စ်) ဝမ်းပဲ ..၊ ကဲ .. မင်းတို့ သွားလို့ရပြီ .."

ကျွန်တော်နဲ့ ကိုခင်ထွေး အခန်းထဲမှ ထွက်လာကြသည်။ အပြင်က မထရေစီ အပါအဝင် အားလုံးက သူတို့ကို စောင့်မျှော်ရင်း သတင်း သိချင်နေကြသည်။

အခန်းတံခါးကို ပိတ်ပိတ်ချင်း ကိုခင်ထွေး က ...

"ကိုညီ မသိခဲ့တဲ့ကိစ္စတစ်ခုအပေါ် ကိုညီ ဘာဖြစ်လို့ ခေါင်းဝင်ခံရတာလဲ ကိုညီ ရယ် .."

သက်ဝေ တို့ ၊ မထရေစီ တို့၊ ကိုတင့်လွင် တို့ ကလည်း ကျွန်တော် ပြောလာမယ့်စကားကို နားစွင့်နေကြသည်။

"မဟုတ်တာဗျာ .. ကျွန်တော်က ကုမ္ပဏီရဲ့ ခဏတာ မန်နေဂျာလေ ..၊ ခေါင်းဆောင်တစ်ယောက်ဆိုတာ လက်အောက်ငယ်သားအပေါ် ငဲ့ညှာရမယ့်စိတ်ဓာတ် ရှိရမယ် .. ကျင့်ဝတ်ရှိရမယ်လေ ..၊ အခု ကိုခင်ထွေး လုပ်ခဲ့တာ အသက်နှစ်ချောင်းကို ကယ်ခဲ့တဲ့ မှန်မြတ်တဲ့လုပ်ရပ် ..၊ ကိုမင်းခေါင် ရဲ့ဒေါသဟာ အစ်ကို ကယ်တင်လိုက်တဲ့ပီတိနဲ့ ကျွန်တော် လဲလှယ်ခွင့်ရလို့ ကျွန်တော် ကျေနပ်တယ် .."





ကျွန်တော့်စကားကြောင့် အားလုံးက ကျေနပ်ကြဟန်ရှိသည်။ သက်ဝေ က ဝေ့ဝဲနေတဲ့ ပီတိမျက်ရည်ကြည်နဲ့ ကျွန်တော့်ကို ပြုံးပြသည်။ မထရေစီ ကတော့ ...

"သူ့ရဲ့စိတ်ဓာတ်တွေ ပြုပြင်ဖို့ တော်တော်ခက်ခဲဦးမှာပဲ ငါ့မောင် ..၊ သူ့နှလုံးသားတွေ ပူနွေးလာအောင် .. ခံစားတတ်လာအောင် ဘုရားသခင်က ဖန်တီးပေးမှာပါ ..၊ အဲဒီအခါကျရင် .."

မထရေစီ အဆုံးမသတ်စကားအပေါ် ကိုတင့်လွင် ကလည်း...

"ဟုတ်တယ် .. အကျိုးအကြောင်း တိုက်ဆိုင်လာတဲ့ အခါကျရင် ဒီလူ တန်ဖိုးကြီးကြီး ပေးဆပ်ရလိမ့်မယ် ..၊ အဲဒီအခါကျရင် ဒီလူ ငါတို့ထက် ပိုခံစားရလိမ့်မယ်လို့ ငါထင်တယ် ကိုညီ.."

ကျွန်တော် ခေါင်းညိတ်ပြလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်

ရင်ဘတ်ပွင့်ပြီး

ရှိသမျှအားနဲ့ စီးဆင်းလိုက်ရတယ် ..

မြူးလွှားနေတဲ့ သီချင်းသံ ..

ကြေကွဲ အလျှံစီးကြောင်း ...။







**ဆိုင်**ထဲက ထွက်ထွက်ချင်း ပလက်ဖောင်းတစ်လျှောက် အနည်းငယ်လျှောက်နေရင်း လမ်းဘေး လိမ္မော်သီးရောင်းတဲ့ ဆိုင်တန်းတွေရှေ့ အရောက် ...

"ဘယ်လိုရောင်းလဲ အစ်မ .."

လိမ္မော်သီးရောင်းတဲ့ မိန်းမကြီးက ဆယ်လုံးဈေးပြောတာကြောင့် ဆောင်းရိပ် က ဘေးလွယ်အိတ်ထဲက သူမရဲ့ ပိုက်ဆံအိတ်ကို အထုတ် ..၊

"ဟင်!..."

ဆောင်းရိပ် ရဲ့ ပိုက်ဆံအိတ်အသေး ထည့်ထားတဲ့ အိတ်အဖုံးဇစ်က ပွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလည်း ကမန်းကတန်း ဘေးဘီလှည့်အကြည့် သူမ မျက်မှောင်ကြုတ်မိသည်။

သူမနဲ့ မလှမ်းမကမ်းမှာ ဟိုလူ ..၊ ဟုတ်ပါတယ် .. အဲဒီလူမှ အဲဒီလူပါပဲ ..။ သူမ မှားနိုင်စရာ အကြောင်းမရှိပါ ..။

"ခါးပိုက်နှိုက် .."

"ဘယ်မှာလဲ သမီး .."

လိမ္မော်သီးရောင်းတဲ့ အဒေါ်ကြီးက သူမရဲ့ နှုတ်ထွက်စကားတိုးတိုးကို ကြားပုံရတယ် ..။ သူမကလည်း ...

"အဲဒီလူပဲ အဒေါ် .. တစ်ခါ စတိုးဆိုင်မှာ ..၊ အခုတစ်ခါ ကျွန်မ ပိုက်ဆံအိတ် ပျောက်ရပြန်ပြီ ..၊ ဟုတ်ပါတယ် .. ဒီလူယူတာပါ .."

အဒေါ်ကြီးက သူမစကားကို ယုံကြည်ပုံရတယ်။ အတင်းချက်ချင်း ထအော်ပါတယ်။

"ဒီမှာ ခါးပိုက်နှိုက်ခံရလို့ရှင့် ,, ခါးပိုက်နှိုက် .."

အဒေါ်ကြီးရဲ့ အော်သံကြောင့် ပတ်ဝန်းကျင်က လှုပ်လှုပ်ရွရွဖြစ်ကုန်ကြပါတယ်။

"ဘယ်မှာလဲ .."





"ချကွာ .."

"ဟိုမှာရှင့် .."

"ဟော့ကောင်တွေ .. အလစ်သမားကို အလွတ်မပေးနဲ့ .."

ဘေးအနီးက ဈေးရောင်းသူတွေနဲ့ လမ်းသွားလမ်းလာတချို့ဟာ ဆောင်းရိပ် ညွှန်ပြရာကို လက်ညှိုးထိုးပြရုံနှင့် ကုပ်ပိုးက အကျီစကို ဆွဲသူ ဆွဲ .. ထိုးသူက ထိုးနဲ့ ဝုန်းဒိုင်းကြဲသွားသည်။

ရုတ်တရက်မို့ ဟိုလူက ဘာမှ လုပ်ချိန်မရလိုက် ..၊ ပလက်ဖောင်းပေါ်မှာ လူးလှိမ့်နေသည်။ လူတစ်ယောက်ရဲ့ ရိုက်ချက်က ၊`လူရဲ့ချိုစောင်းက သွေးကို စီးကျစေသည်။

"ဟော့ .. ဟော့ .. တော်ကြတော့ .. လက်လွန်ကုန်မယ် .."

"ဟုတ်တယ် ..၊ ဟိုမှာ သက်ဆိုင်ရာက လူတွေလာနေပြီ.. မင်းတို့ အလွန်အကျွံ မလုပ်ကြနဲ့တော့ .."

အသိဉာဏ်ရှိသော လူကြီးတချို့ရဲ့ တားမြစ်စကားသံတွေကြောင့် လူရှဲသွားကြသည်။ အနီးအနားမှာရှိသော တာဝန်ကျရဲဝန်ထမ်းတွေက လူအုပ်ထဲရောက်လာကာ ခြေလွန်လက်လွန်မဖြစ်စေရန် တားပါသည်။

အရာရှိ ရဲဝန်ထမ်းတစ်ယောက်က သူမကို စစ်မျက်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ အဒေါ်ကြီးက ဖြစ်သမျှအကြောင်းစုံကို ရှင်းပြသည်။ ပြီးတော့ သူမက ဆရာဝန်တစ်ယောက်ဖြစ်ကြောင်း ဝန်ထမ်းကတ်ကို ထုတ်ပြရင်း ဂျူတီချိန် နီးနေတာကြောင့် နောက်မှ စခန်းသို့ လိုက်လာခဲ့ပါမယ်လို့ပြောကာ ဆေးရုံသို့ သွားခဲ့ရသည်။

သူမ ဆေးရုံသို့ ကားကိုမောင်းနှင်လာရင်း အတွေး၌ အဖြစ်အပျက်တို့က ဖျောက်ဖျက်မရ ..။

ထိုသူရဲ့ အံ့အားသင့်ဟန် ..၊

အရိုက်ခံရတဲ့ တုတ်ချောင်းအောက်က မျက်နှာပေါ်မှ သွေးတွေစီးဆင်းလာရင်း သူမကို စိုက်ကြည့်ပုံ ..၊

သူမ ဘယ်လိုကနေဘယ်လို စိတ်မဲ့ကိုယ်မဲ့ ဆေးရုံထိ ကားမောင်းလာမှန်း မသိခဲ့ပါ ..။





"ရှင်!..."

ရုတ်တရက် အငိုက်မိသွားတဲ့ သားကောင်လို စခန်းမှူးရဲ့ စကားက သူမကို အံ့အားသင့်စေခဲ့ပါသည်။ စခန်းမှူးက ...

"ဟုတ်တယ် သမီး .. သမီးရဲ့ ပိုက်ဆံအိတ်က သမီးမေ့ပြီး စတိုးဆိုင်မှာ ကျန်ခဲ့တာလေ ..၊ သမီးတို့ ပြဿနာဖြစ်ပြီးမှ စတိုးဆိုင်က ပိုက်ဆံအိတ် ပျောက်တာကြောင့် ဖြစ်ရတယ်ဆိုတာ သိကြတာ ..၊ အဲဒါကြောင့် စခန်းကို စတိုးဆိုင်က ဝန်ထမ်းတစ်ယောက် လာအပ်သွားတာ၊ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်တော့ သမီးရဲ့လိပ်စာကဒ်ကို တွေ့တာနဲ့ ဆေးရုံကို လှမ်းအကြောင်းကြားလိုက်ရတာ .."

"ဒါ .. ဒါဆို .. .."



www.burmeseclassic.com

www.burmeseclassic.com



တုံ့ဆိုင်းဆိုင်းဖြစ်နေတဲ့ သူမရဲ့ မေးခွန်းဆန်တဲ့စကားကြောင့် စခန်းမှူးက ပြုံးရင်း ...

"သမီးရဲ့ မဆင်မခြင်လုပ်မှုတစ်ခုက လူတစ်ယောက်ကို အသက်အန္တရာယ်ရှိစေနိုင်တဲ့အထိ ဖြစ်သွားခဲ့ရတယ် သမီး ..၊ သံသယဆိုတာ ရင်ထဲမှာ မထားကောင်းဘူး .. လူတစ်ယောက်ကို လဲ သမီး သံသယနဲ့ အမြဲမကြည့်မိအောင် သတိထားမှပေါ့"

သူမ ငိုင်တွေသွားရသည်။

"အပိုင်နယ်ထိန်းပြောပြလို့ သမီးဆီက စစ်ချက်ယူတုန်းက ပြောခဲ့ဖူးတဲ့ စကားကိုလည်း အန်ကယ်လ် သိခဲ့ရပါတယ်..၊ ပထမ ပြဿနာဖြစ်ခဲ့တုန်းက မတော်တဆရော မဖြစ်နိုင်ဘူးလား သမီး .."

သူမ တုံ့ပြန်ရန် ခွန်အားမဲ့စေခဲ့သည်။

"အခု သူ ဘယ်မှာလဲ အန်ကယ်လ် .."

စခန်းမှူးက ...

"သူ ဆေးရုံမှာ ..၊ လေးချက်တောင့် ချုပ်ခဲ့ရတယ် .."

"သမီး သွားတောင်းပန်ပါ့မယ် အန်ကယ်လ် .."

စခန်းမှူးက သက်ပြင်းချသည်။





"ကောင်လေးက ဦးကို ပြောတယ် .. အမှုလဲ မဖွင့်ပါဘူး တဲ့ ..၊ တကယ်လို့ သမီး လာမေးလဲ မလိုအပ်တော့ဘူးလို့ ပြော ပေးပါတဲ့ .."

"ရှင်!..."

သူမ အံ့အားသင့်သွားရသည်။ စခန်းမှူးက သူမကို ကရုဏာ သက်ဟန်နှင့် ကြည့်ရင်း ...

"အန်ကယ်တို့က ကာယကံရှင်ရဲ့ ဆန္ဒအတိုင်း သူ့ကို သမီး တွေ့ဖို့ မဖြစ်နိုင်တာ ခွင့်လွှတ်ပါကွယ် .."

သူမ သက်ပြင်းချမိသည်။

ပထမဦးဆုံးအကြိမ် သူမရဲ့ အမြဲတမ်း ရဲရင့်သည်ဟု ထင်ရ တဲ့ စိတ်ဓာတ်တွေ ခေါင်းမဖော်ဝံ့တော့ ..။



www.burmeseclassic.com

www.burmeseclassic.com



“အစ်ကို ဘယ်တုန်းက ရောက်လဲ ..”

“မနက်ကမှ ရောက်တယ် ကိုညီ”

ကပ္ပဏီက ရောက်ရောက်ချင်း သူ ရေမိုးချိုး အဝတ်အစားလဲပြီး ခြံထဲဆင်းအလာ ဘေးခြံက ကိုစောလွင် သူတို့ခြံဝင်းထဲက ရပ်ငေးနေတာတွေ့တော့ သူ လှမ်းမေးခြင်းဖြစ်သည်။

“လာကွာ .. ကိုညီ .. စကား အေးအေးဆေးဆေး ပြောတာပေါ့”

ကျွန်တော် ခေါင်းညိတ်ပြမိသည်။

ကိုစောလွင် က ကျွန်တော့်ခေါင်းမှာ စည်းထားတဲ့ ပတ်တီးကို မြင်တော့ ...

“မင်း ဘာဖြစ်တာလဲ ကိုညီ ..”





ကျွန်တော်က အရေးမထားဟန် ခပ်ပေါ့ပေါ့ပင် ..။

“ဒီလိုပါပဲ .. မတော်တဆ ဖြစ်တာပါ အစ်ကို ..”

“အေး .. အေး .. ဒါဆိုလဲ မပေါ့နဲ့ဦး ..”

“ဟုတ်ကဲ့ အစ်ကို”

သူ ခြံနှစ်ခြံ ဆက်သွယ်ထားတဲ့ သစ်သားတံခါးကို ဖွင့်ပြီး ဘေးခြံသို့ ကူးသည်။

ကိုစောလွင် က မိုးမခပင်ခြေရင်းက ကွပ်ပျစ်မှာ ရေနွေးကြမ်းတစ်အိုးနဲ့ သူ့ကို အသင့်ကြိုသည်။

သူလည်း ဝင်ထိုင်ထိုင်ချင်း ...

“အတော်ပဲ .. ကျွန်တော်လဲ အစ်ကို့ကို မျှော်နေတာ ..”

“ကိစ္စရှိလို့လား ..”

ကျွန်တော် ခေါင်းညိတ်ပြမိသည်။ ပြီးတော့ ...

“အစ်မလဲ မမြင်ပါလား ..”

ကိုစောလွင် က သူတို့ တစ်ထပ်တိုက်ပုလေးဆီသို့ မေးဆတ်ပြရင်း ...

“မင်းလာမယ်ဆိုလို့ ပင်လယ်စာတွေ သွားပြင်ဆင်နေတယ်”

“အစ်ကို ဒီတစ်ခေါက် ကြာတယ်နော် ..”



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ပြန်လာတော့ စက်လှေဒေါက်တင်တဲ့ကိစ္စတွေ သူ့ဌေးခိုင်းနေတာနဲ့ အချိန်ပိုကြာသွားတာ .. နောက်ပြီး ဒီအရိပ်ကို ငါ ဒီလအတွင်း ပြန်မလာချင်ဘူး .."

"ဘာဖြစ်လို့လဲ အစ်ကို .."

ထပ်ဆက်[illegible]ယ့်စကားကို ကိုစောလွင် က ပြောရမှာ တုံ့ဆိုင်းနေဟန် ရှိသ[illegible] သက်ပြင်းတစ်ခုကို ပူပူလောင်လောင် မှုတ်ထုတ်ရင်း ကိုစေ[illegible]င် က ...

"အခုလာမယ့် ကိုးရက်နေ့မှာ ဖိုးသား နှစ်နှစ်ပြည့်ပြီလေ"

"ကျွန်တော် သိပါတယ် အစ်ကို .."

ကျွန်တော်တို့နှစ်ယောက် အတွေးကိုယ်စီနှင့် နာကျင်နေကြသည်။ သူတို့ထိုင်နေရာသို့ ကလေးငယ် ရင်ခွင်ပိုက်ကာ တစ်ဖက်က ပန်းကန်တစ်ချပ်ကို ကိုင်လာတဲ့ မနော် ကို ကိုစောလွင် က ငေးကြည့်ရင်း ...

"ဖိုးသား က သူလိုချင်တဲ့ ညီမလေးတစ်ယောက် မွေးဖွားတာသိရင် တော်တော်ကျေနပ်မှာ .."

ကျွန်တော့်ရင်ထဲ ဆို့နင့်သွားရသည်။

မျက်ဝန်းကိုမှိတ်တော့ ပုံရိပ်တွေက ဖျတ်ခနဲ .. ဖျတ်ခနဲ..။





လက်ကမ်းပေးတဲ့ သူ့ရဲ့လက်ထဲက နှင်းဆီဖြူတစ်ပွင့် ..။

စကားသံ တစ်ခွန်း ..။

"ဖေဖေ မေမေတို့ ကျွန်တော့်အစား .."

"ကိုညီ ရောက်နေပြီကိုး .. မင်းအစ်ကိုက မင်းကုမ္ပဏီက ပြန်လာရင် ပယ်လယ်စာတွေ ကျွေးချင်တယ်ဆိုလို့ မနော် ကို ကြော်ခိုင်းနေတာနဲ့ ကိုညီ ရောက်တာတောင် မသိလိုက်ဘူး .."

ကြွပ်ရွနေတဲ့ ပယ်လယ်ငါးခြောက်သေးသေးလေးတွေ၏ ရနံ့သည် မွှေးပျံ့နေ၏။

"စား .. ကိုညီ .. ညကျမှ ငါးမုန့်ခြောက်တွေ ငါ လာပို့ပေးမယ် .."

"ဟေး .. ကိုစော ဘယ်တုန်းကရောက်လဲ .."

ကျွန်တော့်ခြံဘက်ကနေ သက်မြိုင် က လှမ်းအော်နှုတ်ဆက်ရင်း ဒီဘက်ကို ကူးလာသည်။ အနားရောက်တော့ ကျွန်တော့်ဘေးမှာ ဝင်ထိုင်ရင်း ...

"မင်းရဲ့ခေါင်းက ဘာဖြစ်တာလဲ ညီ .."

ကျွန်တော်က ပတ်တီးစည်းထားတဲ့ ခေါင်းကို ခပ်ဖွဖွစမ်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မတော်တဆပါ သက်မြိုင် ရာ .."

သက်မြိုင် က ကျွန်တော့်ကို ခပ်ထေ့ထေ့ ပြုံးကြည့်ရင်း...

"မင်းက ဆရာဝန်တစ်ယောက်ကိုတောင် ဘာဖြစ်လို့ လှည့်ပတ်ပြီး ညာချင်ရတာလဲကွာ ..၊ မင်းခေါင်းက ပတ်တီးစည်းထားတာကို ကြည့်ကတည်းက ဒါ မတော်တဆ မဟုတ်ဘူးဆိုတာ ငါ သိပါတယ်..၊ ငါ့ကို ကိုလွင်စိုး ပြောသွားတယ်.. ဖိုးညီ အရိုက်ခံရလို့ သူကိုယ်တိုင် ချုပ်ပေးလိုက်ရတယ်လို့ ငါ့ကို ပြောတယ်"

သက်မြိုင် စကားကြောင့် ကိုစောလွင် ကလည်း ...

"ငါ မေးပါသေးတယ် မောင်သက် ရာ .. မင်းသူငယ်ချင်းက ခပ်ပေါ့ပေါ့ပြောတော့ ငါလဲ မတော်တဆ ထိခိုက်မိတာပဲ ထင်တာပေါ့ .."

မနော် ကလည်း ...

"ညီ ရယ် .. မသေကောင်း မပျောက်ကောင်း .."

"ငါ နယ်ထိန်း ကိုစိုးကြီး နဲ့ တွေ့ပြီးပါပြီ ..၊ မင်းအကြောင်းတွေ ငါ သိခဲ့ပြီးပြီ ညီ .. မင်း ငါတို့ကို ဘာဖြစ်လို့ မပြောတာလဲ"

ကျွန်တော်က ခပ်ဖွဖွရယ်မောရင်း ..

"စကားမစပ်မိလို့ပါကွာ .."





"မင်းနဲ့ ပြဿနာဖြစ်တဲ့ အဲဒီကောင်မလေး ဘယ်သူလဲဆိုတာ မင်း သိလား ညီ .."

"ငါ ဘယ်သိမှာလဲ .."

ကျွန်တော့်စကားကြောင့် သက်မြိုင် က ကျွန်တော့်ကို သေချာစိုက်ကြည့်ရင်း ...

"မင်းနဲ့ အမြဲပြဿနာဖြစ်တဲ့ ကောင်မလေးနာမည်က ဆောင်းရိပ်ဖြူ တဲ့ .."

"ဆောင်း ရိပ် ဖြူ .."

ကျွန်တော့်နှုတ်ခမ်းက ခပ်ဖွဖွ ရေရွတ်သံဟာ ရင်ထဲအထိ စီးဆင်းသွားတယ် ..။ အဲဒီ အမည်သတ်မှတ်ချက်တစ်ခုဟာ စမ်းချောင်းငယ်တစ်ခုအဖြစ် ရင်ထဲကို စီးဆင်းခဲ့တာ အံ့ဩစရာ ..။

ကိုစောလွင် နဲ့ မနော် က ဂရုပြုမိဟန် မရှိပေမယ့် သက်မြိုင် က အရင်းနှီးဆုံး သူငယ်ချင်းပီပီ သူ့ရဲ့မျက်ဝန်းတွေကို သတိထားကြည့်မိသည်။

"နောက်ထပ်တစ်ခုကို မင်း သိခဲ့ရင် ပိုပြီး အံ့ဩမှာ ညီ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်မြိုင် ကို ဖျတ်ခနဲ ကြည့်မိပြန်သည်။

"ဆောင်းရိပ်ဖြူ ဟာ ငါနဲ့ စီနီယာ တစ်နှစ်တည်း ကျတယ်၊ အရင်းနှီးဆုံး မဟုတ်ပေမယ့် မျက်မှန်းတန်းမိရုံလောက်တော့ သိကြပါတယ်၊ ဒီကောင်မလေးက မာနကြီးတယ်လို့ ပြောရမှာလဲ အခက်ကွ ..၊ ကောင်မလေးက လူတွေနဲ့ အရောဝင်ဆက်ဆံမှုက နည်းတော့ နည်းနည်း တစ်မျိုးဖြစ်တာပေါ့ကွာ .."

ကျွန်တော့်လိုပဲ ကိုစောလွင် တို့ မနော် တို့လည်း စိတ်ဝင်စားဟန် ရှိသည်။

"ဆောင်းရိပ်ဖြူ ဟာ မင်းတို့ (CONER) ကုမ္ပဏီပိုင်ရှင် ကိုမင်းခေါင် ရဲ့ညီမဆိုတာ မင်း သိလား ညီ .."

"ဘယ်လို!..."





ကျွန်တော့်ရဲ့ အံ့ဩမှုဟာ လေအလျှင်လိုပါပဲ ..။

"ဟုတ်တယ် .. ငါတို့ဆေးကျောင်းတက်ထဲက ကိုမင်းခေါင် လာလာကြိုတာ သတိထားမိပါတယ် ..၊ လူနဲ့ နာမည် တွဲပြီးတော့ ဘယ်သိမှာလဲ ..၊ ဟိုတစ်နေ့ကမှ ဆောင်းရိပ်ဖြူ ရဲ့ သူငယ်ချင်း တစ်ယောက်ဆီက မင်းနဲ့ပြဿနာဖြစ်ခဲ့တာတွေ ငါ သိခဲ့ရတာ.."

ကျွန်တော် သက်ပြင်းချမိသည်။ အဲဒါ ဘာကြောင့်လဲတော့ မသိခဲ့ ..၊ အင်းလေ .. ဆောင်းရိပ်ဖြူ ရဲ့ ဆက်ဆံပုံ ..။ သူမရဲ့ အတ္တကို ကျွန်တော် ကိုမင်းခေါင် နဲ့ တွဲဖက်မြင်မိတော့ မအံ့ဩ ချင်တော့ ..။

တကယ်တော့ နူးညံ့မယ်ထင်ရတဲ့ မိန်းကလေးတစ်ယောက် ဟာ လေပြည်လို ညင်သာမယ်လို့ ထင်စရာ ဖြစ်ခဲ့ပေမယ့် .. အေးစက်ခြောက်သွေ့တဲ့ လေပြည်ဖြစ်မှန်း သတိထား သိလာခဲ့ရ တယ် ..။



www.burmeseclassic.com

ကျွန်တော်နဲ့ ကိုမင်းခေါင် ရဲ့အလယ်မှာ ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်ဘက်က ဈေးကွက်နဲ့ သက်ဆိုင်တဲ့ ရီပို့တွေက ဖက်(စ်)က ထုတ်ယူထားတဲ့အတိုင်း ..။

သက်ဆိုင်ရာ ကမ်းရိုးတန်းရုံးခွဲတွေ မော်လမြိုင်နဲ့ အခြားမြို့တွေက အကြံပြုစာနဲ့ အစီရင်ခံစာတွေဟာ ရှုပ်ပွပြန့်ကြဲလျက်..၊

ကျွန်တော်ကလည်း ငြိမ်သက် ..၊ ကိုမင်းခေါင် ကလည်း လက်နှစ်ဖက်ကို စားပွဲပေါ်ထောက်တင်ရင်း ခေါင်းက ဆံပင်တွေကို ထိုးဖွ ဆုပ်ကိုင်ထားသည်။ ငြိမ်သက်နေရင်းက ...

"ကိုယ်တို့ ကုမ္ပဏီက အင်ဂျင်တွေရဲ့ ဈေးကွက်အခြေအနေက တော်တော်လေးကို အခြေအနေဆိုးစ ပြုနေပြီ .."

ကျွန်တော်က သူ့စကားအပေါ်ကို ယခုလို မှတ်ချက်ပြုပါတယ် ..။





"အခြေအနေဆိုးတာ မဟုတ်ဘူး အစ်ကို .. အခြေအနေမကောင်းတော့တာ ..၊ တစ်နည်းအားဖြင့် ပြောရရင် နာမည်ပျက်နေပြီ အစ်ကို .."

ကိုမင်းခေါင် က မျက်ခုံးတွန့်ကာ သူ့ကို ကြည့်သည်။

"နယ်ကုမ္ပဏီတွေရဲ့ အစီရင်ခံစာထဲမှာရော .. ကာစတန်မာတွေဆီက ကုမ္ပဏီကို တိုက်ရိုက်အကြံပြုစာထဲမှာ အခု ကျွန်တော်တို့ထုတ်တဲ့ အင်ဂျင်ရဲ့ အားနည်းချက်တွေက တော်တော်လေးကို ဆိုးရွားနေတာကို တွေ့ရတယ် .."

ကိုမင်းခေါင် တစ်ခုခုကို တွေးဆရင်း ခေါင်းညိတ်သည်။

"ဒါဆို ကိုယ်တို့ အခု အင်ဂျင်တင်သွင်းလာတဲ့ တစ်ဖက်က ကုမ္ပဏီနဲ့ အခုကိစ္စတွေအတွက် စကားပြောရလိမ့်မယ် .."

ကျွန်တော် ပြန်မပြောဘဲ ငြိမ်သက်နေမိ၏။ ကိုမင်းခေါင်က သူ့ကို ကြည့်ရင်း ..

"ဒါဆို မင်း ဘာလုပ်မလဲ ကောင်လေး .."

ကျွန်တော်က ကိုမင်းခေါင် ကို ...

"ကျွန်တော်ဆိုရင် လက်ရှိတင်သွင်းနေတဲ့ အင်ဂျင်တွေကို ထပ်မသွင်းတော့ဘူး အစ်ကို ..၊ အခုဖြစ်နေတာက အင်ဂျင်ရဲ့ အပူ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အအေးစနစ်မှာ ပြဿနာတက်နေတာ ..၊ ဒီအမျိုးအစားနဲ့သာ ဆက်သွင်းနေရင် နာမည်ပျက်တဲ့အပြင် ကုမ္ပဏီပါ ဒေဝါလီ ခံရ လိမ့်မယ် အစ်ကို ..၊ ကျွန်တော် အင်ဂျင်ကို အခိကဖြန့်ဖြူးတဲ့ နောက်ပြီး အသုံးများတဲ့ မြို့တ်ဘက်အထိ သွားပြီး ပြဿနာကို စနည်းနာချင်တယ် ..၊ ပြီးတော့ .."

"ဘာများလဲ ဆက်ပြောလေ .."

"နောက်ထပ် ကုမ္ပဏီနဲ့ ဆက်သွယ်မှ ရတော့မယ် .."

ကိုမင်းခေါင် လေးလေးနက်နက် စဉ်းစားဟန် ရှိသည်။

"အေးလေ .. အပြောင်းအလဲတော့ လုပ်ရတော့မှာပေါ့ ..၊ ဒါနဲ့ မင်း ဘယ်နေ့သွားမလဲ .."

"ဒီရက်ပိုင်းအတွင်း သွားချင်တယ် အစ်ကို .."

"ကောင်းပြီ .. ဒါဆိုရင် မင်း ထရေစီ နဲ့ သက်ဝေ တို့နဲ့ ညှိနှိုင်းပြီး ငွေထုတ်ယူသွား .."

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ခေါင်းညိတ်ခြင်းနှင့်အတူ ကလေးတစ်ယောက်ရဲ့ပုံရိပ်ကို အလန့်တကြား မြင်ယောင်မိပြန်သည်။





**တိတ်**ဆိတ်ငြိမ်သက်ခြင်း ဝိညာဉ်မှာ ဝမ်းနည်းခြင်းကတိ စကားတွေ ကပ်ပါနေမယ့် မျက်ရည်ကို ထိန်းချုပ်မိဖို့ ကိုယ့်ရဲ့ ဝမ်းနည်းခြင်းကို ကလေးမသိစေဖို့ ကျွန်တော် တော်တော်ကြိုးစား ယူရသည်။

ကျွန်တော် ကလေးရဲ့နဖူးကို ငုံ့နမ်းရင်း စက္ကူငှက်ရုပ်လေး ကို ပေးလိုက်၏။ အားအင်ချိနဲ့နေတဲ့ အပြုံးဖြင့် ကျွန်တော့်ကို ကလေးက ဧည့်ခံရင်း နှစ်နှစ်သက်သက် စက္ကူငှက်ရုပ်လေးကို ယူသည်။

"မင်းရဲ့ဆန္ဒတွေ ပြည့်ဝစေရမှာပေါ့ ကလေးရယ် .."

ကျွန်တော့်စကားကြောင့် မပီမသ စကားသံလေး ..

"တကယ်လား .. ဦးဦးဂျိုကာ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်ပြသည်။

သူနဲ့ ကလေးကို ငေးကြည့်နေသော သက်မြိုင်၊ နိုင်စိုး၊ သက်ဝေ၊ ကလေးရဲ့ မိခင်နှင့်ဖခင် ကိုမင်းကျော်အောင် နဲ့ မနီနီချို တို့ရဲ့ သက်ပြင်းရှိုက်သံ ..၊ ကြေကွဲဝမ်းနည်းမှုတွေ ဤအခန်းလေးထဲမှာ ပျံ့နှံ့စိမ့်ထွက်နေမှာပါ ..။

ယခုအချိန်မှာ သူသိနေတာက သူ့ရဲ့အပြုံးတွေ သူ့ရဲ့နှစ်သိမ့်မှုတွေ ကလေး ယုံကြည်နေဖို့ပဲ ..။

မနီနီချို ရဲ့ ကြိတ်ငိုညည်းသံကို ကိုမင်းကျော်အောင် က ပခုံးဖက်ရင်း ခပ်တိုးတိုး နှစ်သိမ့်သည်။

"မငိုနဲ့လေ ချို .. မင်းငိုတော့ သား စိတ်ကောင်းမှာ မဟုတ်ဘူး .."

မနီနီချို က ခေါင်းညိတ်ရင်း မျက်ရည်သုတ်ကာ ငိုရှိုက်တဲ့အသံကို အတင်း ထိန်းသိမ်းနေရဟန် ရှိသည်။

မိခင်ဖြစ်သူရဲ့ အသံကို ကြားရပုံရသော လပြည့်လေး က..

"မေမေ မငိုနဲ့လေ .. သား နေကောင်းသွားမှာပါ .."

အသိဉာဏ်မဖွံ့ဖြိုးသေးတဲ့ ကလေးတစ်ယောက်ရဲ့ သိတတ်မှုဟာ ကျွန်တော် အပါအဝင် အားလုံးကို ရင်နင့်စေသည်။





ကျွန်တော်တို့ အခန်းအပြင်ထွက်တော့ မိခင်ဖြစ်သူက လပြည့်လေး အနီးမှာ ကျန်ရစ်ခဲ့သည်။

သူတို့ ကိုယ့်အတွေးနဲ့ကိုယ် ရပ်နေမိကြသည်။ တစ်ယောက်ယောက်က စကားစဖို့ ကျန်တဲ့သူက စောင့်ဆိုင်းနေကြသလို အချိန်မျိုးပေါ့ ..။

ကိုယ်တိုင်ရှုရှိုက်နေတဲ့လေကိုတောင် ပင်ပန်းကြီးစွာ လက်ခံထားရတဲ့ အချိန်ကာလ ..၊ သက်ဝေ ကတော့ မောပန်းလေးလံတဲ့ စကားတစ်ခွန်းနဲ့ အခုလို ပြောပါတယ်။

"လပြည့်လေး ဟာ သိပ်သနားဖို့ ကောင်းတယ်နော် ကိုညီ"

သူ ခေါင်းညိတ်ပြသည်။

"သက်မြိုင် .."

သက်မြိုင် က သူ့ခေါ်သံကြောင့် သူ့ကို ကြည့်သည်။

"ငါ နောက်ထပ် ဖြိုးဖြိုး တစ်ယောက်လို အချိန်နောက်မကျချင်ဘူး .."

သက်မြိုင် အံ့ဩဟန်ရှိသည်။ ပြီးတော့ သတိပြုမိပုံလည်း ရတယ် ..။

"ငါ ခရီးထွက်တာ မီမှမီပါ့မလား .. မသိပါဘူးကွာ .."



www.burmeseclassic.com

www.burmeseclassic.com



သက်မြိုင် က ကိုမင်းကျော်အောင် ကို မသိမသာကြည့်တော့ ကိုမင်းကျော်အောင် က သက်ပြင်းချရင်း ...

"ပွင့်ပွင့်လင်းလင်း ပြောပါ ကိုသက်မြိုင် .. ကျွန်တော့်သားရဲ့ အခြေအနေကို သိပါတယ် ..၊ ပြီးတော့ ..."

အသံတုန်ခါသွားရင်း စကားပြတ်သွားတော့ သူတို့ စိတ် မကောင်း ..၊

မိန်းမသားဖြစ်တဲ့ သက်ဝေ က ပိုထိခိုက်ဟန် ရှိသည်။ မျက်ရည်တွေ ဝေ့တက်နေ၏။

"သား စိတ်ကျေကျေနပ်နပ်နဲ့ ထွက်ခွာသွားရဖို့ အခုအချိန် က အရေးအကြီးဆုံးပါ ..၊ အဲဒီအတွက် ကျွန်တော် ကိုညီ့ ကို အားလဲကိုးတယ် ..၊ ကျေးဇူးလဲတင်တယ် .."

ကိုမင်းကျော်အောင် ရဲ့ စကားအဆုံးမှာ ...

"မင်း မီနိုင်ပါတယ် ညီ .."

"မီနိုင်တယ် ဟုတ်လား .. သက်မြိုင် .."

သက်မြိုင် က မကွယ်မဝှက် ပြောလာပါသည်။

"လပြည့် ရဲ့ အခြေအနေက ခန့်မှန်းလို့မရဘူး ညီ .. မင်း ရဲ့ကံ .. လပြည့် ရဲ့သက်တမ်း အချိန်ကိုက် တိုက်ဆိုင်ပါစေလို့ပဲ





ငါတို့ ဆုတောင်းပေးရမှာပဲ ..၊ သူလိုချင်တဲ့ဆန္ဒကို ဒီကလေး ဘယ်အခါမှ ထုတ်ပြောမှာလဲ .."

ကျွန်တော် မတ်တတ်ရပ်နေရာမှ အနီးဆုံးထိုင်ခုံသို့ အရုပ်ကြိုးပြတ် ထိုင်နေမိခဲ့သည်။

"နောက်ထပ် ဖြိုးဖြိုး တစ်ယောက် ဆန္ဒမပြည့်ဘဲနဲ့ ဒီလောက က ထွက်သွားရမှာနဲ့ ကြုံရဦးမယ်နဲ့ တူတယ် ..၊ အဲဒီလို မဖြစ်ပါ စေနဲ့လို့ ဆုတောင်းရဦးမှာပေါ့ .."

စကားအဆုံးမှာ ပင်ပန်းနွမ်းနယ်သွားတဲ့ ကိုယ့်နှလုံးသားကို ကိုယ်တိုင် သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးစဉ်တစ်လျှောက် ပြီးဆုံးခြင်းကို လေဆိပ်က ထွက်ထွက်ချင်း သိခဲ့ရသည်။ ကိုခင်ထွေး က သူ့ရဲ့အဝတ်အစားအိတ်ကို သယ်တော့ ...

"ရတယ် .. ကိုခင်ထွေး ကျွန်တော် သယ်ပါ့မယ် .."

"ဟာ .. မဟုတ်တာ ကိုညီ ရယ် ..၊ ဖယ် .. ဖယ် .. ကိုညီ ပင်ပန်းနေပြီ .."

ကိုခင်ထွေး က အတင်းအဓမ္မ လုသယ်တော့ ကျွန်တော် ဖယ်ပေးလိုက်ရပါတယ် ..။ အဲဒီအချိန်မှာ ကျွန်တော့်ဖုန်းက အသံမြည်လာတော့ ..၊

သူ ဖုန်းနံပါတ်ကိုကြည့်တော့ သက်မြိုင် ဆီက ဖုန်း ဖြစ်နေပါသည်။





"ဟယ်လို .. ပြော .. သက်မြိုင် .."

"ဟာ!... ဆက်လိုက်ရတာကွာ .. အခု မင်း ဘယ်မှာလဲ.."

"ငါ .. အခုမှ လေယာဉ်ဆိုက်တာကွ ..၊ ဆို .. ဘာကိစ္စလဲ.."

"လပြည့် .. အခြေအနေ မကောင်းဘူး .."

"ဟင်!..."

သူ့ ရင်တွေ ဆောင့်တက်မတတ် ..၊ ဒါ .. ဒါဆိုရင် ..၊

"အေး .. ကလေးကို နောက်ဆုံးအနေနဲ့ အော်ပရေးရှင်း လုပ်မလို့ ..၊ ကလေးက လက်မခံဘူး ငိုနေတယ် ..၊ ပြီးတော့ မင်းကို မျှော်နေပုံရတယ် သူငယ်ချင်း .."

"အေး .. ငါ အခုချက်ချင်း လာခဲ့မယ် .."

ဖုန်းကိုပိတ်ပြီး ကားဘေးမှာရပ်နေတဲ့ ကိုခင်ထွေး ကို အခုလို ပြောလိုက်ပါတယ်။

"ကိုခင်ထွေး ကျွန်တော် မောင်းမယ် .."

သူ့ အရေးတကြီး ဖြစ်နေပုံကြောင့် ကိုခင်ထွေး က သော့ လှမ်းပေးကာ ဘေးမှာ ဝင်ထိုင်ပါသည်။ ကားကို စက်နှိုးကာ မောင်းထွက်တော့ ကိုခင်ထွေး က ကမန်းကတန်း လက်ကိုင်ကို လှမ်းကိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားရဲ့ အမြန်နှုန်းက ကြောက်စရာကောင်းလှပါတယ်။ လေယာဉ်ကွင်းမှ ထွက်ထွက်ချင်း ဝီစီသံကို စတင်ကြားရပါပြီ..။

"ကိုညီ ယာဉ်ထိန်းရဲ့ ဝီစီမှုတ်ပြီး တားနေတယ် .."

ကျွန်တော်က ...

"တားလိုက်တော့ ကိုခင်ထွေး .. ပြီးမှ ကျွန်တော် ရှင်းတော့မယ် .."

ကျွန်တော့်စကားကြောင့် ကိုခင်ထွေး ထံမှ သက်ပြင်းသံကြားရပါသည်။ သူကတော့ ကားအရှိန် ပိုမြှင့်ရင်း တစ်စီးပြီး တစ်စီး ကျော်တက်ပါတယ်။ ဆဲသံ ဆိုသံတွေကို အခုအချိန်မှာ သူ ဂရုမစိုက်အား ..။ ဒီအချိန်မှာ သူ့အတွက် အရေးကြီးတာက ဆေးရုံကို အမြန်ဆုံးရောက်ဖို့ တစ်ခုတည်းသာ သိသည်။ (ပြီးတော့ .. အချိန်မီဖို့ ..)

ကိုခင်ထွေး က သူ့အရှိန်မြှင့် မောင်းပုံကြောင့် ...

"ကိုညီ .. မင်း စိတ်တွေသိပ်လှုပ်ရှားနေတယ် .. ငါ မောင်းရမလား"

"ရတယ် .. ကိုခင်ထွေး ကျွန်တော် အိမ်ခဏဝင်ရဦးမယ်"

ကိုခင်ထွေး ဆက်မပြောတော့ ..။





ကျွန်တော် ခြံရှေ့ရောက်တော့ အရှိန်နဲ့ ကားကို ခြံဝင်းထဲကွေ့ဝင်ရင်း အရှိန်လွန်ကာ နှင်းဆီဖြူတွေ စိုက်ထားတဲ့ အခင်းအုတ်ဘောင်နဲ့ တိုက်မိကာ ဘန်ပါနည်းနည်း ခြစ်မိသွားပါသည်။ ကားပေါ်က သူ ဆင်းဆင်းချင်း နိုင်စိုး က ...

"ငါ့ရုံးကို သက်မြိုင် ဖုန်းဆက်လို့ ကြို့ရောက်ပြီး ပြင်ဆင်ထားတယ် ညီ ..၊ ဝတ်စုံ ငါ အဆင်သင့် ထုတ်ထားပြီးပြီ .."

"ကျေးဇူးပဲ နိုင်စိုး .."

သူ အိမ်ထဲဝင်တော့ စားပွဲပေါ်တင်ထားတဲ့ ကြောင်ကြောင်ကျားကျား ဂျူကာဝတ်စုံနဲ့ လဲလှယ်ဝတ်ဆင်လိုက်ပါသည်။

ပြီးတော့ ဆံပင်အတု ဖြူဖြူ လိမ်လိမ်ကောက်ကောက်ကြီးကို ကောက်ကိုင်ပြီး ...

"နိုင်စိုး .. မိတ်ကပ်ဘောက်စ်ကို မင်း ယူခဲ့ ..၊ ကားပေါ်ကျမှ ပြင်မယ် .."

"အေး .. အေး .."

ချက်ချင်းပင် သူတို့ ထွက်လာခဲ့ကြပါသည်။ မောင်းမဖြသူ နေရာကို ကိုခင်ထွေး က ဝင်ထိုင်ပါတယ်။ ကိုခင်ထွေး က ကျင်လည်မြန်ဆန်စွာ ကားကိုမောင်းထွက်လာရင်း နောက်ကြည့်မှန်



www.burmeseclassic.com

www.burmeseclassic.com



ကတစ်ဆင့် မိတ်ကပ်လိမ်းခြယ်နေတဲ့ ကျွန်တော့်ကို ကြည့်သည်။

နိုင်စိုး ရဲ့ အကူအညီနဲ့ မိတ်ကပ်ကို အမြန်ပြီးစီးအောင် ပြင်ရပါသည်။ နိုင်စိုး က ဆံပင်ကို ပုံကျအောင် ကူစွပ်ပေးပါသည်။ ရယ်စရာကောင်းတဲ့မျက်နှာ ဖြစ်လာဖို့အတွက် ကျွန်တော်နဲ့ နိုင်စိုး စိတ်လှုပ်ရှားချင်းများစွာကြားမှ တော်တော် ကြိုးစားယူရပါသည်။

မီးပွိုင့်တစ်ခုကို မမီမကမ်း ကိုခင်ထွေး က ဖြတ်ကျော်သည်။ ထုံးစံအတိုင်း ဝီစီမှုတ်သံတွေ ကြားရပြန်ပါသည်။ ကားရဲ့အလျင်နှုန်းဟာ တော်တော်မြန်ဆန်လာပါတယ်။ ဘယ်သူမှ အရှိန်လျှော့ချဖို့ မပြောမိကြ ..။

ဆေးရုံကြီးရဲ့ အဝင်ဂိတ်မှ လုံခြုံရေးတာဝန်ကျတဲ့ ဦးမောင်ဟန် က ကျွန်တော့်ကို မြင်တော့ ပျာပျာသလဲနဲ့ ...

"ကိုညီ .. သွား .. သွား .. အရေးကြီးပြီ ထင်တယ် .."

ကားပါကင်ထိုးဖို့ အရှိန်မလျှော့ခင် ကျွန်တော် ကားပေါ်က ခုန်ချတော့ ကျွန်တော့်ပုံစံ ကျွန်တော့်ဝတ်ဆင်ပုံတွေကြောင့် လူတွေက တအံ့တသြ ကြည့်ကြတာပေါ့ ..။

ကျွန်တော် ဓာတ်လှေကားဆီ ဦးတည်ပြေးရပါသည်။





လူနာလာမေးကြဟန်တူသူ အမျိုးသမီးနှစ်ယောက်နှင့်အတူ ဓာတ်လှေကားထဲ ကျွန်တော်ဝင်တော့ ဓာတ်လှေကားမောင်းတဲ့ ကိုသိမ်း က အခြေအနေကို ရိပ်မိကာ မေးသည်။

"ဘယ်အထပ်လဲ ကိုညီ .."

ကျွန်တော် တက်ရမယ့်အထပ်ကို ဖြေတော့ ကိုသိမ်း က တက်ရမယ့်အထပ် နံပါတ်ခလုတ်ကို နှိပ်ပေးသည်။

မိန်းမပျိုနှစ်ယောက်အနက် နှင်းဆီအနီတစ်စည်းကို ကိုင်ဆောင်ထားတဲ့ အမျိုးသမီးက သူ့ကို ဇဝေဇဝါနဲ့ ကြည့်ရင်း ...

"ကိုညီ .. ကိုညီ .. မဟုတ်လား .."

သူလည်း အဲဒီအခါကျမှ အမျိုးသမီးကို သတိထားမိပါသည်။

"ရီစိုး .."

"ရီစိုး ကိုညီ နဲ့တူတယ်လို့တော့ ထင်သား ..၊ ရုတ်တရက်ဆိုတော့ ရီစိုး လည်း ကိုညီ ဒီလိုအဝတ်အစားတွေ ဝတ်တတ်မှန်းမေ့နေတာ ..၊ အရေးကြီးပြန်ပြီပေါ့ ကိုညီ .."

ရီစိုး ရဲ့ ဆိုလိုရင်းစကားထက် ကျွန်တော်က ဦးတည်ရာကိုသာ ရွှေးပြောမိပါသည်။

"ရီစိုး .. ကျွန်တော့်ကို နှင်းဆီတစ်ပွင့်လောက် ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ယူလေ .. ကိုညီ .."

ရီစိုး က အပွင့်အလှဆုံးလို့ ထင်ရတဲ့ နှင်းဆီပွင့်တစ်ပွင့် ရွေးပေးပါသည်။

"ရီစိုး .. သက်မြိုင် ဆီ လာတာလား .."

"မဟုတ်ဘူး .. သူငယ်ချင်းတစ်ယောက်ဆီ ကိုညီ .. ကိုသက်တို့လို ဆရာဝန်တစ်ယောက်ပဲ ..၊ ပြီးတော့ ရီစိုး တူလေးတစ်ယောက်လဲ ဒီမှာဆေးရုံတင်ထားရတယ်လေ ..၊ လူနာမေးရင်း ဆိုပါတော့ .."

တစ်အောင့်ကြာတော့ ဓာတ်လှေကားတံခါးပေါက် ပွင့်သွားပါတယ်။ ကျွန်တော် ဆင်းရမယ့်အထပ်ဆိုတော့ ရီစိုး ကို နှုတ်မဆက်နိုင်တော့ဘဲ အမြန်ထွက်ခဲ့ပါသည်။

သူ ဆေးရုံစင်္ကြံလမ်းအတိုင်း ခပ်မြန်မြန်ပြေးလာရင်း လမ်းမှာ ကျွန်တော်တို့ ဆရာမလေး နော်အေမီ နှင့် တွေ့သည်။

သူ့ပုံစံကြောင့် နော်အေမီ က အလန့်တကြား ဖြစ်ဟန်တူသည်။

"ဘယ်သူလဲ .. ကိုညီ .."

"လပြည့် .. ကော့စ်နဲ့ .."





အထူးသီးသန့်အခန်းတစ်ခုကို နော်အေမီ က ရွှတ်ပြတယ်။ သူ အမြန်ပြေးလွှားရင်းက နော်အေမီ ပြောတဲ့ အခန်းတစ်ခုရဲ့ရှေ့အရောက် တံခါးဖွင့်ဖို့အလုပ်မှာ တံခါးက ပွင့်သွားပြီး အထဲက အမျိုးသမီးဆရာဝန်တစ်ယောက် ထွက်လာပါတယ်။

အမျိုးသမီးဆရာဝန်က သူ့ပုံစံကြောင့် လန့်သွားကာ ခြေတစ်လှမ်း နောက်ဆုတ်သည်။ ပြီးတော့ ခြေဆုံးခေါင်းဆုံး အကဲခတ်ကာ နောက်ပြန် တံခါးဂျက်ကျအောင် ပိတ်ရင်း ထိတ်ထိတ်ပျာပျာဟန်နှင့် ...

"ရှင် ဘယ်သူလဲ .. အထဲမှာ လူနာအသည်းအသန် ဖြစ်နေတာ .."

ကျွန်တော်က လက်ကာကာ တောင်းပန်ရသည်။

"မဟုတ်ဘူး ဆရာမ .. ကျွန်တော် ကလေးနဲ့ အမြန်တွေ့မှ ဖြစ်မှာမို့ပါ .. ကျွန်တော့်ကို တွေ့ခွင့်ပေးပါ .."

ကျွန်တော့်စကားကြောင့် ဆရာမ အဘော်ဒေါသ ထွက်သွားပုံရတယ်။

မျက်မှောင်တွန့်ချိုးထားတော့ မျက်တောင်ကွင်းနှစ်ခုသည် နီးကပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်လိုလုပ်လဲ .. ဒီမှာ ကလေးက အရေးပေါ် ခွဲစိတ်ရမယ့်အခြေအနေ .. ရှင် ဝင်လို့ မရဘူး .."

ကျွန်တော်က ထုံပေပေနှင့် ရပ်နေမိကာ ...

"ကျွန်တော် မဝင်လို့ မဖြစ်ဘူး .. ဆရာမ တောင်းပန်ပါတယ် ..၊ ကလေး သက်သာသွားအောင် ကျွန်တော် .."

ကျွန်တော်စကားဟာ ဆရာမအတွက် စိတ်အနှောင့်အယှက်ဖြစ်သွားပုံရသည်။

"ဘယ်လို!... အိုး .. မဖြစ်နိုင်တာ ..၊ ကလေးက ဝေဒနာပြင်းထန်လို့ အထဲမှာ ငိုနေတာ ..၊ ကလေး ဝေဒနာသက်သာအောင် မနည်းလုပ်ယူရမှာ ..၊ ရှင် ကျွန်မတို့ကို မနှောင့်ယှက်နဲ့နော် ..၊ ကျွန်မ ဆရာဝန်ကြီးနဲ့ တိုင်လိုက်ရမလား .."

"မဟုတ်ဘူး .. ကျွန်တော် .."

"တော်တော့ .. ရှင် မပြောနဲ့တော့ .. ကျွန်မ မကြားချင်ဘူး.. ရှင် ထွက်သွားပါ .."

"မသွားဘူးဗျာ .."

သူ့ရဲ့ ငြင်းပယ်စကားကြောင့် ဆရာဝန်အမျိုးသမီးက သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း တစ်ခုခုကို မှတ်မိသွားပုံ ရသည်။





"ရှင် .. ရှင် .. သူခိုး မဟုတ်လား .."

သူလည်း အဲဒီအခါကျမှ ဆရာဝန်အမျိုးသမီးကို သတိပြုမိသည်။

ဟုတ်ပါရဲ့.. သိပ်ကို မှတ်မိလွယ်တာပေါ့..။ သူ့ကို စတိုးဆိုင်ထဲမှာ .. ပြီးတော့ သူ့ရဲ့ အရုပ်တွေ သိက္ခာတွေ ဖျက်ဆီးပစ်ခဲ့တဲ့ မိန်းကလေး ..၊ ကျွန်တော့်ရဲ့ ..၊ အမျိုးသမီးက တစ်ခုခုကို စဉ်းစားမိပုံရတယ်။ ပြောင်းလဲ ပြင်းထန်လွန်းတဲ့ အမူအရာတွေ တစ်ဆင့်ချင်း မြင့်တက်လာတယ်။

"ရှင် .. လူလိမ်လူညာ ..၊ လူတွေဆီက .. ကလေးတွေဆီက .. လိမ်ညာလှည့်ဖြားပြီး လိမ်စားတဲ့သူ .. ကလိမ်ကကျစ်ကောင် .. လူယုတ်မာ .. ရှင် ထွက်သွား .."

ဒေါသနဲ့အော်ဟစ်နေတဲ့ မိန်းကလေးရှေ့မှာ သူ ဒူးထောက်ချလိုက်သည်။

အမျိုးသမီးက အံ့ဩရင်း ခြေလှမ်း အနည်းငယ်ဆုတ်တော့ တံခါးနှင့် ကပ်လျက်သား ဖြစ်သွားသည်။ သူလည်း အမူအရာမဲ့ အမျိုးသမီးရဲ့လက်ကို ကိုင်မိရင်း ...

"ကျွန်တော် တောင်းပန်ပါတယ် .. ကျွန်တော့်ကို .."



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် လျှင်မြန်လွန်းတဲ့ အမျိုးသမီးရဲ့ လက်တစ်ဖက်က သူ့ပါးပြင်ပေါ်သို့ ကျရောက်လာသည်။

"ဖြန်း .."

ရိုက်ချက်ပြင်းပြင်းကြောင့် သူ နောက်ပြန်လဲကျသွားသည်။

ကလေးနဲ့ အမြန်ဆုံးတွေ့ချင်တဲ့ စိုးရိမ်စိတ်၊ အံ့ဩမှု အဖြစ်အပျက် အပြောင်းအလဲတွေကြောင့် သူ့ရဲ့မျက်ရည်တစ်စက်ဟာ သူ့ရဲ့မျက်နှာပေါ်ကတစ်ဆင့် လက်ပေါ်ကို ကျဆင်းခဲ့သည်။

ရင်ဘတ်ထဲက အင်အားနဲ့ ဝေဒနာက ကျွန်တော့်နှုတ်ခမ်းဝကို စကားတွေအဖြစ် အစီအရီ ကျလာခဲ့ပါသည်။

"ခင်ဗျား ဘယ်လိုမိန်းမလဲ .. ခင်ဗျားမှာ ခံစားတတ်တဲ့ နှလုံးသားရော ရှိရဲ့လား ..၊ အေးပေါ့ဗျာ .. ဘယ်ရှိပါ့မလဲ ..၊ လူတိုင်းကို အမြဲတမ်း သံသယရှိတတ်တဲ့ ခင်ဗျားက ကရုဏာနဲ့ ဒွန်တွဲနေတဲ့ ဆရာဝန်တစ်ယောက် ဖြစ်နေတာ ကျွန်တော် အံ့ဩနေတာ အမှန်ပဲ ..၊ အဲ့ဒီအတွက် လူနာတွေအစား သိပ်ဝမ်းနည်းမိတယ် ..၊

ဒီမှာ မိန်းကလေး .. ခင်ဗျားကုသနေတာ သူ့ခန္ဓာကိုယ်မှာ စွဲကပ်နေတဲ့ ဝေဒနာကိုပါ ..၊ အခု လပြည့်လေး စိတ်မှာ စွဲထင်နေ





တဲ့ ယုံကြည်ချက် စွဲလမ်းမှုတွေ ရှင်သန်ခဲ့ဖို့အတွက် ခင်ဗျားရဲ့ လက်တွေ .. ခင်ဗျားရဲ့ဆေးတွေက ကူညီနိုင်မယ်လို့ ခင်ဗျား ယုံကြည်နေလား .."

သူ့ရဲ့ တရစပ် စကားလုံးတွေအောက်မှာ အမျိုးသမီးသည် ငိုင်းစက်စက် မျက်ဝန်းတွေနဲ့ ငေးကြောင်ကြည့်နေခဲ့သည်။

ထိုစဉ် သူတို့ဆီ ဦးတည်လျှောက်လာတဲ့ ဆေးရုံအုပ်ကြီး ဦးဘုန်းထွဋ် က သူတို့အနီးရောက်တော့ ပဋိပက္ခကို အလွယ်တကူ သိမိဟန် ရှိသည်။

"သမီး .."

တည်ငြိမ်ညင်သာတဲ့ ဆရာဝန်ကြီးရဲ့ စကားကြောင့် ဆရာဝန်မိန်းကလေးက ဦးဘုန်းထွဋ် ကို မော့ကြည့်ရင်း အလောတကြီး ပြောသည်။

"မဟုတ်ဘူး လေးလေး .. သမီး သူ့ကို .."

လေးလေးက ခေါင်းရမ်းရင်း အဓိပ္ပာယ် ခန့်မှန်းရခက်တဲ့ တည်ငြိမ်မှုနဲ့ ..၊

"သူ့ကို တံခါးဖွင့်ပေးလိုက်ပါ သမီး .. အခုအချိန်က သမီးကို ရှင်းပြဖို့ အချိန်မရှိတော့ဘူး .."



www.burmeseclassic.com

နော်အေမီ၊ ရီစိုး နဲ့ အတူလိုက်လာတဲ့ ညှော်သည်အမျိုးသမီး တစ်ဦး သူ့တို့အနားမှာ လာရပ်တယ် ..။ နော်အေမီ က သူမရဲ့ လက်မောင်းကို ညင်သာစွာ ဆုပ်ကိုင်ရင်း ...

"ကျွန်မ ဆရာမကို နောက်မှ ရှင်းပြပါ့မယ် ဆရာမ .."

လေးလေးက သူ့ကို ခပ်တိုးတိုး ပြောပါတယ်။

"သား .. မင်း အဆင်သင့် ဖြစ်ပြီလား .."

သူသည် ဖိုသီဖတ်သီဖြစ်နေတဲ့ ဆံပင်ကိုပြုပြင်ကာ ပါးပြင်ပေါ်က မျက်ရည်ကို သုတ်မိသည်။ မျက်ရည်ကို သုတ်လိုက်တာကြောင့် မိတ်ကပ်တွေ ဖရိုဖရဲနဲ့ သူ့ရဲ့မျက်နှာသည် ပိုပြီး ရယ်စရာကောင်းနေခဲ့ပါတယ်။

မျက်ဝန်းကို မှိတ် ..၊ စိတ်ကို တည်ငြိမ်အောင် ထိန်းရင်း...

"ရပြီ လေးလေး .."

လေးလေးက အမျိုးသမီး ပခုံးကို တစ်ချက်ပုတ်ပြီး အခန်းတံခါးကို ကိုယ်တိုင် ဖွင့်ပေးသည်။ သူ ရီစိုး ဆီက ရိုးတံရှည်နှင်းဆီကိုကိုင်ရင်း တစ်လှမ်းချင်း တည်တည်ငြိမ်ငြိမ် လျှောက်သွားသည်။

လေးလေး အပါအဝင် လူအုပ်ကြီးက အခန်းဝက စောင့်ကြည့်





နေကြသည်။ ကျွန်တော့်ရဲ့ ဒုတိယအကြိမ်မြောက် တိုက်ပွဲမှာ နောက်ထပ် နောက်ထပ် နောက်ကျမှုတွေနဲ့ နေမဝင်ချင်တော့..။ ပြီးတော့ ထပ်ရှုံးရမှာကို စိုးရိမ်နေမိပြန်သည်။

အခုအချိန်ဟာ သူ့ကိုယ်သူ ဂျိုကာအစစ်ဖြစ်ကြောင်း ယုံကြည်ချက်နဲ့အတူ သေချာနေခဲ့ဖို့ လိုသည်။ သွေးအေးရက်စက်ငြိမ်သက်နေတဲ့ အခန်းထဲက လေးကန်ကန် လှုပ်ရှားမှုတွေ စောင့်ကြိုနေ၏။

မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းက မျက်ရည်စို့ ရင်နင့်စရာ ..။ မှတင်ပေါ်က လူနာရှင်လေးအေးနားမှာ ပိုက်တွေ၊ စက်တွေ၊ ဆရာဝန်၊ ဆရာမ၊ နပ်(စ်)မတွေ ရှုပ်ထွေးနေပါတယ်။

ကြည့်စမ်း ..၊ ဝေဒနာပြင်းထန်မှုကြောင့် ငိုကြွေးနေရတဲ့ ကလေးငယ် ..၊ ကျွန်တော့်ရင်ထဲ ဆို့တက် နာကျင်ခဲ့ရသည်။ ထို့အတူ ကလေးရဲ့ဖခင်ဖြစ်သူ ကိုမင်းကျော်အောင် တို့ သူ့ကို မြင်တော့ လင်းလက်သွားတဲ့ မျက်နှာတွေ ..၊

"လပြည့် .."

သူ့ရဲ့ခေါ်သံတစ်ခုအဆုံးမှာ အခန်းတစ်ခုလုံး လှုပ်ရှားမှုတွေ ရပ်ဆိုင်းသွားသည် ထင်မိသည်။ သက်မြိုင် က ကလေးရဲ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို အကဲခတ်နေပါတယ်။ သည်းထန်စွာ ငိုကြွေးနေတဲ့ ကလေးငယ်ဟာ ရေထဲကျသွားတဲ့ မီးစတစ်ခုလို သူ့ရဲ့လောင်မြိုက်မှုတွေ မေ့လျော့သွားပုံရကာ လှမ်းကြည့်တယ် ..။

သူ့ကို ဖြည်းဖြည်းချင်း လှည့်ကြည့်သည် ..၊ မျက်ရည်တွေနဲ့ ကလေးငယ်က မပွင့်တပွင့် ခေါ်ပါတယ် ..။

"ဦးဦးဂျိုကာ .."

မောဟိုက်နေတဲ့ ခပ်ယဲ့ယဲ့ ကလေးရဲ့စကားကို ကျွန်တော်လည်း အားတင်းတုံ့ပြန် ပြောဆိုရပါတယ်။

"ကိုယ် မင်းရဲ့ဆန္ဒတွေ ဖြည့်ဆည်းပေးမယ့် ဂျိုကာ အစစ်တစ်ယောက်ပါ လပြည့် .."

သူ့အသံသည် မဆိုစလောက် အဖျားခတ်သွားတယ်။ ဒါပေမယ့် ဒီအချိန်မှာ သူဟာ ဂျိုကာအစစ်တစ်ယောက်ပါလို့ သူ့ကိုယ်သူ ယုံကြည်ထားခဲ့သည်။

"ပျော်ရွှင်စရာကောင်းတဲ့အရာတွေကို ဖန်တီးပေးဖို့ ဂျိုကာရောက်လာပြီ ကလေး ..၊ မင်းဆန္ဒတွေ ဖြည့်ဆည်းပေးဖို့ ကိုယ်ရောက်အောင် လာခဲ့တာပါ ..၊ မင်း စိတ်ချလက်ချ ယုံကြည်ပါ ကလေးရာ .."





ကလေးက ခပ်လေးလေး ခေါင်းညိတ်ပြကာ လက်ခံ သဘောတူကြောင်း အသိပေးသည်။ ကျွန်တော့်လက်က နှင်းဆီနီ တစ်ပွင့် ကလေးကို ကမ်းပေးတော့ ကလေးက မယူနိုင်ရှာပါ ..။

ငိုရှိုက်ခြင်းနဲ့ ဝေဒနာကို မေ့လျော့သွားတဲ့ ကလေးရဲ့ ဖြစ်ရပ်ဟာ သူ့အတွက် ကျေနပ်စရာ အောင်ပွဲတစ်ခုပေါ့ ..။

သူ ပွယောင်းယောင်း ဘောင်းဘီဘေးအိတ်ထဲ လက်နှိုက်ပြီး ကလေးရှေ့မှာ ဖြန့်ပြသည်။ ကလေးက စိတ်ဝင်တစားနဲ့ ငုံ့ကြည့်ရှာသည်။ သူ့လက်ဖဝါးကို ဖြန့်ပြသည်။ လက်ဖဝါးထဲမှာ ဘာမှမရှိ .. ကလေးက စိတ်ဝင်တစားနဲ့ သူ့မျက်နှာကို ကြည့်သည်။

သူ လက်သီးကို ပြန်ဆုပ်ကာ နှုတ်ခမ်းမှာတေ့ပြီး မှုတ်ကာ လက်သီးဆုပ်ကို ကလေးရှေ့ ပြန်ထိုးပြသည်။ ဖြည်းဖြည်းချင်း လက်သီးကို ဖြန့်ပြတော့ လက်ထဲမှာ အပြာရောင် စက္ကူငှက်ရုပ်လေးတစ်ကောင် ..။

ကလေးက ဝေဒနာကို အံတုကာ ပြုံးပြရှာပါသည်။ ပြီးတော့ ကလေးရဲ့လက်က သူ့လက်ဖဝါးထဲက စက္ကူငှက်ရုပ်လေးကို ဖြည်းဖြည်းချင်း လှမ်းယူရှာပါသည်။ သူ ဦးညွှတ်ကာ ..

"မင်း ရင်ထဲမှာရှိတဲ့ဆန္ဒကို ဦးဦးဂျိုကာ ကို ပြောပြပါလား



www.burmeseclassic.com

www.burmeseclassic.com



သား ..”

ကလေးက ခေါင်းညိတ်သည်။

“သား .. ညီမလေးတစ်ယောက် အရမ်းလိုချင်တယ် ဦးဦး ဂျိုကာ ..”

ကလေးစကားက အားလုံးအတွက် အံ့သြစေတာ အမှန်ပါ..။ နောက်ထပ် ဖြိုးဖြိုး ..၊ ကျွန်တော်တို့အခေါ် ဖိုးသားတစ်ယောက်နဲ့ ထပ်ဆုံရပြန်ပြီ ထင်ပါရဲ့ ..။

“ဘာဖြစ်လို့လဲ ..”

ကလေးက မောဟိုက်နေပုံ ရသည်။ ဒါပေမယ့် သူ့ဆန္ဒကို တော့ ရအောင် ထုတ်ဖော်ပြောခဲ့ပါတယ်။

“သား မရှိတော့ ဖေဖေ မေမေတို့က ငိုနေမှာပေါ့ ..၊ သား အစား ညီမလေးတစ်ယောက်ရှိတော့ ဖေဖေတို့ မငိုတော့ဘူးပေါ့..”

လင်းလက်နေတဲ့ မိုးကောင်းကင်ကြီးတောင် ချက်ချင်း အုံ့မှိုင်း သွားသလား ထင်ရပါသည်။ အနူးညံ့ဆုံး ပန်းပွင့် ပွင့်ဖတ်တွေနဲ့ ပြုလုပ်ထားတဲ့ ညင်သာသော မြားတံတွေလား ..၊ ကလေးရဲ့ စကားဟာ ဒီမှာ ရှိနေကြသော ရင်ဘတ်အားလုံးကို ဒဏ်ရာတွေ ဖြစ်စေလောက်ပါပြီ။





မနီနီချို ရဲ့ ကြိတ်ငိုရှိုက်သံကို တစွန်းတစ စတင်ကြားရသည်။ ကျွန်တော့် ပါးပြင်ပေါ်မှာရော ဘာကြောင့် စိုစွတ်နေသလဲ ..။ ကျွန်တော် မစူးစမ်းချင်တော့ပါ။ ဒါပေမယ့် ကျွန်တော် ကလေးကို အဲဒီမျက်ရည်စက်လက်နဲ့ပဲ ပြုံးပြမိပါတယ်။ နှလုံးသားနုနယ်တဲ့ ကလေးအတွက် ကျွန်တော် ကလေးကို ပွေ့ဖက်ကာ ရင်ခွင်ထဲ ထည့် ရင်ငွေ့လှုံတော့ ကလေးက ကျွန်တော့်ရင်ခွင်ထဲမှာ ငြိမ် သက် မိန်းမောနေခဲ့ပါသည်။

“မင်းရဲ့ ဆန္ဒတွေ ပြည့်ဝရမှာပေါ့ သားရယ် .. သိပ်မကြာခင် ဒီကမ္ဘာမြေပေါ်မှာ သားရဲ့ဖေဖေ၊ မေမေအတွက် ညီမလေး တစ် ယောက်ယောက် လာရမယ်လို့ ကိုယ် ဆုတောင်းပေးပါ့မယ် ..၊ သား စိတ်ချလက်ချ နေတော့နော် ..”

ကလေးက ခေါင်းညိတ်ရုံသာ ပြနိုင်ရှာပါတော့သည်။

ကလေး မေ့ဆေးအရှိန်နဲ့ အိပ်မောကျနေတဲ့အထိ ကျွန်တော် ပွေ့ဖက်ထားပါသည်။ ကလေး ဘဝင်ကျ ငြိမ်သက်သွားတော့မှ သက်မြိုင် က လက်ပြောင်းပွေ့ဖက်ချီကာ သူတို့ရဲ့ အပြီးသတ် လုပ်ငန်းကို အလွယ်တကူ လုပ်ဆောင်နိုင်ကြသည်။

ကျွန်တော် အဲဒီနေရာမှာပဲ မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



လို ငြိမ်သက်နေမိသည်။ ငိုထားတဲ့အရှိန်နဲ့ မျက်လုံးတွေ ရဲတွတ်နေတဲ့မျက်ဝန်းနဲ့ ကလေးရဲ့ဖခင် ကိုမင်းကျော်အောင် က သူ့လက်နှစ်ဖက်ကို အုပ်ကိုင်ရင်း ...

"သိပ်ကို ကျေးဇူးတင်ပါတယ် ညီ ..၊ မင်းဟာ သားအတွက်ရော ကိုယ်တို့အတွက်ပါ .. ကောင်းကင်ပေါ်ကကျလာတဲ့ မျှော်လင့်ချက်တွေ ဖြည့်ဆည်းပေးတတ်တဲ့ အစစ်အမှန် ဂျိုကာ တစ်ယောက်ပါ ညီ .."

ကိုမင်းကျော်အောင် စကားကြောင့် ကျွန်တော် ခဲရာခဲဆစ် ပြုံးလိုက်သည်။

"ကျွန်တော်လဲ လပြည့် ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အတွက် အားလုံးကို ကျေးဇူးတင်ပါတယ် .."

ကျွန်တော် ဆံပင်အတုကြီးကို ဆွဲချွတ်ရင်း လှည့်ထွက်ခဲ့ပါသည်။ အခန်းဝမှာ သူတို့ကို ငေးကြည့်နေတဲ့ ဒီဆေးရုံရဲ့ ဆရာဝန်ကြီးတစ်ယောက်နဲ့ ကျွန်တော် မျက်နှာချင်းဆိုင် တွေ့မိသည်။ ဆရာကြီးကိုယ်တိုင် သူ့လိုပဲ ထိခိုက်ကြေကွဲနေပုံ ရပါသည်။

"သား .. မင်းဟာ ဂျိုကာအစစ်တစ်ယောက်ဆိုတာ သံသယ မဖြစ်နဲ့တော့ သားညီ ..၊ ဖိုးသား တုန်းက မအောင်မြင်ခဲ့သမျှဟာ





အခု အောင်မြင်စွာ ပြီးဆုံးသွားခဲ့တဲ့အတွက် သင်ပုန်းချေခွင့် ရခဲ့ပါပြီ ..၊ လေးလေး မင်းကို သိပ်ကျေးဇူးတင်တယ် သား .."

ကျွန်တော် ခေါင်းငုံ့မိတော့ မျက်ရည်တစ်စက်က ကျွန်တော် ခြေခုံပေါ် ကျသည်။ သက်ပြင်းချသံတွေ ကြားရသည်။ ရီရိုး နဲ့ အဖော်အမျိုးသမီးရယ် .. နောက် သူရဲ့ ပဋိပက္ခမိန်းကလေး ..၊ သူတို့ရဲ့ မျက်ရည်သုတ်ဟန်တွေ ကြည်နူးမှုတွေ မြင်တွေ့ခွင့် သူ ရခဲ့ပါတယ်။ ကျွန်တော် ဘယ်သူ့ကို ရည်ရွယ်မှန်းမသိဘဲ နာနာကျင်ကျင် နှုတ်က ပြောမိသည်။

"ကလေးတွေဟာ သေရမှာကို တွေးမကြောက်ကြပါဘူး ..၊ ဒါဟာလဲ လူကြီးတွေလို သေခြင်းတရားအပေါ်ကို သိပ်အလေးအနက် သိပ်မသိကြလို့ပဲ ထင်တယ်..၊ သူတို့အတွက် အရေးအကြီးဆုံးက သူတို့ရဲ့ဆန္ဒ .. သူတို့ရဲ့ အဓိပ္ပာယ်ပြည့်ဝပြီး သူတို့ဒဏ်ရာဝေဒနာ သက်သာဖို့အတွက် အဓိကပါ ..၊ အဲဒီအတွက် ဆေးဝါးတွေထက် အဓိကကျတာ ကရုဏာတရား အစစ်အမှန်ပဲ ..၊ ဖြူစင်တဲ့ ဒဏ်ရာအနာတရနဲ့ ငှက်ကလေးတွေအတွက် ကျွန်တော်ကိုယ်တိုင်က အရိပ်ကောင်းပြီး လုံခြုံနွေးထွေးတဲ့ သစ်ကိုင်းကြီးတစ်ခု ဖြစ်ခွင့် ပီသရမယ်လေ .."



www.burmeseclassic.com

www.burmeseclassic.com



စကားလဲဆုံးရော ကျွန်တော် လှည့်ထွက်လာခဲ့ပါတယ် ..။

ခြေလှမ်းသုံးလေးလှမ်းအရောက်မှာ ခြေသံတွေနှင့်အတူ ...

"အစ်ကို .."

မရင်းနှီး မကြားဖူးတဲ့ နွေးထွေးလှတဲ့ ခေါ်သံ ..၊ ဒီခေါ်သံကြောင့် ကျွန်တော် နောက်ကို ပြန်လှည့်ကြည့်မိပါတယ်။ သူ့ရဲ့ ပဋိပက္ခပန်းကလေးတစ်ပွင့်က ကျွန်တော့်ကို အခုလို ပြောပါတယ်။

"ကျွန်မရဲ့ အမှားတွေအတွက် ကျွန်မကို ခွင့်လွှတ်ပေးပါနော်"

ပုံမှန်စီးဆင်းနေတဲ့ စမ်းချောင်းလေးတစ်ခုလို ကျွန်တော့် အပြုံးတွေက အမြဲတမ်း စီးဆင်းနေဆဲပါ ..။





## ရင်ခွင်နဲ့ ပျိုးသည့်ဆောင်း

* ဆောင်းက ဇီဝဓိုးငှက်တွေလို

နှင်းကို အန်ချရင်း

အေးမြမြ သဘာဝအလှကို ဖော်ထုတ်ပြကြတယ် ..။

* ရင်ဟောင်းလောင်းထဲကို

သက်ပြင်းအသစ်တွေ စွပ်ထည့်

မျက်လှည့်ပြသလို (ဟပ်ချလောင်း)ဆိုပြီး

နှင်းတွေ .. နှင်းတွေ .. ကမ္ဘာမြေ အေးစေဖို့ ..။

* ကမ္ဘာသူ ကမ္ဘာသား

နေရာယူတာပါ

အဖြူထည် နှင်းတွေ

သူတို့ သီချင်းဆိုလိမ့်မယ်။





www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ တစ်ခါမှ မခံစားရဖူးတဲ့ ခံစားချက်တွေပ
အသစ်..၊ ကိုကိုကြီး ရဲ့ညီမဆိုသူ သူမက အခုလို ခံစားချက်
ဆင့်ကဲပြောင်းလဲ ဖြစ်ခဲ့ရတာ သိပ်ကို ပုံပြင်ဆန်လွန်းသည်၊

ကလေးရဲ့ နောက်ဆုံးထွက်သက်မှာ ဆေးပညာအရ သူ
ရှုံးနိမ့်ခဲ့သည်။ သို့ပေမယ့် ကလေးရဲ့မိခင်နဲ့ ဖခင်ဟာ အခု
တည်တည်ငြိမ်ငြိမ် ရှိနှင့်နေခဲ့သည်။

ကျွန်မ လေးလေးနဲ့ ကိုသက်မြိုင် ရယ် .. ကလေးဖခင်
သူတို့ ကိုယ့်ခံစားချက်နဲ့ကိုယ် ရပ်နေမိကြသည်။ တစ်ဦးဦးက
သိမ့်ပေးဖို့ကို တစ်ယောက်ယောက်က ပြောမထွက်ကြပါ။ ပ
ဆုံး ကိုမင်းကျော်အောင် က အခုလို ပြောလာပါတယ်။

"ကျွန်တော်ကျေနပ်ပါတယ် ဆရာ .. သားက ကျေ
နပ်နဲ့ ထွက်ခွာသွားခဲ့ရတာကိုက ကျွန်တော်တို့အတွက် ကျေ





စရာ အရမ်း ကောင်းခဲ့ပါတယ် ..၊ နောက်ထပ် မျက်ရည်ကျဖို့ မလိုတော့ဘူးလို့ ကျွန်တော် ယုံကြည်တယ်လေ .."

မျက်ရည်မကျတော့ဘူးဆိုပေမယ့် ကိုမင်းကျော်အောင် ရဲ့ မပီပြင်တဲ့ အပြုံးများကြားက မျက်ရည်တစ်စက်ဟာ အထင် အရှား ..။

"အခုကျနေတဲ့ မျက်ရည်က ပီတိပါ ဆရာ ..၊ ပြီးတော့ ဂျိုကာအတွက် ဂုဏ်ယူဝမ်းမြောက်မှုပေါ့ .."

လေးလေး က ခေါင်းညိတ်သည်။

"သားညီ ကိုယ်တိုင် ပထမကလေးတုန်းက မအောင်မြင်ခဲ့တဲ့ လုပ်ဆောင်ချက်အပေါ် အခုလို အောင်မြင်ခဲ့တော့ သူ တော်တော် ကျေနပ်မှာပါ ..၊ အင်း .. ဒီကလေး အခုဆို .."

ဆရာဝန်ကြီးက သက်ပြင်းချ ခေါင်းခါကာ လှည့်ထွက်သွား သည်။

ကျွန်မက ကိုသက်မြိုင် ကို စကားတစ်ခွန်း ဆိုမိပါတယ်။

"တော်တော်ထူးဆန်းတဲ့ ဖြစ်ရပ်လေးတစ်ခုပဲ ကိုသက် ..၊ ငါ တစ်ခါမှ မမြင်ဖူးဘူးဟာ .."

သက်မြိုင် က လေးလေးပင်ပင် ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ ငါ သေချာစကားမစပ်မိလို့ပါ ဆောင်းရိပ် ..၊ အေးလေ နင်ကလဲ ဒီဆေးရုံကို ပြောင်းလာတာ ရက်ပိုင်းပဲ ရှိသေးတာကိုး..၊ နင် သေချာသိချင်ရင် ရီစိုး ကို မေးကြည့်ပေါ့ .."

"ရီစိုး သိတယ် .."

ကိုသက် ခေါင်းညိတ်သည်။ ဟုတ်ပါရဲ့ .. ရီစိုး နဲ့ ကိုသက် က ချစ်သူရည်းစားတွေပဲ ..။ အေးလေ သူမကိုယ်တိုင်က ပတ်ဝန်းကျင်နဲ့ ခပ်စိမ်းစိမ်းနေခဲ့တဲ့ မိန်းကလေးတစ်ယောက်ပဲလေ ..။ ကိုသက် က လှည့်ထွက်မည်ပြုတော့ ...

"သူ တော်တော်ပင်ပန်းနေပြီ ကိုသက် .. ခုနက ဆရာကြီး ပြောတော့ အခုအချိန်ဆိုရင် သူ .."

"ဟုတ်တယ် .. ဟုတ်တာပေါ့ .. သူ ပထမကလေးရဲ့ အုတ်ဂူ ရှေ့မှာ ငိုနေလောက်ပြီ ထင်တယ် .."

"ရှင်!..."

ကျွန်မ ကြက်သေသေသွားခဲ့ပါတယ်။

ဝမ်းနည်းလှိုက်တက်လာတဲ့ ရင် ..၊ သူ့အတွက် စိုးရိမ်စိတ်တွေ ..၊ သူ .. ..၊





မှတ်မိနေတဲ့ ကားနက်ပြာရောင်ဘေးကို သူမ ကားထိုးရပ်တော့ ကိုခင်ထွေး က အလန့်တကြား ..။

"မမလေး .."

သူမကိုမြင်တော့ ကြောက်လန့်ပုံရတဲ့ ကိုခင်ထွေး ကြောင့်...

"ဘာမှ မစိုးရိမ်ပါနဲ့ ကိုခင်ထွေး .. သူရော .."

ကိုခင်ထွေး က နားမလည်ဟန်နှင့် ...

"ဘယ်သူလဲ .."

ကျွန်မ အဝေးက အုတ်ဂူတွေဆီ ကြည့်တော့ အဝါနဲ့ အနီရောစပ်ထားတဲ့ အရိပ်ကို မြင်ရသည်။

ကျွန်မ သူ့ဆီ အုတ်ဂူတွေကို ကွေ့ပတ်ဖြတ်လျှောက်ရင်း ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို နောက်ကျောပေးထားတဲ့ သူ့ကို ကျွန်မ မလှမ်
မကမ်းက ငေးကြည့်နေခဲ့မိသည်။

ပွယောင်းယောင်း ဂျိုကာဝတ်စုံဟာ လေတိုက်ခတ်ထားတဲ့
ဒဏ်ကြောင့် တဖျပ်ဖျပ်လွင့်ကာ အဝတ်ကို လေတိုးသံ မြည်နေ
၏။ နေဝင်ချိန်ပုံရိပ်မှာ ဝမ်းနည်းစရာ အပိုင်းအစတွေ ကြဲဖြန့်
ထားသလို ညနေဟာ ခံစားဖို့ အကောင်းဆုံး အခွင့်အရေး ..။

"ဖြိုးဖြိုး .."

သူ့နှုတ်က ကြေကွဲရေရွတ်သံက ကျွန်မပါ လိုက်မော ရင်နင့်
စေသည်။ တစ်ယောက်တည်း ရေရွတ်နေသလို တစ်ယောက်ကို
တိုင်တည်နေသလို ပြောနေခဲ့တဲ့ သူ့အသံ ..။

"ညီလေး .. နောက်ထပ် ဖိုးသား နဲ့ လပြည့်လေး တွေ ငါ
ဘယ်နှစ်ယောက် ကြုံနေရဦးမှာလဲကွာ .."

နင့်သီး ဆို့နင့်စရာ အသံကွဲအက်အက် တိုးတိုးလေး ထပ်
ပြောပြန်သေးတယ် ..။

"နောက်ထပ် ကြုံခဲ့ရင်လည်း ငါ့နှလုံးသားက ခံနိုင်ရည်ရှိပါ့
မလားလို့ ငါ့ကိုယ်ငါ သံသယဖြစ်လာတယ် ..၊ ငါ သူတို့အတွက်
အမြဲတမ်း ပြုံးပြနိုင်မယ့် ဂျိုကာတစ်ယောက် ဖြစ်ခွင့်ရှိချင်တယ်..၊





ပြီးတော့ ငါ့ရင်ငွေ့က စိမ့်ထွက်လာတဲ့ နှင်းတွေနဲ့ သူတို့
အတွက် ခိုလှုံစရာကောင်းတဲ့ ဆောင်းကို ဖန်တီးပေးချင်တယ်..၊
ါပေမယ့်လေ နောက်နှစ်တွေ .. နှစ်တွေမှာ .."

စကားသံ တိုးတိတ်သွားရင်း သူ ဒူးထောက် လဲကျသွား
သည်။ ကျွန်မ သူ့ဆီပြေးရင်း ဖမ်းထိန်း ပွေ့ချီမိသည်။

ဖြူလျော့လျော့မျက်နှာ .. ပင်ပန်း စိတ်လှုပ်ရှားခြင်းများ
ကြောင့် သူသည် သတိလစ် မေ့မြောနေသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

လေးလေးရဲ့စကား ပြီးဆုံးခြင်းအောက်မှာ ကျွန်
လေးလေးကို မင်သက် ငေးမောမိရပါသည်။

"တကယ် .."

ကျွန်မ အားတင်းကာ ကြိုးစားပေမယ့် နှုတ်က စေးပိတ်ထ
သလို စကားက ထပ်မထွက်လာတော့ပါ ..။ လေးလေး က သ
ပြင်းချသည်။

"တကယ်တော့ လူဆိုတာ ငှက်တွေလိုပဲလို့ လေးလေး
ခဲ့မိတယ် ..၊ လောကကြီးမှာ ရပ်တည်နိုင်ဖို့ ကိုယ့်အတောင်
ကိုယ် ခရီးဆက်နေကြရတယ် ..၊ ဘဝဆိုတာထဲမှာ မြင့်မြင့်
မားနဲ့ အဝေးဆုံးကို ပျံကြဖို့ ကိုယ့်ဘဝကိုယ် တောက်ပအော
ပြုစုပျိုးထောင်ကြတာ ..၊ ဒါ လူတိုင်းပါပဲ သမီးရယ်..၊ ကို





ဘဝရဲ့ရည်ရွယ်ချက်ကို မေ့ထားပြီး ကိုယ့်အတောင်ပံတွေ အစုတ်ပြတ်ခံ လေနီကြမ်းကို ရင်အုပ်တွေ တောင်ပံတွေနဲ့ ကာပေးထားတဲ့လူတွေထဲက လူတစ်ယောက်ကို ပြပါဆိုရင် ညီ့ ကိုပဲ လေးလေး အနီးကပ်ဆုံး ရွေးချယ်ပြရမှာပဲလေ .."

ကျွန်မ လေးလေးစားပွဲပေါ်က ဆေးမှတ်တမ်းတွေ အကြောင်းမဲ့ ငေးကြည့်နေမိပါသည်။ သက်မြိုင် က ဆောင်းရိပ် ကို လက်ပိုက်ငေးကြည့်နေရင်းက အခုလို ပြောပါသည်။

"နင် မသိသေးတာ တစ်ခုရှိသေးတယ် ဆောင်းရိပ် ..၊ အဲဒါကတော့ သူအလုပ်လုပ်နေတဲ့ ကုမ္ပဏီက နင့်အစ်ကို ပိုင်တဲ့ ကုမ္ပဏီပဲ ဆောင်းရိပ် .."

"ဟင်!..."

ကျွန်မ နှုတ်ဖျားက အံ့ဩခဲ့တာတင် မဟုတ်ပါ .. ရင်ထဲ အသည်းထဲကပါ အရမ်းကို အံ့ဩခဲ့ရတာပေါ့ ..။

"သူ ခရီးဝေးက ပြန်လာလာချင်း ငါ အကြောင်းကြားလို့ ကိုခင်ထွေး နဲ့အတူ ဆေးရုံကို ချက်ချင်းလိုက်ချလာတာ ..၊ ဒီပုံအတိုင်းဆိုရင်တော့ ညီ နဲ့ နင့်အစ်ကို ထပ်တိုက်ဆုံကြမှာတော့ သေချာတယ် ..၊ နင့်အစ်ကို စိတ်ဓာတ်လဲ နင် သိသားနဲ့ဟာ.."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သက်ပြင်းချမိပါသည်။ ကိုကိုကြီး နဲ့ သူ ထိပ်တိုက်တွေ့တော့မှာပေါ့ ..။ ခရီးဝေးက လာလာချင်း သတင်းပို့ ဖုန်းဆက်ရုံကလွဲပြီး လှူရောကားပါ အချိန်အတော်ကြာ ပျောက်ဆုံးနေတော့ ကိုကိုကြီး အတော်ဒေါသထွက်နေမှာ မြေကြီးလက်ခတ်မလွဲပေါ့ ..။

ကျွန်မ လေးလေးကို နှုတ်ဆက်ပြီး ကိုသက် နဲ့အတူ လေးလေးရဲ့ ရုံးခန်းထဲက ထွက်လာခဲ့ပါသည်။ လူနာဆောင်တွေထဲက ဖြတ်လျှောက်ရင်း ...

"ကိုညို့ အတွက် စိတ်ချပါ ကိုသက် ..၊ ဆောင်းရိပ် ညကျမှ ကိုညို့ ကို တစ်ခေါက် ပြန်လာကြည့်ဦးမယ် .."

ဆောင်းရိပ် ဆေးရုံဝင်းထဲမှထွက်တော့ ကားပါကင်မှာ ကိုခင်ထွေး ကို တွေ့သည်။ ဆောင်းရိပ် ကို မြင်တော့ ကိုခင်ထွေး ဆောင်းရိပ် ထံ လျှောက်လာရင်း ...

"ကိုညို့ အခြေအနေ ဘယ်လိုနေသေးလဲ ဆောင်းရိပ် .."

သူမ ခေါင်းညိတ်ပြရင်း ...

"သက်သာသွားပါပြီ ကိုခင်ထွေး"

ပြီးတော့ ကျွန်မ သတိတစ်ခုရကာ ဆက်ပြောမိပါသည်။





"ကိုခင်ထွေး .. ဆောင်းရိပ် ကားကို မောင်း ..၊ ဆောင်းရိပ် ကို ခင်ထွေး ကားကို မောင်းမယ် .."

ကိုခင်ထွေး အခြေအနေကို သိတာကြောင့် ...

"ဟာ .. မဟုတ်တာ ..၊ ငါ့ကိစ္စ ငါ ရှင်းပါ့မယ် ဆောင်းရိပ်ရယ် .."

"ဆက်ရှင်းပြမနေပါနဲ့ ကိုခင်ထွေး ရယ် .. ဆောင်းရိပ် ပြောသလို လုပ်စမ်းပါ ..၊ ဆောင်းရိပ် တို့က မောင်နှမပါ ..၊ ကိုခင်ထွေး က သူစိမ်း ..၊ ဆောင်းရိပ် ကို ကိုခင်ထွေး လောက်တော့ ပြစ်ပေးခံရမှာ မဟုတ်ဘူး .."

ဆောင်းရိပ် စကားကြောင့် ကိုခင်ထွေး သက်ပြင်းချပါသည်။ ကိုကိုကြီးဆိုတဲ့ အသံဟာ ကိုကိုကြီးနဲ့ သက်ဆိုင်သူအားလုံးအတွက်တော့ နေစဉ်နှင့်အမျှ သက်ပြင်းချစရာတွေချည်းပါပဲ ..။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



" မလိုဘူး မိဆောင်း .. ငါ့ကို အကြောင်းပြချက် မပေးနဲ့ .. အေး .. ငါချမှတ်ထားတဲ့ စည်းကမ်းကို ဘယ်မောင်နှမသားချင်း ဝင်စွက်ဖက်လို့ မရသလို မောင်နှမဆိုတာလဲ မထားဘူးဆိုတာ နင် သိတယ်နော် .."

ကိုကိုကြီး ပြောသမျှကို ကျွန်မ ပေတေပြီး ခေါင်းငုံ့ကာ နေရပါသည်။ ကိုခင်ထွေး က ကျွန်မကို မရဲတရဲ ခိုးကြည့်သည်။ ကိုကိုကြီးက ကိုခင်ထွေး ကို ဒေါသနဲ့ကြည့်ရင်း ...

"ညီငြိမ်းချမ်း ဆိုတဲ့ကောင်က အခု ဆေးရုံမှာပေါ့ .."

"ဟုတ် .. ဟုတ်ကဲ့ ဆရာ .."

ကိုခင်ထွေး က ထစ်ထစ်ငေါ့ငေါ့နှင့် ပြောသည်။





"ဒါဆိုလဲ ခင်ဗျား ပြန်လာပေါ့ ..၊ လေယာဉ်ကွင်းကနေ တန်းပြန်လာမယ်ဆိုပြီး ဘယ်ပေါက်လို့ ဘယ်ရောက်နေမှန်း မသိကြတာက ခင်ဗျားတို့ သက်သက် ကျူပ်ကို စော်ကားတာ ..၊ အချိန်တွေကိုလဲ ဖြုန်းတယ် ..၊ ကားနဲ့ဓာတ်ဆီကိုလဲ သုံးတယ် ဖြုန်းတယ် .. တောက်!.."

ကိုကိုကြီးရဲ့ တောက်ခေါက်သံကြောင့် ကိုခင်ထွေး နေစရာ ကို မရှိတော့ ..။ မျက်နှာက ဆီးရွက်လောက်သာ ရှိပါတော့သည်။ သူမ ဝင်မပြောရင် မဖြစ်တော့ပါ။

"ဒီလိုပါ ကိုကိုကြီး .. လမ်းမှာ ဆောင်းရိပ် ကားထိုးရပ်သွားလို့ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေတဲ့အချိန် ကိုခင်ထွေး ကားနဲ့တွေ့လို့ ဆောင်းရိပ် ယူသုံးမိတာပါ .. ကိုခင်ထွေး မှာ အပြစ်မရှိပါဘူး ကိုကိုကြီး"

ကိုကိုကြီးက ဆောင်းရိပ် ကို စိုက်ကြည့်နေသည်။

ဆောင်းရိပ် မျက်လုံးချင်း မဆုံရဲ ..။ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းရိပ် ဆိုတာ တစ်သက်လုံး ကိုကိုကြီးကို လိမ်ညာမပြောရဲ တဲ့သူလေ ..။ ဆောင်းရိပ် စကားကို ကိုခင်ထွေး မည်း အံ့သြနေမှာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



"အံ့ရောကွာ .. လေယာဉ်ကွင်းကနေ ကုမ္ပဏီကို လာရာလမ်းနဲ့ ..၊ မိဆောင်း .. နင့်ရဲ့ ဆေးရုံသွားရာလမ်းဟာ လမ်းကြောင်းတစ်ခုထဲပေါ်မှာဆိုတော့ သိပ်ရယ်ဖို့ကောင်းတဲ့ ပြက်လုံးပဲ .."

ဆောင်းရိပ် ပြောပြီးမှ မှားသွားမှန်း သိပါသည်။ အခုအချိန်မှာတော့ ပြင်ဆင်ဖို့ နောက်ကျသွားခဲ့ပါပြီ။ ကိုကိုကြီးက အေးစက်စက်မျက်လုံးတွေနဲ့ သူမကို စိုက်ကြည့်နေပါသည်။

"ဆရာဝန်တစ်ယောက်က မီးပွိုင့်တစ်ခုကို စည်းမဲ့ကမ်းမဲ့ ဖြတ်တယ် .. ပြီးတော့ သတ်မှတ်ထားတဲ့ အရှိန်ထက် ပိုမောင်းလို့ ယာဉ်ထိန်းရဲ တားတာကို ဂရုမစိုက်ဘူး ..၊ ကားက တစ်ခုခုနဲ့ တိုက်မိထားလို့ ဘန်ပါ ပွန်းပဲ့နေတယ် ..၊ အဲဒါတွေအားလုံးဟာ နင်တစ်ယောက်ပဲ လုပ်တယ်ဆိုပါတော့ .."

ဆောင်းရိပ် ခေါင်းညိတ်ပြမိပါသည်။ ကိုကိုကြီး နှုတ်ခမ်းက သရော်တော်တော်ဟန်ပန် အပြုံးတစ်ခု ..။

"ဒီလောက် စည်းကမ်းမဲ့ ပရမ်းပတာနိုင်လွန်းတဲ့ ဆရာဝန်မတစ်ယောက်က ငါ့ညီမတစ်ယောက်ဆိုတာ အခုမှ သိရတာ .. အင်း .. လူနာတွေအတွက် ရင်လေးစရာပါလား ..၊ ကဲ .. အပြစ်





ပေးရမှာပေါ့ .."

ကိုကိုကြီး စကားကြောင့် သူမ မျက်စိမျက်နှာ ပျက်ယွင်းနေပြီဆိုတာ သေချာသလောက် ရှိသည်။

"ဆရာ .."

ကိုခင်ထွေး ထံက ခပ်တိုးတိုး စကားတစ်ခွန်း ထွက်ကျလာပါတယ်။ ကိုကိုကြီးက 'ဘာလဲ' ဆိုတဲ့ အမူအရာနဲ့ မေးငေါ့ပြသည်။

"အပြစ်ပေးမယ်ဆိုရင် ကျွန်တော့်ကိုလဲ အပြစ်ပေးပါ ဆရာ..၊ ကျွန်တော်လဲ အပြစ်ရှိပါတယ် .."

"ကိုခင်ထွေး .."

ကျွန်မ လှမ်းတားပေမယ့် ကိုခင်ထွေး က သူမကို အားတင်းပြုံးပြပါသည်။

"အို .. သိပ်ကို စာနာ နားလည်ကြပါလား ..၊ ဟ .. ငါ့အိမ်က လူတွေ ဘာတွေဖြစ်ကုန်ကြတာလဲ..၊ ကောင်းတယ်.. ကောင်းတယ် .. အပြစ်လိုချင်တဲ့သူတွေကို အပြစ်ပေးရမှာပေါ့.. ကဲ .. ကိုခင်ထွေး .."

ကိုခင်ထွေး က ကြောက်ရွံ့ရှိသေဟန်နဲ့ ကိုကိုကြီးကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မနက်ဖြန်ကစလို့ နောက် ခုနစ်ရက် ‌‌ခင်ဗျား ကျုပ်ကုမ္ပဏီကို ဒီအိမ်ကနေ လမ်းလျှောက်လာရမယ် .."

"ဟုတ်ကဲ့ပါ ဆရာ .."

ကိုကိုကြီးရဲ့စကားကြောင့် ကျွန်မ မင်သက်မိပါသည်။ ကိုခင်ထွေး ကလဲ ကျေးပိုင်ကျွန်ပိုင်ခေတ်က ကျွန်တစ်ယောက်လို ငြင်းဆန်ဖို့ စိတ်ကူးရှိခဲ့ပုံ မပေါ် ..။

အင်းလေ .. ကိုကိုကြီးဆိုတာ ဘယ်လိုလူလဲဆိုတာ သူနဲ့ ပတ်သက်သူတိုင်း သိနေကြမှတော့ မဆန်းတော့ပါ ..။

"ခင်ဗျား လိုင်းကားစီးပြီးလာတာလို့ ကြားရင် ..၊ ခင်ဗျား.. ကျုပ်အကြောင်းကို သိတယ်နော် .."

"စိတ်ချပါ ဆရာ .. ဆရာပေးတဲ့ အပြစ်အတိုင်း ကျွန်တော် လုပ်ပြပါမယ် .."

"အေး .. အလုပ်ရောက်မှ ခင်ဗျား ကျုပ်ကားဒရိုင်ဘာအဖြစ် ကိုယ့်အလုပ် ကိုယ်လုပ်ပေါ့ ..၊ အပြန်လဲ ကျုပ်ဘာသာ ကျုပ်မောင်းမယ် .. ခင်ဗျားက လမ်းလျှောက်ပြန် .."

"ဟုတ်ကဲ့ .. ဆရာ .."





"မိဆောင်း .."

ကျွန်မရဲ့အလှည့် ..၊ ပြဋ္ဌာန်းထားတဲ့အရာတွေကို လွဲချော်ရင် မှားလို့ ခံယူထားတဲ့ တယူသန်ဝါဒ စွဲထင်နေတဲ့ ကိုကိုကြီးရဲ့ တ်ကို တဖြည်းဖြည်း စိတ်ပျက်လာမိတာ သူမကိုယ် သူမလည်း ဩမိပါသည်။

"နင် အခုရပ်နေတဲ့ ကြမ်းခင်းမှာ ဒူးထောက်နေ .. ငါ ထဆိုမှ ..."

ကိုကိုကြီးက ပြောပြီး လှည့်ထွက်သွားပါတယ် ..။ သူမ ည်း ချက်ချင်းပင် ဂျူတီကုတ်နဲ့ အိတ်ကို ဆိုဖာပေါ်တင်ကာ ရပ်နေရာ နေရာမှာပဲ ဒူးထောက်လိုက်ပါသည်။ အပြစ်ပေးရဲ့ သူက ပေးရဲမှတော့ သူမကလဲ ပေးတဲ့အပြစ်ကို တုံ့ဆိုင်းမနေ ..။ အခုရရှိလာတဲ့ အပြစ်ပေးခြင်းကို ဒီနေ့ တွေ့ခွင့်ရလိုက်တဲ့ ကွင်းအတွက် အလဲအလှယ်တစ်ခုပေါ့ ..။ ဒါဟာ ကျေနပ်စရာ ာင်းပါတယ် ..။

(သူတို့အတွက် အမြဲ ပြုံးပြနိုင်မယ့် ဂျိုကာတစ်ယောက် ခွင့်ရှိချင်တယ်။ ပြည့်စုံလေးနက်တဲ့ စကားတစ်ခွန်း ပြန် ယောင်မိရင်း ရင်ကို လှိုက်မောစေပါသည်။ ယ်ဆို သူ့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ပေးဆပ်မှုတွေအတွက် ကျွန်မ ဒီလောက်တော့ ရင်းရမှာပေါ့..

ကျွန်မမှာ ကပ်တွယ်နေတဲ့ ကိုကိုကြီးလောင်းရိပ်မိနေတဲ့ အစွဲ

ဒီကနေ ချက်ချင်းဆိုသလို ပျောက်ကွယ်သွားစေခဲ့တာ ကို

ရဲ့ စိတ်ဓာတ်ကြောင့်ပေါ့ ..။)

"ငါ စိတ်မကောင်းပါဘူး ဆောင်းရိပ် ရယ် .. ပြီးတော့

ကိုခင်ထွေး က စိတ်မကောင်းဟန်နဲ့ ပြောတော့ သူမ

ပြုံးလိုက်ပါသည်။

သူမအပြုံးကို ကိုခင်ထွေး အံ့ဩနေပါသည်။ ပြီးတော့ သူ

ကို ပြောသေးတယ် ..။

"ဆောင်းရိပ်ဖြူ ဆိုတာ အခုမှ လူနဲ့ နာမည်နဲ့ ပိုလိုက်ဖ

လာတယ်လို့ ငါထင်တယ် ..၊ နင် ငါ့စကားကြောင့် စိတ်

လား .."

"ဟာ .. ဘာလို့ စိတ်ဆိုးရမှာလဲ ကိုခင်ထွေး ရယ် .. ကို

ထွေး ပြောတာလဲ မမှားပါဘူး ..၊ အစက ဆောင်းရိပ်ဖြူ ဆို

လူနာကို ဝတ်ကျေတမ်းကျေ ဆေးကုပေးရုံကလွဲပြီး စေတ

ကရုဏာဆိုတာ လုပတဲ့ နာမည်လို့ပဲ သိထားတာလေ ..၊ အ

သင့်ရယူနေရတဲ့ ဘဝမှာ ကိုယ့်လို အဆင်သင့်မရခဲ့တဲ့သူတွေ





ဘဝတွေကို နားလည်မပေးနိုင်ခဲ့ဘူး ..၊ အခုတော့ နှလုံးသားက

နှလုံးသားလို စတင် လှုပ်ရှားနေပြီ..၊ ပင်နယံတွေ စက်ကိရိယာ

တွေလို မလှုပ်ရှားတော့ဘူး .."

ကျွန်မစကားကြောင့် ကိုခင်ထွေး က ရယ်သည်။ နောက်

တော့ သူမကို နှုတ်ဆက်ကာ သူ့ရဲ့ကားဂိုထောင် ထပ်ခိုးလေးရှိ

ရာဘက် ထွက်သွားပါသည်။

အဲဒီနေ့က ဒူးတွေကျိန်းနေရတဲ့အထိ နာရီတော်တော် များ

များကို အဲဒီအတိုင်း နေရပါတယ် ..။

နောက်တော့ မောင်လေး ကိုကိုကြီးကို တငိုငိုနဲ့ပြောမှ သူမ

အပြစ်က လွတ်မြောက်ခွင့် ပေးခဲ့ပါတယ် ..။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!... "

"ဟုတ်တယ် ကိုညီ .. ဆောင်းရိပ် ကိုမင်းခေါင် ကို ရင်ဆိုင်ပုံက သူတို့အိမ်မှာ ကျွန်တော် ရှိနေသမျှ ကာလပတ်လုံးမှာ ဒါ ပထမဦးဆုံးအကြိမ်ပဲ ..၊ အစက ဆောင်းရိပ် ဆိုတာ ကိုမင်းခေါင် ဆူရင် အပြစ်ပေးရင်တောင် တစ်ခွန်းမှမဟာဘဲ အပြစ်ကိုခံယူတယ်..၊ အခုဟာက ဒီမိန်းကလေးနဲ့ မသက်ဆိုင်ဘဲ တခြားသူအတွက် အနစ်နာခံ ပြဿနာကို ကြည်ကြည်ဖြူဖြူ လွှဲယူလိုက်တာ ဒါ ပထမဦးဆုံးပဲလို့ ပြောရမှာပဲလေ .."

မထရေစီ နဲ့ သက်ဝေ ကလည်း သူနဲ့အတူ အံ့ဩနေပုံရတယ်..။





"ဆောင်းရိပ်လေး က သူ့အစ်ကိုကြီးကို ချစ်လဲ ချစ် .. ကြောက်လဲ ကြောက်ရှာတာ ..၊ အေးလေ .. လက်ညှိုးညွှန်ရာ အဆင်သင့်ကို အစစအရာရာ ရှိနေတဲ့ဘဝဆိုတော့ မိန်းကလေး ရဲ့ အပြောအဆို အနေအထိုင်တွေက မာနလို့ ထင်ချင်စရာပေါ့..၊ ကောင်မလေးက စိတ်ရင်းကောင်းပါတယ် ..၊ ခက်တာက သူတို့ ဘဝတွေက ကိုယ်ချင်းစာစိတ်နည်းအောင် ဖန်တီးပေးနေတာ ထင်တယ်..၊ ဒါနဲ့ ညီ .. နင် ကိုမင်းခေါင် နဲ့တွေ့တော့ ဘာပြောသေးလဲ .."

ကျွန်တော်က ကုလားထိုင်နောက်မှီမှာ သက်သောင့်သက်သာ မှီရင်း ...

"ကော့သောင်းဘက်က အခြေအနေပြီးတော့ ကျွန်တော် တစ်ဖက်ကမ်းကူးပြီး ကျွန်တော်တို့ခြံဘေးက ကိုစောလွင် နဲ့ ဟိုမှာ တွေ့တယ်"

"ဟို .. ဖိုးသားလေး ရဲ့အဖေလား .."

သူပြောပြထားလို့ သိနှင့်နေတဲ့ သက်ဝေ က မေးသည်။ ကျွန်တော် ခေါင်းညိတ်ပြမိသည်။

"ကျွန်တော့်စေတနာဟာ ကျွန်တော့်ကို ပြန်အကျိုးပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်..၊ ကိုစောလွင် က ကော့သောင်းဘက်က သူဌေးရဲ့ မျက်နှာလွှဲရတဲ့ လူယုံ၊ ကိုစောလွင် တို့ မျိုးရိုးစဉ်ဆက်က ငါးဖမ်းသင်္ဘောမောင်းတာလေ ..၊ ရေယာဉ်တွေအကြောင်းကို နှောကျေနေတဲ့ ကိုစောလွင် က သူ့အဆက်အသွယ်နဲ့ ဟိုတစ်ဖက်ကမ်းအထိ လိုက်ပို့ပြီး အင်ဂျင်နဲ့ပတ်သက်တဲ့ အဆက်အသွယ်နဲ့ ဟိုတစ်ဖက်ကမ်းအထိ လိုက်ပို့ပြီး အင်ဂျင်နဲ့ပတ်သတ်တဲ့ အဆက်အသွယ်တွေကို ချိတ်ဆက်လုပ်ပေးတယ် ..၊ အဲဒီမှာရှိတဲ့ ကုမ္ပဏီရုံးခွဲက နေ အီတလီမှာရှိတဲ့ ရုံးချုပ်ကို လှမ်းဆက်သွယ် ညှိနှိုင်းတယ်..၊ သူတို့ပြောတဲ့အင်ဂျင်က အခု ကျွန်တော်တို့တင်သွင်းတဲ့ အင်ဂျင်ထက် ပါဝါပိုင်းမှာကို သိသိသာသာ ပိုကောင်းမွန်နေတယ်..၊ ပြီးတော့ အင်ဂျင်ရဲ့ ရေဝင်ရေထွက်စနစ်လည်း ကောင်းတယ်..၊ ကျွန်တော် နောက်ဆုံး အချောသပ် ပြီးစီးဆွေးနွေးပြီးမှ ဒီပြန်လာတာ ..၊ အဲဒီက တာဝန်ခံပုဂ္ဂိုလ် မနက်ဖြန်ဆို ရောက်လိမ့်မယ်..၊ နှစ်ဦးနှစ်ဖက် ဆွေးနွေးညှိနှိုင်းပြီးရင် ဒီအင်ဂျင်ကို ကျွန်တော်တို့ ကုမ္ပဏီကို စဖြန့်ဖို့ အမြန်ဆုံး ဆောင်ရွက်တော့မယ် ..”

“ဘယ်လို အင်ဂျင်အမျိုးအစားလဲ ..”

မထရေစီ ရဲ့ မေးခွန်းကြောင့် ကျွန်တော်က ..





“MARINE အင်ဂျင်တွေ ..”

“ဪ ..”

သက်ဝေ ကတော့ ...

“အခုလက်ရှိ ရပ်ဆိုင်းထားတဲ့ အင်ဂျင်တွေကရော ..”

“ပြီးခဲ့တဲ့လကပဲ ဟိုကို အီးမေးလ် ပို့ပြီးပြီပဲ ..၊ အင်ဂျင်ရဲ့ အခြေအနေတွေ အသေးစိတ် တင်ပြပြီး ရပ်ဆိုင်းလိုက်ပြီ ..၊ ပြီးတော့ အခု အင်ဂျင်အတွက် ကာစတန်မ်ာကို ကျွန်တော် ခြောက်လ ပေးထားတယ်..၊ လဲသင့်တာတစ်မျိုး လဲပေးရမှာရယ် .. ကာစတန်မာကို ပြောပြရ ဆွေးနွေးသင့်တာတွေတော့ ရှိတယ်လေ”

သူ့စကားကို အားလုံးက ဂရုတစိုက် နားထောင်နေကြသည်။ ကျွန်တော်ကတော့ ရှေ့ဆက်ရမှာတွေအတွက် ကျေနပ်နေမိသည်။



www.burmeseclassic.com

"ဆောင်းရိပ် .."

ကျွန်မကိုမြင်တော့ သူ အံ့အားသင့်သွားပုံရတယ် ..။ တစ်ထပ်တိုက်ပုပုလေးထဲ ဝင်ဝင်ချင်း အံ့ဒီအသံကြောင့် ရီစိုး က ...

"ကိုညီ တို့ကတော့ မဟုတ်တော့ဘူးနော် .."

"ဘာဖြစ်လို့လဲ ရီစိုး .."

သူက ပြုံးရင်း မေးတော့ ရီစိုး က သူမနဲ့ ဧည့်ခန်းက ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း ...

"ဩော် .. နှစ်ယောက်လာတာ ဆောင်းရိပ် ကို ဝမ်းသာအားရ နှုတ်ဆက်တော့ မရှိးတော့ဘူး တင်တယ် ..၊ ကိုသက်ကိုတော့ ပြောရဦးမယ် .."





ကျွန်မမျက်နှာ ရဲခနဲ ဖြစ်သွားစေသည်အထိ ရှက်သွားမိသည်။ ရီစိုး ကိုလည်း အသာလိမ်ဆွဲမိသည်။

"ဟဲ့ .. ငါ့ကိုဘာလို့ ဆွဲဆိတ်ရတာလဲ ..၊ ငါ အမှန်အတိုင်းပြောတာပဲဟာ .."

သူကတော့ ကျွန်မမျက်နှာကို ငေးကြည့်နေပါသည်။

"ကိုညီ .. နေကောင်းသွားပြီလား .."

ကျွန်မရဲ့ အမေးကြောင့် သူ သက်ပြင်းချပါသည်။ ပြီးတော့ ခေါင်းညိတ်ပြပါသည်။

"ကိုညီ ကို ဆောင်းရိပ် တောင်းပန်ချင်တယ် .."

သူက ကျွန်မကို ဆတ်ခနဲကြည့်ပြီး ...

"ဘာအတွက်လဲ ဆောင်းရိပ် ရဲ့ .."

"ဆောင်းရိပ် ကိုညီ အပေါ် ခဏခဏ စော်ကားရိုင်းစိုင်းခဲ့တာတွေ အတွက်ပါ .."

သူက ခွင့်လွှတ်နားလည်တတ်လွန်းတဲ့ အစ်ကိုတစ်ယောက်လို ပြုံးပြရင်း ..

"အဲ့ဒါတွေကို လွယ်လွယ်ကူကူ မေ့ခဲ့လိုက်ပါ ဆောင်းရိပ်.."

"ဟင့်အင်း .."

www.burmeseclassic.com



ကျွန်မရဲ့ ငြင်းပယ်မှုကို သူက မျက်ခုံးမြှင့်ကာ နားမလည် ဟန် ပုံပြသည်။

"ဟုတ်တယ်လေ .. အကြိမ်ကြိမ်အခါခါ အမှားလုပ်ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို ကိုညီ က ခွင့်လွှတ်ဦးမယ်ဆိုတော့.."

ရီစိုး ကတော့ သူတို့စကားတွေကို နားထောင်ရုံသာ နား ထောင်နေသည်။ ဘာမှဝင်မပြော ..၊

"ဒါတွေက မသိလို့ဖြစ်ခဲ့ရတဲ့ ပြီးခဲ့ပြီးသား ကိစ္စတွေပါ ..၊ ကျွန်တော့်စိတ်ထဲမှာလဲ အခုဆို ဘာမှမ ရှိတော့တာ ဆောင်းရိပ် ရယ် .."

ကျွန်မ သူ့ရဲ့ ခွင့်လွှတ်နိုင်ခြင်း စကားကြောင့် မျက်ရည်ဝဲမိ သည်။

"ဟောဗျာ .. ခွင့်လွှတ်ပါတယ်ဆိုမှ ဆောင်းရိပ် က မျက် ရည်ဝဲလို့ပါလား .."

"အေးလေ .. ဟယ် .."

ရီစိုး ကလည်း ဝင်ပြောသည်။

"မဟုတ်ပါဘူး .. ကိုညီ့ စကားကြားရတော့ ကိုယ့်အမှား အတွက် ကိုယ် နောင်တရလာတယ် .."





သူက သက်ပြင်းချသည်။

ထိုစဉ် ...

"ဟော့ .. လူစုံတက်စုံပါလား .."

သက်မြိုင် နဲ့ နိုင်စိုး က အိမ်ပေါ်တက်လာရင်း နိုင်စိုး က ပြောသည်။

"ဘယ်က လှည့်လာတာလဲ .."

သက်မြိုင် က သူထိုင်တဲ့ ထိုင်ခုံရှည်မှာ ဝင်ထိုင်ရင်း ပြော သည်။

နိုင်စိုး က ...

"ဧည့်သည်တွေအတွက် ဘာမှဧည့်မခံပါလား ညီ .."

သူက အဲဒီအခါမှ သတိရပုံနဲ့ ...

"ဟုတ်ပါရဲ့ ငါ မေ့နေတာကွာ .. ခဏနော် .."

"နေ .. နေ .. ရတယ် .. ငါပဲ ပြင်ဆင်လိုက်ပါမယ် .."

နိုင်စိုး က မီးဖိုခန်းဆီ တန်းဝင်သွားပါသည်။ ရီစိုး က သက်မြိုင် ဆီ ဦးတည်ရင်း ...

"ဆောင်းရိပ် က ဒီကိုလာချင်တယ်ဆိုလို့ ကိုသက် ရဲ့ .."

"ဩော် .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုညီ ကို ကျွန်မ လေးစားတယ် .. တကယ်ပဲ .."

ဆောင်းရိပ် ရဲ့ ရည်ရွယ်ချက်မရှိ ပြောလိုက်တဲ့ စကား ကြောင့် ကိုညီ က ...

"ဘာကိုလဲ ဆောင်းရိပ် .."

"ကိုညီ့ အကြောင်းတွေ သိရလို့လေ ..၊ ကလေးတွေအတွက် ကိုညီ တတ်နိုင်သလောက် ဖြည့်ဆည်းပေးနိုင်တာကို ဆောင်းရိပ် မြင်ရတွေ့ရတဲ့သူတောင် ကြည်နူးမိတယ် .."

သူက ပြတင်းပေါက်ကတစ်ဆင့် မြင်နေရတဲ့ ကောင်းကင် ကို ငေးကြည့်ရင်း ...

"ဒါ .. အကြောင်းတိုက်ဆိုက်မှုရှိလို့ ရင်ထဲကို စာနာစိတ် ဝင်လာရင်း အခုလို ကူညီမိတာပါ ဆောင်းရိပ် ရယ် .."

ဆောင်းရိပ်က သူ့စကားကို နားထောင်ရင်း ဧည့်ခန်းနံရံမှာ ချိတ်ဆွဲထားတဲ့ ဆန်တာကလော့စ်ဝတ်စုံနဲ့ ဂျိုကာဝတ်စုံကို ငေး မောကြည့်နေသည်။

ပြီးတော့ ...

"ဝတ်စုံက နှစ်စုံတောင်နော် .. ကိုညီ"

အားလုံး ဝတ်စုံဆီ ငေးကြည့်မိကြသည်။





သူလည်း ဝတ်စုံတွေဆီ ငေးစိုက်ကြည့်နေသည်။ အဲ့ဒီဝတ်စုံ တွေကို ငေးကြည့်နေတဲ့ သူ့မျက်ဝန်းတွေထဲမှာ အရောင်တွေ .. အရိပ်တွေ ဖြတ်ပြေးနေတယ်လို့ ကျွန်မ ထင်မြင်ချင်မိသည်။

နောက်ပြီး သူပြောတဲ့ သူ့ရဲ့အသံမှာ တစ်ခုခု စီးဝင်ပူးကပ်နေ သလို ခံစားရသည်။

"ဆန်တာကလော့စ်ဝတ်စုံက ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံး ဘဝတစ်ခုကို မြင်တွေ့ခွင့်ပေးလိုက်တဲ့ ဝတ်စုံပဲ ..၊ ဒီဝတ်စုံအတွက် ကျွန်တော် လိုက်ဖက်မယ့်သူကိုလည်း ရွေးချယ်ခဲ့တာလည်း ကြာ ပြီ ..၊ ဒီဝတ်စုံကို ကျွန်တော်ကိုယ်တိုင် တစ်ခါပဲ ဝတ်ဖူးတယ်"

"ဖိုးသား အတွက်လား .."

ရီရီ အမေးကို သူ ခေါင်းညိတ်ပြသည်။

ကျွန်မက ...

"ဆန်တာကလော့စ်ဆိုတာ ဘာအဓိပ္ပာယ်လဲ..၊ တကယ်ရော ရှိရဲ့လား ကိုညီ .."

သူက ဆန်တာကလော့စ်ဝတ်စုံကို ဦးတည်လှမ်းရင်း .. ဝတ်စုံ နီနီကြီးကို မော့ကြည့်ကာ လက်ဖျားက အဖြူရောင် အမွေးပွတွေ ကို ညင်သာစွာ ကိုင်တွယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ရင်ထဲကလာတဲ့ ကရုဏာစကားတွေနဲ့ အခုလို ရှင်းပြပါတယ် ..။

"ကျွန်တော် သိရသလောက်တော့ ပြောပြပေးမယ် ..၊ ဒီလိုဗျာ .. ခရစ္စမတ်ဘိုးဘိုးလို့ခေါ်တဲ့ ဒီဆန်တာကလော့စ် ဆိုတာ ခရစ်ယာန်ဘာသာဝင် ရင်သွေးငယ်တွေအားလုံးအတွက် ကြည်နူးခြင်းကိုပေးတဲ့ ပုဂ္ဂိုလ်လို့ သူတို့ရင်ထဲမှာ ထာဝရယုံကြည် ရှိနေခဲ့တယ်လေ .."

အားလုံး ငြိမ်သက်စွာ သူ့စကားသံမှာ နစ်မျောနေခဲ့သည်။ သူက ဆက်ပြောပါသည်။

"ခရစ္စမတ်ဘိုးဘိုးမှာ နာမည် အများကြီးရှိခဲ့တယ်လေ ..၊ စိန့်နီကိုလပ်စ်၊ စိန့်နစ်က်ကရစ်ကရင်န်ဂလီ .. အဲ့ဒီလို ခေါ်ကြတာပေါ့ ..၊ အဲ့ဒီနာမည်တွေ အများကြီးထဲကနေ ဆန်တာကလော့စ် ဆိုတာနဲ့ စိန့်နီကိုလပ်စ်ဆိုတာ ဒတ်ချ်လူမျိုးတွေဆီကနေ ဆင်းသက်လာခဲ့တာပေါ့ ..၊ ဒတ်ချ်လူမျိုးတွေကတော့ နယူးယောက်ခ်မြို့မှာ နှစ်ပေါင်းများစွာ ကြာကတည်းက ရှိခဲ့တဲ့သူတွေပေါ့ ..၊ အဲ့ဒီတုန်းကတည်းက ခရစ္စမတ်ဘိုးဘိုးဟာ ကလေးတွေကို ခရစ္စမတ်ရောက်တိုင်း လက်ဆောင်ပစ္စည်း ပေးလေ့ရှိတယ်လို့ ယုံကြည်





ခဲ့ကြတယ်လေ ..၊ ခရစ္စမတ်ဘိုးဘိုးကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၆ ရက်နေ့ ရောက်တိုင်း အိဗ်(Eve)ပွဲတော်နေ့ကိုလည်း အထိမ်းအမှတ်ပွဲအဖြစ် နှစ်စဉ်နှစ်တိုင်း ကျင်းပပေးခဲ့ပါတယ် ..။

အဲဒီလို ဒတ်ချ်တွေ ပွဲတော်ကျင်းပပေးရာနေရာနဲ့ အနီးအနားက အင်္ဂလိပ်စကားပြောတတ်တဲ့ လူမျိုးတွေဟာ သူတို့နဲ့ ရောပြီး ကြည်နူးစွာ ပျော်ရွှင်ခံစားလာကြပါတယ်။ သူတို့တွေကပါ ခရစ္စမတ်နေ့ ကြိုရောက်တိုင်း ခရစ္စမတ်ဘိုးဘိုးကို အိမ်တိုင်ရာရောက် ပင့်တတ်ပြီး သူတို့ပွဲတော်ကျင်းပစဉ်မှာ ကလေးတွေကို လက်ဆောင်ပစ္စည်းတွေ ပေးစေခဲ့ပါတယ် ..။

ဒတ်ချ်တွေက စိန့်နီကိုလပ်စ်လို့ မခေါ်ဘဲ စိန့်နစ်က်လတ်စ် (St. Nikloas)လို့ ခပ်သွက်သွက် ခေါ်လေ့ရှိတယ် ..၊ အဲဒီခေါ်သံဟာ စင်တာကလတ်စ်ဆိုတဲ့ လေသံပေါက်သွားရတယ် ..၊ အဲဒီအသံဟာ အင်္ဂလိပ်တွေရဲ့ ပါးစပ်ထဲရောက်သွားတဲ့အခါမှာတော့ ဆန်တာကလော့စ် (Santa Cloas)ဖြစ်လာရတာပေါ့"

သူက အကျိုကိုကြည့်ပြီး ပြောနေရာမှ သူတို့ဘက်ကို လှည့်ပြီး ပြောသည်။

"နယူးယောက်မြို့ရဲ့ အနောက်ဘက် ပင်နီဆယ်လ်ဗေးနီးယား



www.burmeseclassic.com

www.burmeseclassic.com



အရပ်မှာရှိနေကြတဲ့ ဂျာမန်အမျိုးသား လယ်သမားတွေက စိန့်နီကီးလစ် ဆိုတဲ့ နာမည်ကို ကြားသွားကြတယ် ..၊ သူတို့ကတော့ စိန့်နီကီးလတ်စ်လို့တော့ မခေါ်ကြဘူး ..၊ (Pelnnickel)လို့ ခေါ်ဖြစ်သွားတယ်..၊ အဲဒီရဲ့ အဓိပ္ပာယ်က သိုးမွေးအင်္ကျီ (သို့မဟုတ်) နီကီးလတ်စ်အတွက် နီကယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ ..၊ သူတို့ကလဲ အဲ့ဒီပုဂ္ဂိုလ်ဟာ တစ်နှစ်တစ်ခါရောက်တိုင်း သိုးမွေးအင်္ကျီကြီး ဖားဖားဝတ်ဆင်ထားပြီး ကလေးတွေအတွက် လက်ဆောင်ပစ္စည်းတွေ ယူလာပေးလေ့ရှိတယ်လို့ ယုံကြည်ယူဆခဲ့တာပေါ့..။

ဒါဟာ ခရစ္စမတ်ဘိုးဘိုးနဲ့အတူ ကြင်နာမှုနဲ့ ချစ်ခင်မှုတို့ ညီတူညီမျှ ရောစပ်နေတဲ့ ခွဲခြားမရတဲ့အရာလည်း ဖြစ်ခဲ့ပါတယ်။ ဒီအကြင်နာနဲ့ မြင့်မြတ်တဲ့ ဂုဏ်တရားတွေဟာ ခရစ္စမတ်ဘိုးဘိုး ဆီက လာတာပဲ ဖြစ်ရမယ်လို့ အယူရှိသွားတဲ့ ဂျာမန်တွေဟာ ခရစ္စမတ်ဘိုးဘိုးကို ခရစ်တော်၏သားတော်လို့ ယုံကြည် ခေါ်တတ်ခဲ့ကြတယ်၊ ဒီလိုနဲ့ ဂျာမန်အမည်တစ်ခုဖြစ်တဲ့ (Kris Kringle) ဖြစ်လာရတာပါပဲ..။

ခရစ္စမတ်ဘိုးဘိုးဆိုလို့ အမည်နာမအမျိုးမျိုးပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ပုပု၀၀ ပျော်ပျော်နေတတ်တဲ့ ပါးဖောင်းဖောင်း





ကစ်ကစ်၊ ရှည်လျားတဲ့ မုတ်ဆိတ်ဖြူဖွေးဖွေး၊ ဦးထုပ်ကအစ တစ်ကိုယ်လုံးမှာ လွှမ်းကျက်ထားတဲ့ သိုးမွေးထည်အဆုံး အားလုံး အနီရောင်ရှိတဲ့ ပုဂ္ဂိုလ်ပါပဲ ..”

“အဲဒါက အခု ကျွန်တော်တို့ ပုံတွေထဲမှာ တွေ့နေရတဲ့ ပုဂ္ဂိုလ်ပေါ့ ..၊ အမှန်ကတော့ အမေရိကန်ပန်းချီဆရာ(သောမတ်စ်နက်စ်) ရဲ့ စိတ်ကူးရုပ်လုံးတစ်ခုပဲ ဖြစ်တာပေါ့ ..၊

အဲ့ဒီပန်းချီဆရာဟာ အစက ခရစ္စမတ်ကဗျာတွေရဲ့ ပန်းချီသရုပ်ဖော်ပုံတွေ ရေးဆွဲသူတစ်ယောက်ပေါ့ ..၊

တစ်စုံတစ်ယောက်ဟာ ကဗျာသရုပ်ဖော်ပုံတွေထဲမှာ ခရစ္စမတ်ဘိုးဘိုးရဲ့ပုံတွေကို ထည့်သွင်းဖို့ အကြံပြုလာတာနဲ့ ကြုံလိုက်ရတဲ့အခါ ပန်းချီဆရာဟာ သူငယ်စဉ် ကလေးဘ၀ အချိန်ကာလတစ်ခုတုန်းက ခရစ္စမတ်နေ့ရောက်တိုင်း တောင်ပိုင်းအရပ်သား ဂျာမန်လူမျိုးတစ်ဦး ရောက်လာတတ်ပုံကို မြင်ယောင်မိခဲ့တယ်..၊ အဲဒီပုဂ္ဂိုလ်ဟာ ပုပု၀၀ အသက်ကြီးကြီးနဲ့ သူရောက်လာတဲ့နှစ်တိုင်း ကလေးတွေကို ပါလာတဲ့ လက်ဆောင်ပစ္စည်းတွေ ပေးသွားတတ်တာကို တွေးခဲ့မိခြင်းပေါ့ကွာ ..၊

ပန်းချီဆရာရဲ့ စွဲစွဲလမ်းလမ်း ကလေးဘ၀ကအသည်းက ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ပုံရိပ် လေးစားကြည်နူးမှုဟာ အခု တစ်ကမ္ဘာလုံးက ဆန်တာကလော့စ်ဘိုးဘိုးလို့ လူသိများလာခဲ့တယ် ..၊ ပုံရိပ်အဖြစ် အသက်ဝင်ခဲ့တယ် ..၊ အခုဆိုရင် ဘယ်သူမဆို ခရစ္စမတ်ဘိုးဘိုးဆိုတာ အဲဒီပုံစံအတိုင်းပါလို့ နှလုံးသားထဲအထိ စွဲဝင်နေခဲ့ကြတာပေါ့"

သူ့စကားဆုံးတော့ အားလုံးက ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက် ဖြန့်ကျက်ရင်း ပင်လယ်တစ်ခုစီမှာ ရှက်လှွင့်နေလိုက်ကြတဲ့ အသိနဲ့ ..၊ ရီစိုး က ...

"ကရုဏာတရားကို လူကြီးတွေထက် ပိုသိ ပိုမက်မောတဲ့ ကလေးဘဝထဲက မြင်ကွင်းက ပန်းချီဆရာ နှလုံးသားထဲမှာ ကိန်းဝပ်နေလို့ ဆန်တာကလော့စ်ရဲ့ပုံရိပ်ဟာ အခုလိုအမြင်နဲ့ မြင်ခဲ့ရတာကို ပြောလို့ရတာပေါ့"

နိုင်စိုး ကလည်း ကော်ဖီခွက်တွေကို ဗန်းနဲ့သယ်ယူလာရင်း...

"ညီ ပြောတာ ငါ နောက်ဖေးက ကြားရပါတယ် .. ဟုတ်တယ်.. ကလေးဆိုတာ လူကြီးတွေထက် အစွဲအလမ်းပိုကြီးတယ်..၊ ကရုဏာကို ပိုမက်မောတယ် .."

"ဒါဆို ညီ က ဖိုးသား ကို အမှတ်မထင် ဆုံတွေ့လိုက်လို့ အခုလို ကလေးတွေကို စာနာနားလည်တာပေါ့"





ဆောင်းရိပ် အမေးကို ညီ က လေးလေးနက်နက် ခေါင်းညိတ်ပြီး ..

"ဟုတ်ပါတယ် ဖိုးသား ရဲ့ .. အဖေအမေက အကူအညီမတောင်းခဲ့ရင် ကျွန်တော် ဒီလိုနားလည်မှုမျိုး ကြုံရမှာမဟုတ်ဘူး..၊ ပြီးတော့ ဒီဝတ်စုံဟာ ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံးအစပဲ ..၊ ကျွန်တော့်အတွက် ကရုဏာတရားရဲ့ တံခါးဝပဲ ..၊ ကျွန်တော် ဖိုးသား ဆုံးပြီးကတည်းက အခုထိ တစ်ခါမှ ပြန်မဝတ်တော့ဘူး..၊ အလှူခံလဲ ဂျိုကာဝတ်စုံနဲ့ပဲ..၊ ကျွန်တော် ခရစ္စမတ်နီးရင် ကျွန်တော့်ရည်ရွယ်ချက်ကို လက်ခံ စာနာနိုင်တဲ့ ကျွန်တော့် သူငယ်ချင်း မိတ်ဆွေတချို့နဲ့အတူ ကျောင်းတွေကို လိုက်အလှူခံလေ့ရှိတယ် .."

ကျွန်မ မောင်လေး ဖုံဖုံ ကို ဖျတ်ခနဲ သတိရလိုက်မိသည်။ (ပြီးတော့ ဂျိုကာတစ်ယောက် ..၊ ဒါဆို ..)

"ကျွန်မ မောင်လေး ကျောင်းမှာတောင် ကိုညီ့ ကို တစ်ခါ တွေ့ဖူးသေးတယ် .."

ကိုညီ က ပြုံးသည်။

ရီစိုး က ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းရိပ် မောင်လေးက ရီရိုး ရဲ့တပည့် ဖိုးဖိုး လေ ကိုညီ"

"သြော် .. ဖိုးဖိုး က ဆောင်းရိပ် မောင်လေးလား .."

"ဟုတ်တယ် .. ဆောင်းရိပ် တို့ မောင်နှမသုံးယောက်က အသက်တွေ တော်တော်ကွာကြတယ် .."

နိုင်စိုး က ...

"ဒီတစ်ခါဆိုရင် မင်းတို့နဲ့အတူ ငါ လိုက်ဖြစ်အောင် လိုက်မယ်ကွာ..၊ အဲဒီရက်တော့ ရုံးက ခွင့်ယူဖြစ်အောင် ယူရမယ် .."

သက်မြိုင် က ...

"အရာရှိတစ်ယောက်က ဂျိုကာ လုပ်မလို့လား .."

"ဟာ .. ဘာဖြစ်လဲကွ ..၊ ကရုဏာစိတ်နဲ့ လုပ်တဲ့အလုပ်ကွာ .. အရာရှိလဲလူပဲ"

"ဟုတ်ပါတယ် .. ဟုတ်ပါတယ်"

သက်မြိုင် က ရယ်မော အရွှမ်းပေးဟန်နဲ့ ပြောပါတယ်။

"ဆောင်းရိပ် လဲ လိုက်ချင်တယ် .."

သူက အံ့သြဟန်ရှိသည်။

"ကျွန်တော်တို့ အသင်းအဖွဲ့ပုံစံလေး ဖွဲ့စည်းထားတယ် ..၊ တစ်နှစ်တစ်ခါပေါ့ ..၊ ရင်းနှီးတဲ့ .. ပိုက်ဆံတတ်နိုင်တဲ့ မိတ်ဆွေ





စီးပွားရေးသမားတွေက ခရစ္စမတ်မတိုင်ခင် တစ်ရက်မှာ သူတို့ တတ်နိုင်သမျှ အလှူငွေ လာပေးကြတယ် ..၊ ကျွန်တော့်ရဲ့ စေတနာတရားကို ရည်ရွယ်ထားတဲ့ အသင်းငယ်လေးကို (Prophet of fate) နာမည်ပေးထားတယ်"

"ကံကြမ္မာ၏ တမန်တော်ပေါ့ .."

ကျွန်မရဲ့စကားကို သူက ခေါင်းညိတ်ပြုံးပြပါသည်။

"ဟုတ်ပါရဲ့ .. သူက ကံကြမ္မာရဲ့ တမန်တော်ပါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မင်းက ဒီလူကြီးကို ..၊ ဟာ!... မဟုတ်တာ ကွာ .."

ကျွန်တော့်စကားကို နိုင်စိုး က အပြင်းအထန် ကန့်ကွက်သည်။

"ဘာ မဟုတ်ရမှာလဲ .."

ပေတေ ခေါင်းငိုက်စိုက်ကျနေတဲ့ ထိုလူကြီးကို နိုင်စိုး က နှာခေါင်းရှုံ့ရင်း ...

"ရဟန်းသံဃာတောင် မထေမဲ့မြင် လုပ်ချင်တဲ့ ဒီလူကြီးကို မင်းက စည်းရုံးမယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စကွာ ..၊ ဒီမှာ ညီ.."

ကျွန်တော်က ဘာလဲဆိုတဲ့သဘောနဲ့ မေးဆတ်သည်။





နိုင်စိုး က ...

"အေး .. ဒေဝဒတ်ထက် ပိုဆိုးမယ့် လူကြီး .. ဟိုတစ်နေ့က ဆွမ်းခံကြွလာတဲ့ ကိုရင်လေးကို ဘယ်လိုပြောတယ် မှတ်လဲ .."

ကျွန်တော်က ...

"ဘယ်လိုပြောလဲ .. နိုင်စိုး .."

"ကိုရင်လေး တပည့်တော်ကို ဆွမ်းဟင်းတစ်ခွက် ပြန်လှူပါတဲ့ ..၊ တပည့်တော် မြိုးမြိုးမြက်မြက်ကလေးရမှ အဲ့ဒီဆွမ်းဟင်း တစ်ခွက်စာ ပြန်ပေးပါမယ်တဲ့လေ .."

ကျွန်တော် ပြုံးမိရင်း ကားပေါ်ကနေ ထိုလူကြီးကို ငေးကြည့်နေမိသည်။

ရုံးသွားရုံးပြန် ဒါမှမဟုတ် အပြင်ထွက်တိုင်း သူတို့လမ်းထိပ်ရဲ့ ကင်းတဲပေါ်မှာ အဲဒီလူကြီးကို မှုးမှုးရှူးရှူး အမြဲတွေ့ရတတ်သည်။ ညစ်ပေရှုပ်ပွနေတဲ့ အသွင်အပြင် .. ကြီးမားတဲ့ ဗိုက်ပူပူကြီးက အောက်အင်္ကျီကြယ်သီး နှစ်လုံး သုံးလုံးစာ စေ့မရအောင် ပူထွက်နေသည်။

အမြဲတမ်း မှုန်တေတေ ဖြစ်နေပေမယ့် ထိုလူကြီးရဲ့အပြုံးကို သူစိတ်မှန်းနဲ့ စိတ်ကူးထဲမှာ ခဏခဏ ပြုံးခိုင်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ထင်တာ မှန်မှာပါ ..။ အဲ့ဒီအပြုံး .. အဲ့ဒီရုပ်သွင်ဟာ သူ လိုအပ်နေတဲ့ ပုံရိပ်တစ်ခု ..။

“ကဲ .. ညီ .. မင်းကားကို ဒီကနေခွာဖို့ ဖြစ်သင့်နေပြီလို့ ငါ ထင်တယ် ..”

နိုင်စိုး ရဲ့ အမြင်ကပ်ဟန် စကားကြောင့် သူ သော့ဖွင့် စက်နှိုးမိသည်။

အမြင်ဟောင်းပေမယ့် အင်ဂျင်သံသည် နပျိုသွက်လက်စွာ လည်ပတ် လှုပ်ရှားသံကို ကြားနေရသည်။





“သက်သာရဲ့လား မိဆောင်း ..”

သူမက ကိုကိုကြီးကို တစ်ချက်ကြည့်ကာ ဗုံဗုံ ရဲ့ နဖူးပေါ် ရေခဲစိမ်ထားတဲ့အဝတ်နဲ့ အုပ်ပေးနေမိရင်း ...

“အပူရှိန်က တော်တော်ကြီးတယ် ကိုကိုကြီး .. ဗုံဗုံ ကျောင်းက ပြန်လာလာချင်း အိုက်တယ်ပြောပြီး ရေဝင်ချိုးတယ်လို့ ပွရှုးတို့ ပြောတယ် ..၊ မိဆောင်း လည်း မရှိဘူး ..”

ကိုကိုကြီးက သူမစကား ကြားတော့ တောက်တစ်ချက် ခေါက်ရင်း မျက်နှာပြင်က ခက်ထန်သွားသည်။

“ဒေါ်မြ ..”



www.burmeseclassic.com

www.burmeseclassic.com



ကျုံးအော်လိုက်တဲ့ ကိုကိုကြီးရဲ့အသံဟာ ကြောက်ဖို့ကောင်းပါတယ်။

"လာပါပြီ ဆရာ .."

ဒေါ်မြ က တံခါးဖွင့်ပြီး မပြေးရုံတစ်မယ် အခန်းထဲကို ဝင်လာခဲ့ပါတယ်။ ကိုကိုကြီးက ဒေါ်မြ ကို ဒေါသနဲ့ စူးစိုက်ကြည့်တော့ ဒေါ်မြ က ရင်မဆိုင်ရဲဟန် ခေါင်းငုံ့ကာ နေသည်။

"ခင်ဗျားတို့ကို ကျုပ် ဘယ်လိုပြောထားလဲ ..၊ ကလေးကို ဂရုစိုက်ပါ ..၊ ကျုပ်တို့က တစ်နေကုန် တစ်နေခန်း အိမ်မှာရှိတာ မဟုတ်ဘူး..၊ ခင်ဗျား အသက်ကြီးပြီးတော့ စဉ်းစားဉာဏ်မရှိတဲ့ မိန်းမကြီးပဲ ..၊ အေး .. ကလေးတစ်ခုခုဖြစ်လို့ကတော့ ခင်ဗျားတို့ မလွယ်ဘူး မှတ် .."

ဒေါ်မြ က တုန်တုန်ယင်ယင်နှင့် ခေါင်းငုံ့ကာ နေပါသည်။ သူမက ...

"တော်ပါတော့ ကိုကိုကြီးရယ် .. မသက်သာဘူးဆိုရင် ဗုံဗုံ့ကို ဆေးရုံတင်ရမှာပဲ .."

"ဟာ .. မတင်ဘူး .. ဒီမှာ ကုလို့ ရတယ် ..၊ ငါ လူတွေနဲ့ ရောရောနှောနှော မထားချင်ဘူး ..၊ မိဆောင်း နင့်ထက်တော်တဲ့





အကောင်းဆုံး ဆရာဝန်ကို ခေါ်ပြီး ဗုံဗုံ ကို အိမ်မှာပဲ ငါ ကုခိုင်းမယ်၊ ကဲ .. အခုတော့ ငါကုမ္ပဏီ သွားရဦးမယ်"

ကိုကိုကြီးရဲ့ တဖွတ်ထိုးဆန်တဲ့စကားကြောင့် သူမ သက်ပြင်း ကြိတ်ရှိုက်မိသည်။

ထွက်သွားပြီး ခြေလှမ်းအနည်းငယ်လှမ်းပြီးမှ နောက်ပြန်လှည့်ကာ ...

"ငါ မှာတာ နင် ကြားတယ်နော် မိဆောင်း .."

သူမ ခေါင်းညိတ်ရုံသာ တတ်နိုင်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာလုပ်နေကြတာလဲ .."

ဟိန်းထွက်လာတဲ့ အသံကြောင့် ဝင်ပေါက်ဝဆီ လှမ်းကြည့်မိကြသည်။ ကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ယောက်က ဖွင့်ထားတဲ့ ကက်ဆက်ကို ပြေးပိတ်သည်။

မထရေစီက ကထိန်အတွက် ပိုက်ဆံအသစ်တွေ ဘုံကထိန်စင်မှာ တပ်ဆင်ချိတ်ဆွဲနေရင်း ...

"ရုံးသူရုံးသားတွေ စုပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းကို ကထိန်ခင်းမလို့လေ ကိုမင်းခေါင် .."

မထရေစီ စကားဟာ ကိုမင်းခေါင် အတွက် ကျည်ဆန်တစ်တောင့် အထိမှန်ခံရသလို နာကျင်စေသည်။

"မလိုဘူး .."





ခါးခါးသီးသီး အငြင်းစကားကြောင့် အားလုံး အံ့အားသင့်သွားသည်။ စိတ်ရှုပ်ထွေးခြင်းနှင့် အလိုမကျဟန်တွေ ရှိပုံရတဲ့ ကိုမင်းခေါင် က ...

"အေး .. အရမ်းလှူချင်တယ်ဆိုရင် ဘုန်းကြီးကျောင်းသွားကြ.. ငါ့ကုမ္ပဏီမှာ လာမလုပ်နဲ့..၊ ငါ့ကုမ္ပဏီက ဘုန်းကြီးကျောင်းမဟုတ်ဘူး..၊ အခု ကြည့်စမ်း .. အလုပ်တွေပစ်ထားကြပြီး ပျော်ပွဲရွှင်ပွဲလုပ်နေကြတယ် ..၊ ဒါ ပျော်ပွဲရွှင်ပွဲလုပ်ပေးနေတဲ့ ဇရပ်မဟုတ်ဘူးဟေ့ .."

ကိုမင်းခေါင် စကားကြောင့် မထရေစီ ကိုမင်းခေါင် ကို အံ့သြစွာ ကြည့်နေသည်။ တကယ့် သတိလက်လွတ်အကြည့်...

ကိုမင်းခေါင် က မထရေစီ ကို စူးစူးရဲရဲကြည့်ရင်း ...

"နင်ကိုယ်တိုင်က မတားမြစ်ဘာ ငါ အံ့သြတယ် ထရေစီ"

"မင်း .. ခေါင် .."

အေးစက်စက်နိုင်လွန်းပြီး အံ့သြမှုတွေနဲ့ ပွင့်ထွက်လာတဲ့ မထရေစီ ရဲ့ ခေါ်သံဟာ ကိုမင်းခေါင် အပါအဝင် အားလုံးကို အံ့သြရစေပါတယ်။

တစ်ကြိမ်တစ်ခါမှ ဒီလို မဆက်ဆံ မတုံ့ပြန်ဖူးတဲ့ အခိုး



www.burmeseclassic.com

www.burmeseclassic.com



အငွေ့တွေဟာ မထရေစီရဲ့ မျက်နှာပေါ်မှာ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရသည်။ တဆတ်ဆတ် တုန်ယင်နေတဲ့ လက်သီးဆုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတာကို ကိုမင်းခေါင် က တအံ့တဩ မြင်တွေ့နေရမှာပါ ..။

"နင်ဟာ ဘာသာတရားအတွက်တောင် နားလည်မှုမပေးနိုင်တဲ့ ယောက်ျားပဲ မင်းခေါင် ..၊ ငါတို့အားလုံးဟာ လူတွေပါ ..၊ အဖွဲ့အစည်း အသိုင်းအဝိုင်းနဲ့ သိုက်သိုက်ဝိုင်းဝိုင်း နေတတ်တဲ့ အကျင့်က ဖျောက်လို့ မရဘူး ..၊ နင် လူတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မနေချင်ဘူးဆိုရင် ကုမ္ပဏီ မဖွင့်နဲ့ ..၊ အေး .. အဲ့ဒီလိုပြောလို့ နင် မကျေနပ်ဘူးဆိုရင် နင် ကြိုက်တဲ့အပြစ်ဒဏ် ပေးလို့ ရတယ်.."

"ဘာ!.. ."

မထရေစီ ရဲ့ စိန်ခေါ်စကားဟာ ကိုမင်းခေါင် အတွက် လူပုံအလယ်မှာ အထိနာစေခဲ့ရသည် ထင်ပါတယ် ..။

"အေး .. စိန်ခေါ်တာကို ငါ ကြိုက်တယ် ထရေစီ .. အေး.. ငါ ထပ်ပြောမယ် ..၊ နင် ရွေးတဲ့လမ်းကို နင် ဖန်တီးတာနော်.."

တစ်ယောက်နဲ့ တစ်ယောက်ဟာ စူးစူးရဲရဲ ကြည့်နေကြ





တယ်..။ ထိုစဉ် တံခါးဖွင့်ဝင်လာတဲ့ သူ့ကို အားလုံးက ဝိုင်းကြည့်ကြသည်။

သူ့လက်ထဲက ပစ္စည်း တစ်ပွေ့တစ်ပိုက်နဲ့ မနိုင်မနင်းပုံစံကြောင့် ကိုမင်းခေါင် ရဲ့ ဒေါသက ပိုဆိုးရွားစေခဲ့သည်။

"သိပ်ကို အလှူအတန်း လုပ်ချင်နေကြတဲ့ ပုဂ္ဂိုလ်တစ်ယောက် လာပြန်ပြီ .."

သူက ပုံစံမကျတဲ့ ကုမ္ပဏီဝန်ထမ်းတို့ရဲ့ မျက်နှာအရိပ်အကဲကြောင့် ...

"ဘာဖြစ်ကြတာလဲ မထရေစီ .."

"ငါတို့ အလှူလုပ်လို့ တဲ့ .."

မထရေစီ ရဲ့ မာဆတ်ဆတ်စကားကြောင့် သူ နားမလည်နိုင်စွာ ကိုမင်းခေါင် ကို ကြည့်မိသည်။

"အလှူလုပ်လို့ .."

သူ့ရဲ့ တွေးတွေးဆဆစကားသံက သူ့ရဲ့ နားမလည်နိုင်မှုနဲ့အတူ မျက်ဝန်းထဲမှာ မေးခွန်းပေါင်းများစွာ ရှင်သန်နေပါတယ်။

ကိုမင်းခေါင် က သူ့ကိုကြည့်နေတဲ့ ကောင်လေးရဲ့ မျက်ဝန်းကို မခံမရပ်နိုင် ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူမျိုးလဲ ..၊ ဘယ်လို လူစားလဲဆိုတဲ့ မေးခွန်းတွေ တသီတတန်းကြီးနဲ့ ကြည့်ပုံမျိုး ..။ ထိုသူငယ်က ခပ်ဆဆ စကား ကို ဆိုတယ် ..။

"ကျွန်တော် မသိလို့ တစ်ခုလောက် မေးချင်တယ် အစ်ကို..၊ အလှူဆိုတာ အဲ့ဒါပြစ်ချက်လား ..၊ ဒါမှမဟုတ် ငြင်းပယ်ခံထား ရတဲ့ ပညတ်ဆိုးလား အစ်ကို .."

ကောင်လေးစကားဟာ သူ့ရဲ့စိတ်ကို ခက်ထန်စေပါတယ်။

"မလိုချင်ဘူး .. မလုပ်နဲ့လို့ တားထားတဲ့စည်းကမ်းကို မင်း တို့ အုပ်စုဖွဲ့ပြီး ဖျက်ပစ်နေတာပဲ ငါ သိတယ် .."

အဆုံးသတ်စကားဟာ သွားကြားက လေစိမ့်ထွက်သွား သလို ဖြည်းညင်းညင်း စီးကျသည်။

"နောက်ကျန်သေးတယ် ညီငြိမ်းချမ်း ..၊ မင်းနဲ့ ငါ့ရဲ့ အစမ်း ခန့်ကာလ မန်နေဂျာရာထူးက ဒီနေ့ ဒီအချိန်ကစပြီး ပြန်ရုပ်သိမ်း လိုက်ပြီ .."

သူ့စကားကို ကောင်လေးက မျက်နှာတစ်ချက်တောင် ပျက် မသွား ..။ ဝန်ထမ်းတချို့ဆီက သူ့ကိုယ်စား အာမေဋိတ်သံအချို့ ပန်းခင်းထဲက ပန်းအချို့ ဟိုတစ်ပွင့်ဒီတစ်ပွင့် ဖူးပွင့်လာသလို





ဖျတ်ခနဲ ဖျတ်ခနဲ ကောင်လေးက သက်ပြင်းချတယ် ..။ ပြီးတော့ သက်ဝေ နဲ့ ထရေစီ ကို တစ်လှည့်စီ ကြည့်တယ် ..။

"ကောင်းပြီလေ .. အစ်ကိုက အလုပ်ရှင် ကျွန်တော်က ဝန် ထမ်း .. ဆုံးဖြတ်ပိုင်ခွင့်က အစ်ကို့ပါးစပ်ဖျားမှာရှိသလို ရွေးချယ် ပိုင်ခွင့်ကလဲ ကျွန်တော်တို့ ဝန်ထမ်းမှာ ရှိတယ် .."

"ငါပါ .. အလုပ်ထွက်မယ် .. ညီ .."

မထရေစီ က ထူးထူးဆန်းဆန်း ကိုညီ ခေါ်နေရာမှ ညီ လို့ ပြောင်းခေါ်သည်။ အဲ့ဒီအခိုက်မှာ ယ်က ကိုမင်းခေါင် အတွက် အခံရခက်မှုကို ပိုလောင်မြိုက်ပေးလိုက်သလို ထင်သည်။

"သိပ်ခင်တွယ်နေကြပါလား ထရေစီ .."

မထရေစီ က နှုတ်ခမ်းမဲ့ရင်း ...

"နင့်ရဲ့ လူကြီးလူကောင်းမဆန်တဲ့ ပါးစပ်ကို ပိတ်သင့်နေပြီ မင်းခေါင် ..၊ အခုအချိန်မှာ ငါတို့ဟာ နင့်ရဲ့အလုပ်သမားတွေ မဟုတ်ဘူး .."

ကိုမင်းခေါင် က တောက်တစ်ချက် ပြင်းပြင်းခေါက်သည်။ ကျွန်တော်က ကိုမင်းခေါင် ကို ထပ်ပြောပြန်သည်။

"ကျွန်တော်တို့ ထုံးစံတစ်ခုတော့ လုပ်ကြရအောင် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းခေါင် မျက်ခုံး အနည်းငယ် တွန့်သည်။ မထရေစီကလည်း ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်က ...

"အလုပ်ထုတ်ပစ်ခံရသူတွေအတွက် သုံးလစာ.. နှစ်ယောက်ပေါင်းဆိုတော့ ခြောက်လစာ .."

"ဟင်!..."

"အို!..."

အာမေဋိတ်သံတွေ အစီအရီ ထွက်လာသည်။ ကျွန်တော့်ရဲ့စကားကို ရှုံးသူရှုံးသားတွေအပြင် ကိုမင်းခေါင် ကိုယ်တိုင်ကပါ အံ့ဩခဲ့ပုံရတယ် ..။

မထရေစီ နဲ့ သက်ဝေ ကတော့ ပိုဆိုးမည်ထင်သည်။ ကိုမင်းခေါင် အံ့ဩနေရင်းက သတိဝင်လာကာ တဟားဟား အော်ရယ်နေရာမှ ...

"ကဲ .. ဘယ်လောက်ကောင်းလိုက်တဲ့ စကားလုံးလဲ ထရေစီ..၊ နင်ပြောတော့ နင့်ကောင်လေးက ပိုက်ဆံကို ဂရုမစိုက်ပါဘူးဆို.."

မထရေစီ က ကျွန်တော့်လုပ်ရပ်ကို နားမလည်နိုင်စွာ ကြည့်သည်။

ကိုမင်းခေါင် က ပိုက်ဆံတစ်ထပ်ကို လက်ကိုင်အိတ်ထဲကနေ





ထုတ်ယူရင်း ကျွန်တော့်ဘေးက စားပွဲပေါ် ပစ်ချသည်။

"ဒါလောက်ဆို မင်းတို့နှစ်ယောက်အတွက် ပိုပါတယ် .."

ကျွန်တော်က ပိုက်ဆံပါကင်တစ်ထပ်ကို တစ်ဝက်ခွဲယူရင်း စားပွဲပေါ် ပြန်ချကာ ..။

"ကျွန်တော် လိုတာထက် ပိုမယူချင်ဘူး အစ်ကို .."

ကျွန်တော် လှမ်းပြောပြီး ပိုက်ဆံတွေကို သက်ဝေ ဆီ လှမ်းပေးသည်။ ကျွန်တော် လှမ်းပေးတဲ့ ပိုက်ဆံကြောင့် သက်ဝေက နားမလည်ဟန် ရှိသည်။ ကျွန်တော်က ပြုံးရင်း ...

"မကြာသေးခင်က ဒီကုမ္ပဏီရဲ့ ညစောင့် ဦးလေးဘသော်လေဖြတ်သွားခဲ့တယ် ..၊ အဲ့ဒီအတွက် အလုပ်ပြုတ်သွားတဲ့ မန်နေဂျာတစ်ယောက်နဲ့ ကုမ္ပဏီပိုင်ရှင်ရဲ့ အထွေထွေအတွင်းရေးမှူးတစ်ယောက်က သူတို့ရဲ့ သုံးလစာ နစ်နာကြေးနဲ့ ဒုက္ခရောက်နေတဲ့ အဲဒီညစောင့်ကြီးကို ကူညီတာပါလို့ ပြောပေးပါ သက်ဝေ.."

"ဟာ!..."

"ငါတို့ မသိလိုက်ပါလား .."

"အေးကွာ .."

သူ ဖွင့်ဟချလိုက်တဲ့ အဖြေအပေါ် တစ်ယောက်တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်သံတွေ အစီအရီ ထွက်လာသည်။ ကိုမင်းခေါင် ရဲ့ မျက်နှာက သူ့စကားကြောင့် အခံရခက်မှုနဲ့ တလူလူ လောင်ကျွမ်းနေမှာ သူ သိတာပေါ့ ..။

"ညီ .. ငါ ဒီနေရာက အမြန်ဆုံးသွားချင်ပြီ .."

မထရေစီ ရဲ့ ရိသဲ့သဲ့စကားသံဟာ ကိုမင်းခေါင် ကို အထိနာစေခဲ့ပါသည်။ ကျွန်တော်နဲ့ မထရေစီ အုံ့သြတွေဝေနေသူများကို ကျောခိုင်းကာ ကုမ္ပဏီထဲမှ ထွက်လာကြသည်။

ပြင်ပလေကို ရှူမိမိချင်း မထရေစီ က လက်ကိုစုံမြှောက်ကာ အသက်ကို အားရပါးရရှူရင်း ပြုံးသည်။

ဒီအပြုံးကိုမြင်တော့ ကျွန်တော် က ...

"ဘာပြုံးတာလဲ အစ်မ .."

မထရေစီ က သူ့ကို ငဲ့ကြည့်ကာ ...

"အခုမှ ငါ့ဘဝက လွတ်လပ်သွားတော့တယ် ညီ .."

ကျွန်တော် ရယ်ချင်တာကို အောင့်အည်းထိန်းချုပ်ဖို့ ကြိုးစားတော့ မထရေစီ က ...

"နင် ဘာသဘောကျတာလဲ .."

"မဟုတ်ပါဘူး .. အစ်မပြောတဲ့ စကားကို သဘောကျမိ





လို့ပါ"

"ဟဲ့ .. ငါ ဘာများပြောမိလို့လဲ .."

"ခုနပဲ အစ်မ ပြောခဲ့တာလေ .. ငါ့ဘဝက လွတ်လပ်သွားပြီဆိုတာ .."

မထရေစီ က နားမရှင်းဟန် ရှိသေးသည်။

"အဲ့ဒီတော့ .."

"ကျွန်တော် တစ်ခု တွေးမိတယ် .. ကျွန်တော် အပါအဝင် လူတိုင်းလူတိုင်းမှာ ကိုယ့်ရဲ့ကျေနပ်မှုကို တလွဲထင်နေကြတယ်လို့ မြင်မိတယ် .."

"ဘာကိုပြောချင်တာလဲ ညီ .."

ပလက်ဖောင်းပေါ်မှာ လတ်လတ်ဆတ်ဆတ် အလုပ်ပြုတ်ခဲ့ရသူ နှစ်ယောက်ဟာ လမ်းလျှောက်ရင်း စကားပြောကောင်းနေကြသည်။

"လူတော်တော်များများဟာ လွတ်လပ်မှုကို လိုလားနှစ်ခြိုက်ကြတယ် ..၊ အဲ .. ဒါပေမယ့် ချုပ်နှောင်ခံရတဲ့ဘဝကို ကျေကျေနပ်နပ် ပျော်မွေ့ကြပြီး လွတ်လပ်မှုကို ပိုနှစ်သက်တယ်လို့ ထင်နေကြသူတွေလဲ ရှိကြပါတယ် အစ်မ .."



www.burmeseclassic.com

www.burmeseclassic.com



မထရေစီ သူ့စကားကို စဉ်းစားနေရင်း တဖြည်းဖြည်း သဘောပေါက်လာပုံ ရတယ် ..။

"ဟယ် .. နင် ငါ့ကို စောင်းပြောနေတာပေါ့လေ .. ဟုတ်လား .. ညီ .."

သူ တဟားဟား အော်ရယ်တော့ ဘေးက ဖြတ်လျှောက်သွားတဲ့ ကောင်မလေးက သူ့ကို မျက်စောင်းထိုးသွားသည်။

မထရေစီ က အဲဒါကို သဘောကျကာ ပြုံးနေရင်း ...

"ဟဲ့ .. ဣန္ဒြေလေးဘာလေး ဆောင်ပါဦး .. နင့်ရယ်သံကြီးက .."

စကားကြောင့် ထပ်ရယ်ချင်မိပြန်သည်။

"သြော် .. ရယ်တာပဲ အစ်မရယ် ဣန္ဒြေသိက္ခာတွေ ထားရအောင် ကျွန်တော်တို့က ဘာမို့လို့လဲ .."

"ဟဲ့ .. နင်က မန်နေဂျာ .. အဲ .."

စကားပင် မဆုံးလိုက်ရ .. လက်ရှိအခြေအနေကို သတိရကာ ပြိုင်တူ ရယ်မိကြပြန်သည်။ ခပ်လှမ်းလှမ်းက ကားမှတ်တိုင်အရောက် မတိုင်ပင်ဘဲ ထိုင်ခုံတွေမှာ ဝင်ထိုင်မိကြသည်။

နေ့လယ်နေ့ခင်းမို့ ကားမှတ်တိုင်မှာ လူသူအံ့ရိပ်အယောင်





တောင် မတွေ့ရ ..။

"နင် ကိုမင်းခေါင် ကို ဘယ်လိုမြင်လဲ ညီ .."

ကျွန်တော် မထရေစီ စကားကြောင့် မထရေစီ ကို ကြည့်မိသည်။ မထရေစီ က ကတ္တရာလမ်းမကိုသာ ကြည့်နေသည်။

"ကျွန်တော် မြင်တဲ့အတိုင်း ပြောရမှာလား .."

မထရေစီ က ခေါင်းညိတ်သည်။

"အတ္တကြီးတယ် .. တစ်ကိုယ်ကောင်းဆန်တယ် .. လူမှုရေးအသိဉာဏ် ချို့တဲ့တယ် .. အင်း .. အနီးစပ်ဆုံး ဥပမာနဲ့ပြောရရင် ကတ္တရာလမ်းပေါ်က ချိုင့်တစ်ခုပဲ .."

"လမ်းပေါ်က ချိုင့် .."

ကျွန်တော် မထရေစီ မေးလာတဲ့စကားကို ခေါင်းညိတ်ပြမိသည်။

"ဟုတ်တယ် .. ကိုမင်းခေါင် က ချိုင့်ထဲက မြေသားလိုပဲ..၊ လူတွေအားလုံးနဲ့ တစ်သားတည်း တစ်ညီတည်းဖြစ်ဖို့ ညှိလို့မရတဲ့ ပုံစံခွက်ကြီး ..၊ သူက သီးသန့်ဆန်တယ် ..၊

ကားတစ်စီး အရှိန်ပြင်းပြင်းနဲ့ မောင်းလာပါတယ်ဆိုပါစို့..၊ လူ အားလုံးနဲ့ လိုက်လျောညီထွေ မနေနိုင်မှုက သူ့အတွက်ရော



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအတွက်ပါ အခက်အခဲ ဖြစ်စေနိုင်တယ် ..”

“ဟုတ်တယ် ..”

ခပ်ညည်းညည်း ထောက်ခံလိုက်တဲ့ မထရေစီရဲ့ မျက်နှာ ခပ်နွမ်းနွမ်းကို တစ်ချက်ကြည့်ပြီး ...

“နောက်တစ်ခု ရှိသေးတယ် ..”

“ဘာများလဲ ညီ ..”

ကျွန်တော်က ပြုံးနေရင်း ...

“အစ်မကို သူ ချစ်တာ ဇဝေဇဝါ ဖြစ်နေပုံရတယ် ..”

“ဟာ!...”

ရဲခနဲ ဖြစ်သွားတဲ့ မထရေစီ ရဲ့ ရှက်ကိုးရှက်ကန်းဟန်က အပျိုပေါက်ကလေးတစ်ယောက်လို ..၊ (အင်း .. ဒီအပျိုကြီးတော့ ရှက်နေပြန်ပါပြီ) စိတ်ထဲက တွေးရင်း ...

“မထရေစီ ကလဲ အစ်ကို့အပေါ် စေတနာတွေ ပိုနေတယ်”

သူ သဘောကျ အော်ရယ်မိပြန်သည်။ ရယ်သံဆုံးမှ မထရေစီ က ...

“အင်း .. အဲဒါတွေ ထားပါတော့ .. ရှေ့ဆက်မှပဲ ပြောကြ အောင်..၊ ငါက ကိစ္စမရှိဘူး ညီ ..၊ အလုပ်မလုပ်လဲ ငါ့အခြေအနေ





က သက်သောင့်သက်သာ နေလို့ရတယ် ..၊ သူ့ဆီမှာ အလုပ်ဝင် တယ်ဆိုတာတောင် သူ့ အကူအညီတောင်းလို့ ညီ ..၊ ငါ အလုပ် မဆင်းရင် ငါ့အိမ်က ပိုတောင် သဘောကျဦးမယ် ..”

“ဘာဖြစ်လို့လဲ ..”

မထရေစီ က ...

“ကုမ္ပဏီလစာက ငါ ရုံးတက်ရုံးဆင်း ဝေယျာဝစ္စဖိုးတောင် မရှိဘူး ..၊ လကုန်ရင် ငါ မာမီ့ဆီက လက်ဖြန့်နေရလို့ဟာ ..”

“အစ်မကတော့ ဖြစ်ရမယ် ..”

လွတ်လပ်တဲ့ငှက်တွေလို သူနဲ့ မထရေစီ သက်သောင့်သက် သာ ..၊

“နင်ကရော ညီ ..”

မေးစေ့ကို လက်မနဲ့ လက်ညှိုးညှပ်ကာ စဉ်းစားဟန်ပြုလုပ် ပြတော့ မထရေစီ က မျက်စောင်းထိုးသည်။

“အလုပ်နောက်တစ်ခု မဝင်ခင်စပ်ကြား ကျွန်တော့်ကိစ္စတွေ ပေါ် ပိုအာရုံစိုက်မယ်လေ ..”

“နင် ငါ့ဒယ်ဒီကုမ္ပဏီမှာ အလုပ်ဝင်မလား .. ငါ ပြောပေး မယ်လေ ..”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ အစ်မရာ .. ကျွန်တော် အလုပ်မဝင်ချင်သေးဘူး .."

"အေးလေ.. နင် အလုပ်ဝင်ချင်တယ်ဆိုရင်တော့ ငါ့ကို ပြောနော် .."

"အင်းပါ .."

အငှားကားတစ်စီး လာတာကြောင့် မထရေစီ က တားသည်။ သူတို့ရှေ့ ကားရောက်တော့ ...

"ငါ လိုက်ပို့ပေးမယ် .."

"ရတယ် အစ်မ .. ကျွန်တော် လျှောက်သွားချင်သေးတယ်"

မထရေစီ က ဘာမှမပြောတော့ ..၊ သူ့ကို နှုတ်ဆက်ပြီး အငှားကားပေါ်တက်ကာ နှုတ်ဆက်သည်။ ကားလေး အဝေးဆုံး ရောက်တော့မှ လမ်းလျှောက်ခြင်းကို စတင်သည်။





•

ကျွန်တော် ခြေလှမ်းတွေ ရပ်တန့်သွားသည်။ အမှန်တော့ ဒီလောက် စိတ်ဝင်စားဖို့ကောင်းတဲ့မြင်ကွင်း မဟုတ်ပေမယ့် ကျွန်တော်ကတော့ ဒီလူကြီးကို ဟိုးအစပိုင်းကတည်းက စိတ်ဝင်စားခဲ့တာ အမှန်ပါ။

ထိုလူကြီးက ကင်းတဲပေါ်မှ ခပ်လျော့လျော့ မှီထိုင်သည်။ ကလေးငယ်က လူကြီးကို ပြုံးပြသည်။

သွားကျိုးလေးနဲ့ ရယ်ပြတဲ့ ကလေးငယ်ကြောင့် လူကြီးက မျက်မှောင်ကြုတ်သည်။ ပြီးတော့ ...

"ပိုက်ဆံပါလား .."

ကလေးက ခေါင်းညိတ်ပြီး ပိုက်ဆံတစ်ရွက်ကို သုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက သူ့အင်္ကျီအိတ်ထဲကစက္ကူနှင့် ခေါက်ရိုးချိုး ပြု လုပ်ထားတဲ့ စက္ကူရုပ်လေးကို ပေးသည်။

ကလေးက ပျော်ရွှင်ဝမ်းသာအားရနဲ့ ယူကာ ထွက်ခွာသွားသည်။ တစ်အောင့်ကြာတော့ လူကြီးက ဒယီးဒယိုင်နဲ့ မလှမ်းမကမ်းကဆိုင်ဆီ ဝင်သွားသည်။

သိပ်မကြာခင် ပြန်ထွက်လာပါသည်။ ပါးစပ်ကို အင်္ကျီလက်မောင်းစနဲ့သုတ်ပြီး သူ့နဂိုနေရာလေး မှာ ပြန်လှဲဖို့ ကြိုးစားသည်။

သူ လှဲဖို့ ကြိုးစားစဉ် သူ့ကို စိတ်ဝင်စားစွာ ရပ်ကြည့်နေသော ကျွန်တော့်ကို မြင်တွေ့သွားခဲ့သည်။

"ဟော့ကောင် .. ဘာကြည့်တာလဲ .."

အရိုင်းဆန်တဲ့ စကားတစ်ခွန်းအတွက် ကျွန်တော်က ဘာမှ ပြန်မပြောပါ။

လူကြီးရှိရာ ကင်းတဲဆီ လျှောက်လာကာ လူကြီးဘေးမှာ ဝင်ထိုင်သည်။

ကျွန်တော်နှင့် လူကြီး တစ်ယောက်ကိုတစ်ယောက် အက ခတ်ကြသည်။

လူကြီးသည် ပေပေတေတေနေဟန် အမြဲ မှုန်တေတေ မျက်





နှာထားပေါ်က အလိုမကျမှု အရှုပ်အထွေးတွေက နားလည်ရခက်တဲ့ အမျိုးအစားလို့ ခန့်မှန်းရ လွယ်ကူသည်။

ကျွန်တော် သူ့ဘေးမှာ ဝင်ထိုင်တော့ အမြဲ တွန့်ချိုးနေကြ မျက်ခုံးမြင့်မြင့်ဟာ ထုံးစံရှိဟန်နဲ့ တွန့်ကွေးသွားပါတယ် ..။

အဆက်အဆံမရှိတဲ့ လူနှစ်ဦးရဲ့စကားဟာ စိတ်ဝင်စားစရာကောင်းလှပါသည်။

"စက္ကူရုပ်တွေကို ချိုးတတ်တဲ့ ဦးလေးရဲ့လက်ဟာ အနုပညာဆန်ဆန်နဲ့ လှပသလောက် ဦးလေးရဲ့စိတ်က ကြေးစားဆန်နေတာ ကျွန်တော် အရမ်းအံ့ဩတာ အမှန်ပဲ ..၊ လောကက သိပ်အချိုးအစား လွဲမှားနေတာပဲနော် ..၊ လောကကြီးမှာ အသုံးမကျမယ့်လူတစ်ယောက်အတွက် ဦးလေးရဲ့ အနုပညာဆန်တဲ့ လက်တွေကို နှမြောမိတယ် .."

"ဟ!.. အသားလွတ်ကြီး စော်ကားနေပါလား ..၊ မင်းက ဘယ်ကကောင်လဲ .."

သူ့ရဲ့စကား ဓားသွားဟာ လူကြီးအတွက် ဒဏ်ရာနက်နက် ထိရှစေမှာ သေချာသွားသည်။

သောက်ထားတဲ့အရှိန် ပြေသွားအောင် သူ့ရဲ့စေစားချက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ထိရောက်သွားခဲ့သည်။

ကျွန်တော် ဆက်ပြောမိသည်။

"ကိုယ်ထိန်းသိမ်းတာညံ့လို့ ကိုယ့်သားသမီးတွေရဲ့ လျစ်လျူရှုခံခဲ့ရတဲ့ မိဘတွေကို စစ်တမ်းကောက်ကြည့်ရင် ကမ္ဘာပေါ်မှာ အပြည့်ပါ .."

လူကြီး သူ့စကားကြောင့် ဆတ်ခနဲ ဖြစ်သွားကာ သူ့ကို အံ့ဩဟန် ကြည့်သည်။

"ကိုယ့်ရဲ့ အလိုမပြည့်မှုဟာ အပြစ်မဲ့တဲ့ ကလေးတွေအတွက် အသုံးမချသင့်ဘူး ဦးလေး .."

"မင်း .. ဘာကို ပြောချင်တာလဲ .."

ရှုးရှုးရှဲရှဲနှင့် အလောတကြီး ပြောဟန်ကြောင့် ကျွန်တော် ပြုံးမိပါသည်။

"မေတ္တာတရား .."

ကျွန်တော့်ရဲ့ အဆုံးမရှိ စကားတစ်ခွန်းဟာ ဝေးဝေးလံလံ ဂြိုဟ်က ဂြိုဟ်သားတစ်ယောက် ကမ္ဘာကိုရောက်လာတဲ့သတင်းလို လူကြီးအတွက် အထူးအဆန်းဖြစ်ဟန် ရှိသည်။

မရေမရာ တစ်ကိုယ်တည်း ပြောနေသလို ရေရွတ်ပြန်





တယ်..။

"မေတ္တာတရား .."

လူကြီးရဲ့ ရေရွတ်တဲ့စကားရဲ့ အဓိပ္ပာယ်မှာ တကယ်တော့ စွမ်းအင်တွေ ရှိနေခဲ့ပါတယ် ..။

"နေရမယ့်ခဏတာအတွက် ကိုယ်ချန်ထားရစ်ခဲ့တဲ့ အရိပ်အငွေ့ဟာ လောကရဲ့ ဒုက္ခသုခ အအေးဒဏ်ကို ခံနိုင်ရည်ရှိတဲ့ ဝတ်ရုံတစ်ခု ဖြစ်ခဲ့ရင် မကောင်းဘူးလား"

မမိုတ်မသုန်ကြည့်နေတဲ့ လူကြီးရဲ့မျက်ဝန်း ..။ ပြီးတော့...

"မင်း .."

ကျွန်တော် သက်ပြင်းလေးတွဲတွဲချရင်း အခုလို ပြောမိသည်။

"ကျွန်တော် ဒေါက်တာစိန်ထွန်း နဲ့ တွေ့ပြီးပြီ .."

"ဩော် .."

ခပ်တွေတွေ အံ့ဩမှုအဆုံးမှာ စက္ကန့်တော်တော်များများ တိတ်ဆိတ်သွားကြတယ် ..။

ပထမဦးဆုံး လူကြီးက အခုလို ပြောပါတယ် ..၊

"နောက်ဆုံးအချိန်တွေမှာ ပျောက်ကွယ်ဖို့နဲ့ ဒုက္ခပြိုရင်ဆိုင်နိုင်ဖို့ ငါ ကြိုးစားနေမိတယ် ..၊ ဒါပေမယ့် မလွယ်ဘူး ချာတိတ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးမိသည်။ ကိုယ့်အပြုံးမှာ ကိုယ်သာ သိသည်။ မီးတောက်တွေ တဟုန်းဟုန်းတောက်လောင်နေမှာ သိနေခဲ့သည်။

"ဒါဆို ဦးလေး ရင်ဆိုင်ပုံ ရင်ဆိုင်နည်း မှားနေလို့ပဲ ဖြစ်မယ် .."

"ဘယ်လို .."

တစ်ယောက်ကိုတစ်ယောက် ရင်ဆိုင်ကြည့်မိကြသည်။ အဲဒီအချိန်မှာ မိုးတွေ ရွာချပါတယ်။ လူသူကင်းရှင်းသွားတဲ့ လမ်းကလေးဟာ မှိုင်းညို့ညို့နဲ့ တစ်စုံတစ်ခု ကွယ်ဝှက်ထားဟန် ..။

ကင်းတဲလေးရဲ့ အပေါ်မှာတော့ လူနှစ်ယောက် သီအိုရီအသစ်ရဲ့ အဓိပ္ပာယ်ကို ဖော်ထုတ်နေကြသည်။

မိုးစက်တွေဟာ ရှင်သန်ခြင်းတွေ ..၊ ဘယ်တော့မှ မသေဆုံးနိုင်တဲ့ ရှင်သန်ခြင်းတွေ ရွာချ စီးဆင်းလျက် ..။





ပွဲအခြေအနေက ဘယ်လိုလဲ

ရေပန်းစားနေတဲ့ ဂန်ကြမ္မာက

ငါတို့အသင်းရဲ့ ပြိုင်ဘက် ..၊





www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... မဖြစ်နိုင်တာကွာ .. လာနောက်မနေနဲ့ ညီ .."

"ငါ တကယ်ပြောတာပါ သက်မြိုင် .. ဒါ လိမ်သင့်ညာသင့်တဲ့ကိစ္စမှ မဟုတ်တာ .."

"မဖြစ်နိုင်ပါဘူး .."

ခါးခါးသီးသီး ငြင်းဆန်နေတဲ့ သက်မြိုင်ကြောင့် သူ ရယ်ချင်မိသည်။ ကျွန်တော် ဆောင်းရိပ် ကို ကြည့်တော့လည်း မယုံသင်္ကာဟန် ..၊

"ဟုတ်ပါတယ် .. ကိုညီ ရာ .. မဖြစ်နိုင်တဲ့ဟာ .."

ကျွန်တော် သွေးအေးအေးနဲ့ ပြုံးမိပါသည်။

"အချိန်တိုတိုအတွင်းမှာ ဒီလူကြီးကို စည်းရုံးနိုင်တယ်ဆိုတာ မင်းစကားက ယုတ္တိဆန်ပါ့မလား ညီ .."





"ခက်ထန်မာကျောပါတယ်ဆိုတဲ့ သံတုံးသံခဲလဲ မီးနဲ့တွေ့တော့ အရည်ပျော်တယ် သက်မြိုင် .. ကြီးမားတဲ့ ကျောက်စိုင်ကျောက်ခဲလဲ လှိုင်းပုတ်ဖန်များတော့ တဖြည်းဖြည်းနဲ့ ပွန်းရှပျောက်ကွယ်သွားတယ်..၊ ငါက အေးမြတဲ့ရေစက်တွေနဲ့ မီးတောက်တွေလို သူ့ရင်ထဲက မလိုလားအပ်တဲ့ မာကျောမှုတွေကို ဖျက်ဆီးပစ်လိုက်တာ .."

"ဘယ်လို .."

သူ့စကားကို နားမရှင်းဟန် ဆောင်းရိပ် ပြောတော့ သူ အဓိပ္ပာယ်ဖော်ရခက်တဲ့အပြုံးနဲ့ သက်မြိုင် ကိုသာ ကြည့်မိသည်။

"သူလဲ ငါ့လိုပဲ သက်မြိုင် .."

သက်မြိုင် သူ့စကားကို ချက်ချင်း နားမလည် ..၊ နောက်တော့ တဖြည်းဖြည်း အမူအရာ ပြောင်းလဲလာပါတယ်။

"သြော် .."

ဆောင်းရိပ် ကတော့ သူတို့ပြောတာတွေကို မသိရှာ ..။ အပြင်မှာ နေက ပျောက်ကွယ်ဖို့ ကြိုးစားချင်ဟန်နှင့် တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းမကုန်ဆုံးမီ ဆောင်းရိပ် ဆိုသော မိန်းကလေး အခု လို ဆိုခဲ့ပါတယ် ..။ ဖုံဖုံ နေမကောင်းပါတဲ့ ..၊ သူမရဲ့စကား ကြောင့် ကျွန်တော် အံ့အားသင့်ရတယ် ..။

ကျွန်တော် ဖုံဖုံ ကို သွားတွေ့ချင်တဲ့အကြောင်း ပြောတော့ ဆောင်းရိပ် က အခက်အခဲရှိဟန် တူသည်။ သူမရဲ့ အခက်အခဲ က ကိုမင်းခေါင် ရဲ့ အတားအဆီးလားလို့ မေးမိတော့ မိန်းကလေး က အားနာရိပ်နဲ့ ခေါင်းညိတ်သည်။

"လွန်လွန်ကျူးကျူးကြီး ဖုံဖုံ က မဖြစ်ပေမယ့် စိုးရိမ်ရတဲ့ အဆင့်အထိတော့ မောင်လေးက နေမကောင်းဖြစ်နေတာ .. ကိုညို ကို သူ အရမ်းတွေ့ချင်နေတယ် .."





"ဆောင်းရိပ် က ကိုညို ကို ဖုံဖုံ နဲ့ တွေ့ပေးချင်နေတယ်..၊ ဒါပေမယ့် ကိုကိုကြီးနဲ့ ကိုညို က ပြဿနာဖြစ်ထားတော့ ကိုညို လိုက်ချင်ပါ့မလားလို့ .."

တစ်ဝက်တစ်ပျက်စကားကို ဆိုခဲ့တဲ့ ဆောင်းရိပ် ရဲ့ အားနာ ဟန်ကို ကျွန်တော် ရယ်မောမိသည်။

"ဘာဆိုင်လို့လဲ ဆောင်းရိပ် ရယ် .. ကျွန်တော်နဲ့ ပြဿနာ ဖြစ်တာက ကိုမင်းခေါင် လေ .. ဆောင်းရိပ် မှ မဟုတ်တာ .."

"အဲဒါတော့ ဟုတ်တာပေါ့ .. ဒါပေမယ့် ဆောင်းရိပ် ကိုညို ကို အားနာတယ် .. ပြီးတော့ မထရေစီ ကိုလဲ အားနာတယ်"

"မထရေစီ .."

ကျွန်တော့်ရဲ့ တုံ့ပြန်အမေးကို ဆောင်းရိပ် က ခေါင်းညိတ် ပြသည်။

သက်မြိုင် ကလည်း စိတ်ဝင်စားဟန် ရှိသည်။

"ကိုညို တို့ မထရေစီ တို့နဲ့ ပြဿနာဖြစ်ပြီးကတည်းက ကိုကိုကြီးလဲ တစ်မျိုးဖြစ်နေတယ် .. ကိုခင်ထွေး လဲ ပြောတယ်.. ကုမ္ပဏီမှာလဲ အားလုံးကို ဆူပူကြိမ်းမောင်းနေတာတဲ့ .."

"ကျွန်တော့်အထင် ပြောရမလား .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ခွင့်တောင်းစကားကြောင့် ဆောင်းရိပ် က ခေါင်း ညိတ်သည်။

"ကိုမင်းခေါင် သူ့နှလုံးသားရဲ့အလိုကို သူ ဖွတ်ငြင်းရှာနေ တာ .."

"ဘယ်လို!... ကိုညီ .."

ကျွန်တော် ပြုံးတုံ့တုံ့ လုပ်ရင်း ...

"သူ့ရဲ့နားမှာ အရိပ်လို တစ်ချိန်လုံးရှိနေ .. သူ့စိတ်တိုင်းကျ လုပ်ပေးနေတဲ့ မထရေစီ ကို သူလွမ်းနေတာ ..၊ ဒါပေမယ့် အလွမ်း ဆိုတာကို သူ မသိတော့ အခက်တွေ့နေတာလေ..၊ တကယ်တော့ မထရေစီ ကို သူ ချစ်နေခဲ့တာ သူ မသိရှာဘူး .."

ဆောင်းရိပ် သဘောကျဟန် ရယ်သည်။

"ဒါဆို မထရေစီ ကရော .."

သက်မြိုင် က ကြားဖြတ် ဝင်ပြောသည်။

"ဆောင်းရိပ် ရယ် .. နင့်အစ်ကို လူ့ဂွစာကြီးကို သံယောဇဉ် မရှိဘဲနဲ့ မထရေစီ က ဒီလို အနွံတာခံပါ့မလားဟာ .."

"ဟုတ်တယ်နော် .."

ကျွန်တော်က ..





"ကိုမင်းခေါင် က မထရေစီ ကျွန်တော့်ဘက်က ရပ်တည် ပေးလို့ စိတ်ဆိုးနေတာပါ"

"ဒါကတော့ မထရေစီ မှန်ပါတယ် ကိုညီ ရယ် .. ဒါကို ပြစ်ပြောလို့မှ မရတာ .."

ဆောင်းရိပ် ရဲ့ မှတ်ချက်ကြောင့် သက်မြိုင် က ရယ်ချင် ဟန်နှင့် ...

"ဟ .. ဒုတိယ မထရေစီ နဲ့ တွေ့နေပြန်ပြီဟော့ .."

"သက်မြိုင် နော် .."

အနီရိပ်စွန်းသွားတဲ့မျက်နှာနဲ့ မိန်းကလေးရဲ့ ချစ်စဖွယ် မျက်နှာကို သူ ငေးမောရင်း သက်ပြင်းချမိသည်။

သူ့အလင်းကို သူ သိသည်။

အစဉ်အမြဲ တောက်ပနေမယ့် သူ့မျက်ဝန်းကို မှိတ်ပစ်မိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ .. ကိုညီ .."

သူ့အရိပ်အခြေကို အကဲခတ်မိပုံရတဲ့ ဆောင်းရိပ် ကြောင့်...

"ဘာမှမဖြစ်ပါဘူး ဆောင်းရိပ် ရယ် .."

ဆောင်းရိပ် က ...

"ဒါနဲ့ ကိုညီ ဗုံဗုံ့ ဆီ လာမှာလား .."

သူ ပြုံးရင်း ခေါင်းခါပြသည်။ ဆောင်းရိပ် မျက်နှာ ညှိုးကျသွားသည်။

"မျက်နှာမညှိုးလိုက်ပါနဲ့ဦး ဆောင်းမင်းသမီးရယ် .. ကျွန်တော့်အစား တစ်ယောက်ယောက်ကို လွှတ်လိုက်ပါ့မယ် .."

"ဟင်!... ဘယ်သူလဲ .."

ကျွန်တော် ကျေကျေနပ်နပ် ပြုံးမိရင်း ...





"ကျွန်တော့်ဘဝမှာ တစ်ကြိမ်သာ ဝတ်ဖူးသေးတဲ့ ဆန်တာကလော့စ်ဝတ်စုံနဲ့ သိပ်နူးညံ့သွားတဲ့ လူတစ်ယောက်..၊ အဲဒီလူက ဆန်တာကလော့စ်နဲ့ သိပ်တူတဲ့ လေးလေးမိုး .."

"ဟိုလူကြီး .."

ကျွန်တော်က ...

"ဟုတ်တယ် .. ဒီပွဲမှာ သူ အဓိကကျလိမ့်မယ် ..၊ သူ့ရဲ့ စိတ်သစ် ဆန္ဒသစ် အင်အားကို ကိုယ် အသုံးပြုရလိမ့်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပါးပြင်မှာ မျက်ရည်တွေ စီးကျနေပါတယ် ..။ တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းထဲမှာ ဝမ်းနည်းခြင်းတွေက နေရာယူနေကြပြီ ..။

ကံကြမ္မာရဲ့ ကောင်းကောင်း အနိုင်ယူမှုက သူ အပါအဝင် အားလုံးက ကျေနပ်ကြမည် မထင် ..။

သွေးစွန်းပေနေတဲ့ ခုတင်ထက် ဆန်တာကလော့စ်ဝတ်စုံနဲ့ လူတစ်ယောက်ရဲ့မျက်နှာကို သူ ငေးကြည့်မိရင်း သူ ခပ်တိုးတိုး ဆိုခဲ့မိသည်။ အဲဒီအသံကို အားလုံးက ကြားမှာပါ ..။

"အရမ်းစောလွန်းပါတယ် လေးလေး ရယ် .. သူတို့ခေါ်တာ အချိန်စောလွန်းတယ် .."





သူ့ရေရွတ်သံကြောင့် အားလုံးသည် စိတ်မကောင်းဟန် ..။ ခုတင်ပေါ်က လူတစ်ယောက်ရဲ့ နောက်ဆုံးဈာပနဟာ မကြာခင်က သိခဲ့ရတဲ့ လူသုံးယောက်နဲ့ ပြီးဆုံးသွားသတဲ့လား ..။

"လေးလေးမိုး က ဗိုဗို့ ဆီကို သွားဖို့ ဆန်တာကလော့စ်ဝတ်စုံကြီးနဲ့ သူ့တိုက်ခန်းက ဆင်းအလာ ကားလမ်းမပေါ်ရောက်တော့ သူ အရုပ်ချိုးချိုးပြီး ပိုက်ဆံယူနေတဲ့ ကလေးက တစ်ဖက်ကားလမ်းကနေ ဝမ်းသာအားရနဲ့ ဖြတ်အကူး လေးလေးက အရှိန်နဲ့လာတဲ့ကားကို ကြားက ဝင်တားလိုက်သလို ဖြစ်သွားခဲ့တာပေါ့..၊ အချိုးအကွေ့ဆိုတော့ ကလေးနဲ့ ကားက တစ်ယောက်ကို တစ်ယောက် မမြင်ရှာဘူး ..၊ လေးလေးမိုး က တစ်ဖက်ကားလမ်းကဆိုတော့ မြင်နေတာပေါ့ကွာ .."

သက်မြိုင် ရဲ့ ရှင်းပြနေတဲ့စကားကြောင့် သူ့ရင်ထဲ ဆို့နင့်သွားရတယ် ..။

"စာနာမှုခေါင်းပါးတဲ့ လူတစ်ယောက်ရဲ့ အလျော်အစားပေးဆပ်မှုက အံ့ဩစရာပဲနော် .."

ဆောင်းရိပ် ဆီက ကြိတ်ရှိုက်ငိုလိုက်တဲ့အသံကို သူ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး အောင်မြင်ပါတယ်ဗျာ .. ဒါပေမယ့် လေးလေး သွားရမယ့်ခရီးက စောလွန်းပါတယ် .. အရမ်းကို စောလွန်းပါတယ် .."

သူ့ရဲ့ အဆုံးအစမသိတဲ့ စကားကို သူ ကိုယ်တိုင် သိနေသည်။ မကြာသေးပါဘူး .. သူနဲ့တွေ့ခဲ့တုန်းက လေးလေး ပြောခဲ့တဲ့စကား ..။

(မင်းပြောတဲ့ ကိုယ်ချင်းစာနာစိတ်ဆိုတာ ငါ သဘောပေါက်ပါပြီ ..။ မင်းနဲ့ ငါ ပုံစံချင်းတူပေမယ့် ဖြတ်သန်းပုံခြင်းက အရမ်းကွာခြားသွားတယ် ..)

သူ မျက်ဝန်းကို စုံမှိတ်ရင်း ယိုင်နဲ့နဲ့ ဖြစ်သွားတာကြောင့် ခုတင်တိုင်ကို လှမ်းထိန်းလိုက်သည်။

နိုးရိမ်ပုံရတဲ့ အသံလေး ..၊

"ကိုညီ .."

"တို့တွေ နောင်ဘဝမှာဆုံရင် .. ငါ မင်းရဲ့ ဦးလေးသားချင်း တစ်ယောက် ဖြစ်ချင်တယ် ဖိုးညီ .."

ဟုတ်ပါတယ် လေးလေး .. ဒီစကားတွေ အခုထိ ကျွန်တော် ကြားယောင်နေတုန်းပဲ ..။





(အဲဒီအချိန်ကျရင် မင်းနဲ့ ငါ ဝေဒနာဆိုတဲ့စကားကို မကြားချင် မတွေ့ရတဲ့လူ ဖြစ်ခွင့်ရချင်တယ် ..။)

ဆန္ဒတွေ ပြည့်ဝပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ် ..။

မှုံးဝေနေတဲ့ခေါင်းကို အုပ်မိုးရင်း ဆောင်းရိပ် ဘက်ကို လှည့်မိတော့ ...

"ကိုညီ .."

"ညီ .."

ဘယ်အခါဖြစ်ဖြစ် ခင်ဗျား ကျွန်တော်နဲ့ ရှိနေမှာပါ..။



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်းကို ဝတ်ဆင်ပြီး

ညနိုးမယ်ကို သိစေထားချင်တယ် ..။







"မင်း မှာတဲ့အတိုင်း ဒီဝတ်စုံကို သူနဲ့အတူ ငါ ထည့်ပေးလိုက်တယ် ညီ .."

ခုတင်ပေါ်မှာ သက်သောင့်သက်သာနဲ့ သူလှဲရင်း ရင်ထဲက စကား ဆက်မေးမိပြန်သည်။

"သူ့သားသမီးတွေ လာသေးလား .."

"လာတယ် ..၊ ဒီ့ထက် ပိုအံ့သြစရာကောင်းတာက .."

တစ်ဝက်တစ်ပျက် စကားသံကြောင့် ...

"ဘာလဲ .. သက်မြိုင် .."

သူ့ခုတင်ဘေးက လူနာထိုင် ခုံတန်းမှာ သက်မြိုင်က ဝင်ထိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးမိုး ကယ်လိုက်တဲ့ ကလေးနဲ့ ကလေးရဲ့ အဖေ အမေတွေ ဒီရွာပနအခမ်းအနားကို စီစဉ်သွားခဲ့တာ လေးလေးကို သိစေချင်လိုက်တာ ..၊ သူ့ဘဝရဲ့ နောက်ဆုံးအချိန်ကို သူ မြင်စေချင် .. သိစေချင်လိုက်တာ ..၊ သိခဲ့ရင် သူ သိပ်ကျေနပ်မှာပဲ ..၊ တကယ်တမ်း ရက်တတ်မယ်ဆိုရင် လေးလေးရဲ့ သားနဲ့ သမီး နောင်တရသင့်တယ် .. ရှက်သင့်တယ် .."

"ကလေးကလည်း ငိုလိုက်တာ .. သူ့အဖေနဲ့အမေဆိုလည်း ဒီအတိုင်းပဲ ..၊ သူ့တိုက်ခန်းဝန်းကျင်ကလူတွေ ရွာပနပွဲကို အကုန်လာတယ် .. အဖြစ်အပျက်တွေကိုလဲ အံ့သြနေပုံရတယ် ..၊ ဘေးက ကြည့်ရတဲ့သူတွေတောင် စိတ်မထိန်းနိုင်ဘူး ညီ .."

"ငါ အစအဆုံး ရှိသင့်တာ .."

သက်မြိုင် က သက်ပြင်းချသည်။

"သူနဲ့ ငါ နောက်ဆုံးပြောခဲ့တုန်းက ငါ့အခြေအနေကို သူ့ကို ပြောတော့ ခက်ထန်မာကျောတဲ့ သူ့မျက်နှာပေါ်က အံရေပြားတွေ နူးညံ့သွားတာ ငါ မြင်ယောင်သေးတယ် .."

သူ့စကားကြောင့် သက်မြိုင် က ...

"ဒါတွေ ဆောင်းရိပ် သိလား ညီ .."





သူ လေးတွဲ့စွာ ခေါင်းယမ်းရင်း ....

"သူ မသိစေချင်ဘူး ..၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့အပေါ်ထားတဲ့ သံယောဇဉ်ကို မြင်မိလို့ပဲ .."

မျက်ရည်ဟာ အငွေ့ပျံလို့ သီးခြားမိုးတိမ်တစ်မျိုး ဖြစ်ခဲ့ရင် ကမ္ဘာပေါ်က တစ်နေ့စာ ဝမ်းနည်းခြင်းတွေနဲ့ မိုးတိမ်တွေ ဖြစ်ပေါ်လာမယ်ပေါ့ ..။

အဲဒီမိုးတိမ်တိုက်တွေကတစ်ဆင့် မိုးပြန်ရွာခဲ့မယ်ဆိုရင် အဲဒီ မိုးရေဒဏ်ကို လူတွေ ခံစားနိုင်ကြပါမလား ..။

ဟုတ်တယ် ..၊ ဝမ်းနည်းခြင်းတွေနဲ့ စိုစွတ်နေကြမှာ မြင်ယောင်မိသေးတယ် ..။



www.burmeseclassic.com

www.burmeseclassic.com



"နင် သိပ်အံ့သြသွားသလား ညီ .."

မထရေစီ က ပြောလည်းပြော သူ့ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်သည်။ အဖော်ပါလာဟန်တူသူ ဆောင်းရိပ် က သူမအပြုံးနဲ့ သူမကျေနပ်နေဟန် ရှိသည်။

"အင်း .. အံ့သြတယ် .. အံ့သြတာထက်စာရင် ဝမ်းသာတာ"

"ဘာကိုလဲ .."

မထရေစီ ရဲ့ ပြန်မေးတဲ့စကားကြောင့် ကျွန်တော်က ...

"သြော် .. အစ်မတို့ ပြန်အဆင်ပြေသွားတာကို .."

"ဟာ .. ဒီကောင်လေး .."

မထရေစီ ရှက်ကိုးရှက်ကန်း ဖြစ်နေသေးသည်။

"မထရေစီ .. ကိုကိုကြီး ကိုယ်တိုင် လာတွေ့တာလား .."





မထရေစီ နှုတ်ခမ်းတစ်ချက်တွန့်ရင်း ...

"အင်းပေါ့ .. လာတာတောင် အခုထိ အချိုးမပြေချင်သေးဘူး ..၊ ထရေစီ နင် ငါ့ဆီမှာ အလုပ်ပြန်ဝင်ဟာတဲ့ .. ပြီးတော့ ပြောသေးတယ် .."

ကျွန်တော်နဲ့ ဆောင်းရိပ် က မထရေစီ ကိုကြည့်ကာ သဘောကျ ရယ်မောမိသည်။

"ဟိုကောင်လေးပါ ခေါ်ခဲ့တဲ့ .. နင့်ကိုပြောတာ ညီ ရေ.. ငါလဲ မသိချင်ယောင်ဆောင်ပြီး ခပ်တည်တည်နဲ့ ဘယ်ကောင်လေးလဲ မေးတော့ မင်းခေါင် က မျက်နှာနီနီကြီးနဲ့ ညီငြိမ်းချမ်း လေဟာတဲ့ ..၊ ငါ တစ်ဖက်လှည့်ပြီး ကျိတ်ရယ်တော့ နင့်အစ်ကိုကြီးက မျက်ထောင့်နီကြီးနဲ့ ဘာရယ်တာလဲတဲ့ ..၊ ငါကလဲ ခပ်တည်တည်ပဲ၊ ဟဲ့ .. နင်အလုပ်ထုတ်ထားတဲ့ဟာကိုလို့ ပြောတော့ ငါ့ကို ဘုကြည့်ကြည့်ပြီး နင် လျှာရှည်ပါလား ထရေစီ .. အခု အလုပ်ပြန်ခန့်တဲ့ဟာလို့ ပြောတယ် .."

ကျွန်တော်တို့ ရယ်မိကြသည်။ မထရေစီ က ဆက်၍ ...

"နောက်မှ ငါ သိရတာ နင်ဆက်သွယ်ပေးတဲ့ (MARINE) အင်ဂျင်တွေက အတော်အလုပ်ဖြစ်တာကိုဟ.. အဲဟာလီက ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



နဲ့လဲ ရေရှည် အလုပ်အတူလုပ်ဖို့ သဘောတူစာချုပ် ချုပ်လိုက်ပြီ လေ..၊ နယ်အမှာစာတွေကလဲ ကုမ္ပဏီဆီ ဈာရောက်လာတာ ဒီ အင်ဂျင်ကို စိတ်တိုင်းကျ ကျေနပ်ကြောင်းပေါ့ဟာ ..”

ကျွန်တော်က ခေါင်းညိတ်ပြရင်း ...

“ဟုတ်တယ် အစ်မ .. ပထမအင်ဂျင်တုန်းက ကုမ္ပဏီနာမည် ပျက်ရတာ အဓိကကတော့ အင်ဂျင် ပါးပြီးပေါက်တဲ့ကိစ္စတွေ အများဆုံးပဲ..၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ အင်ဂျင်အေးအောင် ရေဝင်ရေထွက်စနစ်ကြောင့်ပဲ ..၊ ရေဝင်ရေထွက်စနစ်မှာ ပင်လယ် ရေငန်နဲ့ပဲ အင်ဂျင်အေးအောင် လုပ်ရတာကို အဲ့ဒီမှာ ပြဿနာ စတော့တာပဲ ..၊ ဒါလဲ မှတ်တမ်းဟောင်းတွေ ပြန်လေ့လာကြည့်မိ မှ သိရတာ ..၊ ကျွန်တော် နယ်စပ်ဆင်းပြီး လေ့လာတော့ .. အခု ကျွန်တော်ကို တင်သွင်းတဲ့အင်ဂျင်မှာ အဲဒါကို ထိန်းချုပ်ထားနိုင် တဲ့ အရည်အချင်းတွေရှိတာ ကျွန်တော် သိခဲ့ရတယ်..၊ အမှန်က အင်ဂျင်မှာတပ်တဲ့ ဖစ်ကာ (ပလပ်ခေါင်း)မှာ ဇင့်ခေါင်း မထည့် ထား ို့ပဲ ..”

“ဇင့်ခေါင်း ..”

ဆောင်းရိပ် တအံ့တဩ ဆိုသည်။ ကျွန်တော် ခေါင်းညိတ်ပြ





မိရင်း စကားကို ပြန်ဆက်သည်။

“အကြောင်းရင်းကတော့ဗျာ .. အင်ဂျင်အေးအောင် အင်ဂျင် ဘလောက်ထဲကို ဖြတ်ခိုင်းတဲ့ ပင်လယ်ရေဟာ (ဇင့်) နဲ့တွေ့တော့ ဓာတ်သဘောအရ ရေချိုဖြစ်သွားခဲ့တယ်လေ ..”

“အံ့ဩစရာပဲနော် ..”

မထရေစီ စကားကြောင့် ကျွန်တော် ပြုံးမိသည်။

“အဲဒီ အကျိုးဆက်က အင်ဂျင်ကိုယ်ထည် သတ္တုကို စားပြီး ပေါက်ပြဲတဲ့ဒဏ်က ကင်းခဲ့တာပေါ့ ..၊ ဒါကြောင့် ကျွန်တော်က ယုံယုံကြည်ကြည် အင်ဂျင်သုံးစွဲခဲ့တဲ့သူတိုင်းကို နာရီတစ်ထောင် အာမခံချက်ပေးလိုက်တာ ..၊ ဒီ ပလပ်ခေါင်း ဇင့်ငါးလုံးကိုလဲ နှစ်လတစ်ကြိမ် ပြောရရင်တော့ဗျာ.. ငါးဖမ်းသင်္ဘောတွေ ပင်လယ် တစ်ခါထွက်ပြီး ပြန်လာရင် လဲခိုင်းတဲ့သဘောပေါ့ဗျာ ..၊ ကိုယ်တိုင် ကြီးကြပ်ပြီး စီစဉ်ပေးခဲ့တဲ့သဘောပေါ့ ..”

“အေးလေ .. အဲဒီအကျိုးဆက်က မင်းခေါင် စိတ်အေးရပြီ ပေါ့..၊ ဒါကြောင့်လဲ မင်းခေါင် နင့်ကို ပြန်ခေါ်ခိုင်းတာကို ..”

မထရေစီ ရဲ့ မှတ်ချက်စကားအဆုံးမှာ ကျွန်တော်က ပြုံးစေ့ စေ့နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"မထရေစီ နဲ့ ကိုမင်းခေါင် တို့ရဲ့ နှင်တွေငါတွေ မိုးမွှန်တဲ့ တိုက်ပွဲချိုချိုတွေ ပြန်ကြားရတော့မယ်ပေါ့ .."

"နှင်ဟာလေ .. ငါ့ကို မစရရင် မနေနိုင်တဲ့ ကောင်လေးပဲ ညီ .."

ဆောင်းရိပ် က ကျွန်တော့်ကို မေးသည်။

"ဒါနဲ့ ဟိုနေ့က ကိုညီ ဆေးရုံကို သွေးလာလှူတာလား.."

ကျွန်တော် ပြုံးမိသည် ထင်သည်။

"ဘာဖြစ်လို့လဲ .."

ဆောင်းရိပ် က ကျွန်တော့်အပြုံးကြောင့် မျက်မှောင်ကြုတ် ရင်း ...

"ဆောင်းရိပ် သွေးဘဏ်ရှေ့ကဖြတ်တော့ တွေ့လိုက်သလို ပဲ ..၊ ကိုယ်လဲ ကိုယ့်ကိစ္စနဲ့ကိုယ်ဆိုတော့ ကိုညီ ကို လှမ်းခေါ်ဖို့ မခေါ်ဖြစ်လိုက်ဘူးလေ .."

သူ ငြိမ်သက်နေမိသည်။ ဆောင်းရိပ် က အလိုက်သိစွာ ဆက်မမေးတော့ ..။ သက်ပြင်းတွေသာ သီချင်းတွေဆိုရင် တေးသံတွေ ပျံ့လွင့်နေမှာ သေချာပါသည်။





"ဟင်!... ဦးဦးဂျိုကာ .."

မုံမုံ က အိပ်ရာထက်ကနေ တအံ့တသြနဲ့ ဆိုသည်။

ပြီးတော့ အိပ်ရာထက်ကဆင်းပြီး ကျွန်တော်နဲ့ ဆောင်းရိပ် ဆီ ပြေးလာတော့ ကျွန်တော်က ကို့ယို့ကားယား ဂျိုကာဝတ်စုံ ကြီးနဲ့ ဆီးကြို ပွေ့ဖက်ကာ ...

"ဖြည်းဖြည်းလာပါ မုံမုံ ရယ် .. သားက နေကောင်းသေး တာမှ မဟုတ်တာ .."

"အေးလေ .. မုံမုံ ရယ် .."

ဆောင်းရိပ် ကလည်း သူ့လိုပဲပြောတော့ မုံမုံ က ရယ်ပြီး...

"သားက ကောင်းနေပါပြီ မမဆောင်း ရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်က လမ်းမှာဝင်ဝယ်လာတဲ့ ဘိုမရုပ်လေးကို ပေးတော့ ဖုံဖုံ က ဝမ်းသာအားရနဲ့ ယူကာ ...

"ဟာ .. သား သိပ်ပျော်တာပဲ ..၊ မနေ့ကတည်းက မမကို မှာမလို့ .."

ဖုံဖုံ့ စကားကြောင့် ကျွန်တော်က မေးမိသည်။

"သားက အရုပ်တွေကို ချစ်လို့လား .."

ဖုံဖုံ ခေါင်းရမ်းပြပြီး ...

"ဟင့်အင်း .. သားက ချစ်တော့ချစ်တယ် .. နည်းနည်းပဲ ချစ်တယ် .."

ကျွန်တော် မျက်နှာရှုံ့မဲ့သွားတော့ ဆောင်းရိပ် က ရယ်သည်။

ဖုံဖုံ က ဆက်ပြောပါသည်။

"ကြွေရုပ် ကို ပေးမလို့ မမဆောင်းရိပ် .."

"ကြွေရုပ် .. ကြွေရုပ် က ဘာဖြစ်လို့လဲ သား .."

ဆောင်းရိပ် အမှတ်တမဲ့ မေးမိတော့ ဖုံဖုံ က ပြောပါတယ်။

"ကြွေရုပ် နေမကောင်းဖြစ်တာ ကြာပြီလေ .. သူ နေကောင်းအောင်လို့ သား အရုပ်ဝယ်ပေးချင်တာ .."





ဆောင်းရိပ် က ဖုံဖုံ့ ခေါင်းကို ပွတ်ရင်း ...

"မမ.. ကြွေရုပ် နေမကောင်းဖြစ်တာ မသိပါလား ..၊ နောက်နေ့ သွားတွေ့လိုက်မယ်နော် ဖုံဖုံ .."

ကြွေရုပ် ဆိုတာက သူတို့ခြံနဲ့ သုံးခြံကျော်ကျော်က ကိုကိုကြီး သူငယ်ချင်း ကိုမင်းမောင် ရဲ့သမီးလေး ဖြစ်ပါသည်။

ကိုကိုကြီးနဲ့ ကိုမင်းမောင် က သူငယ်ချင်းတွေမို့ အရမ်းခင်သည်။ ကိုမင်းမောင် က အရမ်းခင်ဖို့ကောင်းသလောက် သဘောထား ပြည့်ဝသည်။

ကျောင်းမှာကတည်းက ကိုကိုကြီးနဲ့ ကိုမင်းမောင် ကို မတူညီတဲ့အတွဲလို့ သတ်မှတ်ထားကြပါသည်။

"ကြွေရုပ် .. ကြွေရုပ် ဆိုတာ ကျွန်တော် သိသလိုပဲ ဆောင်းရိပ် .."

ကိုညီ စကားကြောင့် ဆောင်းရိပ် ပြုံးရင်း ...

"သိမှာပါ .. ရီစိုး တို့ အတန်းကပဲလေ ကိုညီ .."

"ဪ .."

ကိုညီ ဆက်မပြောတော့ ..။ နောက်တော့ ကိုညီ က ဆောင်းရိပ် နဲ့ ဖုံဖုံ့ ကို နှုတ်ဆက်ကာ ပြန်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလည်း အဝတ်အစားလဲပြီး အိမ်ကအကူ ဒေါ်ကြီးစိုး နဲ့အတူ ဝိုင်းဝန်းချက်ပြုတ်ပြီး ရေမိုးချိုး အဝတ်အစား လဲသည်။ အဝတ်အစားလဲပြီး ထွက်လာတော့ ကိုကိုကြီး ကုမ္ပဏီက ပြန်ရောက်နေပါသည်။

"မီဆောင်း .. ဒီနေ့ စောလှချည်လား .."

ကိုကိုကြီးက ဒေါ်ကြီးစိုး လာချပေးတဲ့ ရေတစ်ခွက်ကို ယူသောက်ရင်း ပြောတော့ ဆောင်းရိပ် ကိုကိုကြီးဘေးမှာ ဝင်ထိုင်ရင်း ...

"ဟုတ်တယ် .. ကိုကိုကြီး .. မုံမုံ လဲ နေမကောင်းဘူးဆိုတော့ စောစောပြန်လာခဲ့လိုက်တာ .."

ကိုကိုကြီးက ခေါင်းတညိတ်ညိတ်နှင့် ..။

သူ တစ်ခုခု ပြောချင်ပြီဆိုရင် ပြုမူနေကြအတိုင်း မျက်ခုံးနှစ်ဖက် ကျုံ့နေတော့ ...

"ကိုကိုကြီး ဘာပြောချင်လို့လဲ ဟင် .."

သူမ စကားစပေးတော့ ကိုကိုကြီးက ဆောင်းရိပ် ကို ကြည့်ကာ ...

"နင်နဲ့ ညီငြိမ်းချမ်း နဲ့က ဘာလဲ .."





ရုတ်တရက်မို့ သူမ အံ့အားသင့်သွားတာ အမှန်ပင် ..။ ကိုကို ကြီး က ပြောရင် တုတ်ထိုးအိုးပေါက် ..။ သူမ အနေခက်သွားမိ ာလဲ အမှန်ပါ ..။

"ဘာဖြစ်လို့လဲ ကိုကိုကြီး .."

"ငါ မေးတာ ဖြေစမ်း မီဆောင်း ရယ် .."

သူမ သက်ပြင်းငွေ့ငွေ့ ချမိရင်း ...

"ဘာ .. ဘာမှ မဟုတ်ကြပါဘူး .. ကိုကိုကြီး .."

ကိုကိုကြီးက အတန်ကြာ စိုက်ကြည့်နေတာကြောင့် သူမ ခေါင်းငုံ့မိပါသည်။

နောက်တော့ ...

"ဟုတ်ခဲ့ကြရင်လဲ ငါ မကန့်ကွက်ပါဘူး .."

"ရှင်!..."

သူမ ကိုကိုကြီး စကားကြောင့် နောက်တစ်ကြိမ် အံ့သြရပြန် ါသည်။

"ဒီကောင်လေးနဲ့ ငါနဲ့ တချို့နေရာတွေမှာသာ စိတ်သဘောထားချင်း မတိုက်ဆိုင်ရင်သာ ရှိမယ် .."

ကိုကိုကြီးက လူမှုရေးကိစ္စတွေကို ရည်ညွှန်းပုံ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အလုပ်ကိစ္စတွေမှာ ဒီကောင် အကွက်မြင်တယ်.. စေ့စပ်တယ် .. တိကျတယ် ..၊ ဒီကောင်ပြောတဲ့ (လူမှုရေး) ပေါင်းသင်းဆက်ဆံရေး ကောင်းတော့ ကုမ္ပဏီကလူတွေကလဲ ကိုညီ.. တခြား ငါတို့နဲ့ပတ်သက်နေတဲ့ တခြားကုမ္ပဏီက ဒါရိုက်တာတွေကအစ ညီငြိမ်းချမ်း မှ ညီငြိမ်းချမ်း ဖြစ်နေပြီလေ ..၊ ဒီကောင်လေး မဆိုးပါဘူး .."

ကိုညီ့ ကို ကိုကိုကြီး ချီးမွမ်းတော့ သူမကိုယ်တိုင် အချီးမွမ်းခံရသလို စိတ်ချမ်းသာမိတာ အမှန်ပါ ..။

ဖွင့်ပြောဖို့ခက်နေတဲ့ ကိုညီ့ နှုတ်ခမ်းအဖွင့်အဟကိုလည်း တစ်ခါတလေ သူမ စိတ်တိုမိပါသည်။

"အင်း .. ဒီကောင်လေးကို ဒီဇင်ဘာလထဲ အီတလီက ကုမ္ပဏီကို ကိုကိုကြီးကိုယ်စား သွားခိုင်းဖို့တောင် အန်ကယ် ဦးကျော်စိုးလွင် နဲ့တောင် တိုင်ပင်မိသေးတယ် .."

"တကယ် .."

ဒီနေ့တော့ ကိုကိုကြီး နှုတ်ဖျားက ထွက်တဲ့စကားသံတွေဟာ သူမအတွက်တော့ တကယ့် အထူးအဆန်းတွေလို ဖြစ်နေပါသည်။





အချိန်တိုတိုအတွင်းမှာ ကိုကိုကြီးဆီက ယုံကြည်မှုကို ရယူနိုင်တာဟာ တကယ်တော့ ကိုညီ့ အတွက်တော့ မထူးဆန်းလောက်ပါ ..။

"ကဲ .. ကိုကိုကြီး ရေချိုးလိုက်ဦးမယ် ..၊ ပြီးရင် .. တို့မောင်နှမတွေ ထမင်းစားကြတာပေါ့"

"ဟုတ်ကဲ့ .. ကိုကိုကြီး .. ဆောင်းရိပ် ဒေါ်ကြီးနဲ့အတူ ထမင်းပွဲ ပြင်ထားလိုက်မယ်နော် .."

ကိုကိုကြီးက ထူးထူးဆန်းဆန်းပြုံးရင်း သူမခေါင်းကို ပုတ်ကာ အပေါ်ထပ် သူ့အခန်းရှိရာကို ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဆောင်းရိပ် .. လာ .."

ကိုညီ နဲ့ သက်မြိုင် ချက်ထိုးနေရာမှ ဆောင်းရိပ် တို့ ရောက်လာတော့ အံ့သြသွားပုံ ရပါသည်။

ရီစိုး က စားစရာ အထုပ်အပိုးတွေ သယ်လာရင်း ကိုညီကို မျက်စောင်းထိုးကာ ...

"ကိုညီ တို့ကတော့နော် .. ဒီမှာ စားစရာတွေ သယ်လာတဲ့သူတော့ စကားထဲ ထည့်မပြောဘူး .."

"ဟာ!... ရီစိုး ကလဲ ကျွန်တော် .."

ကိုညီ အိုးတို့အမ်းတမ်း ဖြစ်နေပုံကြောင့် သူမ ပြုံးမိပါသည်။ သက်မြိုင် က ကိုညီ ကိုယ်စား အခုလို ပြောပါတယ်။





"ရီရီ ရယ် .. ကိုကိုသက် ပြောပါ့မယ် .. လာ .. နောက်ဖေးကို .."

"ကိုသက် နော် .. ဘာစကားလဲ .."

"နောက်ဖေးစကား .. အဲလေ .. ဟို စားစရာတွေ သွားထည့်မယ်ပြောတာ ..၊ လာ .. "

သက်မြိုင် တို့ စုံတွဲ နောက်ဖေးဆောင် ထွက်သွားတော့ အခန်းထောင့်က အရုပ်ပုံကို သတိထားမိပါသည်။

"လာ .. ထိုင် .. ဆောင်းရိပ် .."

သူမ ထိုင်ခုံမှာ ဝင်ထိုင်ရင်း ကိုညီ ရဲ့ အိမ်လေးကို သဘောကျစွာ လေ့လာမိပါသည်။

အိမ်လေးက ပျဉ်ထောင်အိမ်လေး ဆိုပေမယ့် သပ်သပ်ရပ်ရပ်နဲ့ ချစ်စရာလေးပါ။

သက်မြိုင် တို့ စုံတွဲက ကော်ဖီနဲ့ မုန့်တွေ သယ်လာရင်း ရီစိုး က အခန်းထောင့်က အရုပ်ပုံကို သတိထားမိကာ ...

"အရုပ်တွေက များလှချည်လား ကိုညီ .."

"ဒါ အစပဲရှိသေးလို့ ရီရီ ရေ .. လကုန်ပြီး တစ်ခု... နှစ်ရက်ဆို ငါတို့နှစ်ယောက်တောင် နေစရာ မရှိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



သက်မြိုင် စကားကြောင့် ဆောင်းရိပ် စိတ်ဝင်စားသွားပါတယ်။

"ဘာဖြစ်လို့လဲ ကိုသက်မြိုင် .."

သက်မြိုင် က ကိုညီ ကို မေးဆတ်ပြပါသည်။ ကိုညီ က အခုလို ပြောပါတယ်။

"နှစ်တိုင်းနှစ်တိုင်း (Eve)ပွဲတော် ဒီဇင်ဘာခြောက်ရက်နေ့ နီးတိုင်း ကျွန်တော့်အဖော် ချက်ပလက်ကြီး .. ဟိုကောင်ကြီးပေါ့"

ကိုညီ မေးဆတ်ပြရာကြည့်တော့ အိမ်ရှေ့မှာရပ်ထားတဲ့ ခပ်မြင့်မြင့် ချက်ပလက်ကား အနက်ရောင်ကြီးကို တွေ့ပါသည်။

"ကျွန်တော် ဂျိုကာဝတ်စုံဝတ်ပြီး ကျောင်းတွေ .. အသိမိတ်ဆွေတွေဆီကို လိုက်ပြီး အလှူခံလေ့ရှိတယ် ..၊ တချို့ကျောင်းတွေကတော့ ကျွန်တော် လာမယ့်ရက်ကို သိကြတော့ ကျောင်းသားတွေ .. ဆရာ/ဆရာမတွေ .. ကျောင်းသားတွေရဲ့ အမေအမေတွေက အရုပ်ဖြစ်ဖြစ် .. ပိုက်ဆံဖြစ်ဖြစ် .. စုပေါင်းပြီး အလှူခံထားလေ့ ရှိတယ်လေ .."

"အင်း .. အဲဒါတော့ ရီရီး သိတယ်လေ .."

ရီရီး တို့ကျောင်းက သူ့ကို နှစ်တိုင်း အလှူခံနေကြ ..။





"ဒီဇင်ဘာ ၅ ရက်နေ့ညဆို ကျွန်တော့်ခြံထဲမှာ အလှူခံပွဲလေး တစ်ပွဲ လုပ်တယ် ..၊ အသိမိတ်ဆွေတွေက လာပြီး ငွေကြေးလာလှူလေ့ရှိတယ်လေ ..၊ နောက်တစ်နေ့ဆိုရင် ရတဲ့ငွေနဲ့ စတိုးဆိုင်သွားပြီး အရုပ်တွေ ဝယ်ရတာပေါ့ ..၊ ဒီတစ်နှစ် နှစ်နှစ်မှာတော့ ကျွန်တော့်အလုပ်ကို စိတ်ဝင်စားတဲ့ လူငယ်တချို့နဲ့ ဂျိုကာဝတ်စုံဝတ်ပြီး ကလေးဆေးရုံတွေ သွားတယ်..၊ ပြီးတော့ အသည်းအသန်ဖြစ်နေရာတဲ့ ဥပမာ နှစ်ရှည်ကြာ ကင်ဆာဖြစ်နေတဲ့ကလေးတွေ .. သွေးကင်ဆာရောဂါဝေဒနာသည် ကလေးတွေရဲ့ အိမ်ကိုသွားပြီး ကျွန်တော်တို့ လက်ဆောင်အရုပ်တွေ ပေးလေ့ရှိတယ် .."

ဆောင်းရိပ် က တွေးမိပြီး ...

"ကိုညီ .. ဆန်တာကလော့ဒ်ဝတ်စုံကြီးက ဘယ်သူမှ မဝတ်ရသေးဘူးပေါ့ .."

ကိုညီ မျက်နှာ ညှိုးနွမ်းသွားကာ ...

"ဒီဝတ်စုံနဲ့လိုက်မယ့် ခန္ဓာကိုယ်အချိုးအစားနဲ့လူနဲ့ ကျွန်တော် ကံမပါသေးဘူး ထင်ပါရဲ့လေ .."

သက်မြိုင် က အရွှမ်းဖောက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ခန္ဓာကိုယ်မျိုးနဲ့ လူတစ်ယောက် ရှိတယ် .. ခေါ်လိုက်ပါ .."

"ဘယ်သူလဲ ဟင် .."

ဆောင်းရိပ် က မသိ နားမလည်ဘဲ မေးတော့ သက်မြိုင်က ရယ်ချင်ဟန်နှင့် ...

"နင့်အစ်ကို .. ကိုကိုကြီးလေ .."

သက်မြိုင် စကားကို ဘယ်သူမှ မရယ်ကြပါ ..။ ဆောင်းရိပ် သက်ပြင်းချရင်း ...

"နောက်တစ်ခါ အကြီးအကျယ် ပြဿနာတက်ကြတော့မယ် ထင်ပါရဲ့ .."

ကိုညီ က အလန့်တကြား ဆောင်းရိပ် ကို ကြည့်သည်။ ဆောင်းရိပ် လေးလေးပင်ပင် ပြောမိပါသည်။

"ကိုညီ့ ကို အီတလီကုမ္ပဏီဆီသွားဖို့ ကိုကိုကြီး စီစဉ်နေတယ် .."

"ဟင်!..."

ကိုညီ ရဲ့နှုတ်ဖျားက အံ့သြသံဟာ အလန့်တကြား ခုန်ထွက်လာပါတယ်။





ပြဿနာရနံ့က ကြိုတင် ရရှိနေသလို ခံစားရပါသည်။

အားလုံး ငိုင်တွေသွားပါတယ်။

ဆောင်းရိပ် ဆုတောင်းမိပါသည်။

ဒီပြဿနာဟာ နောက်ဆုံးပြဿနာ ဖြစ်ပါစေတော့လို့ ..။

ဘာဖြစ်လို့လဲဆိုတော့ ..၊



www.burmeseclassic.com

“ဘာကွ!...”

ကိုကိုကြီး ဝုန်းခနဲ ထရပ်ပုံက စနက်တံပုံပေါ် မီးစချလိုက်သလိုပါပဲ ..။

မထရေစီ သက်ပြင်းကို ကျိတ်ချမိပါသည်။

စိတ်ထန် ခေါင်းမာသူနဲ့ ပျော့ခွဲ့ခွဲ့ ဟန်ပန် ယုံကြည်ရာကိုပဲ ဘာပဲဖြစ်ဖြစ် ရွေးချယ်တတ်သူတို့ရဲ့ တိုက်ပွဲက မုန်တိုင်းထန်တော့မယ်ဆိုတာ ကြိုသိနေသည်။

ဖိုင်တွဲစာအုပ်ကိုကိုင်ရင်း မထရေစီ ဘေးမှာ ခေါင်းငုံ့ရပ်နေတဲ့ သက်ဝေ တောင် ကိုကိုကြီးဒေါသကြောင့် အသက်ပြင်းပြင်း မရှူရဲလောက်အောင် ..။





ကိုညီ က စားပွဲကို စိုက်ကြည့်နေပြီး ကိုကိုကြီး က ကိုညီ့ကို စိုက်ကြည့်နေပါတယ်။

အသံဆို အပ်ကျခဲ့ရင်တောင် ကြားရလောက်တဲ့ အနေအထားထိ ပကတိ တိတ်ဆိတ်နေလွန်းသည်။ စားပွဲပေါ်က ကိုကိုကြီး (တိုင်မာ)ပေးထားလို့ ထင်သည်။ နာရီက တတီတီ အော်မြည်ပါသည်။

ဘယ်သူမှ အဲဒီနာရီကို နှိုးစက် သွားမပိတ်ကြ ..။

အခြေအနေက အချိန်ကိုက်ဗုံးတစ်လုံးပါပဲ ..။ ထရေစီ မျက်ဝန်းမိုတ် သက်ပြင်းချကာ နာရီကို သွားပိတ်လိုက်ရတော့ ...

“ထရေစီ .. ပြီးရင် အဲဒီနာရီကို အမှိုက်ပုံးထဲ ထည့်လိုက်..”

ထရေစီ ဆတ်ခနဲ ကိုကိုကြီး ကို ကြည့်မိတော့ ကိုကိုကြီး က အံကျိတ်ရင်း သွားကြားထဲက ထွက်လာတဲ့ လေသံမျိုးနဲ့ ကျိတ်ပြီးပြောသည်။

“ဒီကောင့်အတွက် မျှော်လင့်ချက်ကြီးကြီးနဲ့ ငါ ပေးဆပ်လိုက်ရတဲ့အချိန်တွေကို နမြောလို့ ..”

ကိုညီ့ ကို ကြည့်တော့ ကိုညီ က ဘာမှပြန်မပြောနိုင်တဲ့ ကျောက်ရုပ်တစ်ရုပ်လို ..။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး .. ဒီကုမ္ပဏီရဲ့ ဆုံးဖြတ်ချက်မှန်သမျှကို မင်းခေါင်းနဲ့ မင်းပါးစပ်က သုံးပြီး ကြိုက်သလို ရွေးချယ်ခန့်ခွဲနိုင်တဲ့ ပါဝါအပြည့်နဲ့ သွားရမယ့် ဒီခရီး ဒီအခွင့်အရေးကို ပယ်ဖျက်ရအောင် မင်းကိစ္စ ဘယ်လောက် အရေးကြီးနေသလဲ ..၊ ခွင့်ရက်တွေ ဘာကြောင့် ရက်ရှည်ယူရတာလဲ ညီငြိမ်းချမ်း .."

ကိုညီ ခေါင်း တဖြည်းဖြည်း မော့လာပါသည်။ ဖြူလျော့လျော့ နှုတ်ခမ်းကို လျှာနှင့်သပ်ရင်း တည်ငြိမ်အေးဆေးစွာနဲ့ အခုလို ပြောပါသည်။

"ဒီဇင်ဘာ ၁ ရက်နေ့ကစပြီး ကျွန်တော် ကားတစ်စီးနဲ့ နှစ်စဉ်နှစ်တိုင်း အလှူခံလေ့ ရှိပါတယ် အစ်ကို .."

"ဘာ!... ဘယ်လို .."

ကိုကိုကြီး ကြားရတဲ့စကားကြောင့် အထူးအဆန်းလို ဖြစ်သွားပါတယ်။

ဒါဟာ နောက်ပြောင်နေတာတော့ မဖြစ်နိုင် ..။ ဒီချာတိတ်က ဒီလို နောက်ပြောင်လေ့ မရှိ ..။

ကိုညီ မထရေစီ ကို တစ်ချက် ဖျတ်ခနဲ ကြည့်ပြီး ...

"အဲဒီ အလှူခံလို့ရတဲ့ အရုပ်တွေကို ဒီဇင်ဘာ ၆ ရက်နေ့နဲ့





နောက်နေ့တွေမှာ ဆေးရုံတွေမှာ ကလေးတွေကို လိုက်ဝေလေ့ရှိတယ် အစ်ကို ..၊ ကျွန်တော် ဒီလိုလုပ်တာ လေးနှစ်ရှိခဲ့ပါပြီ .."

ကိုကိုကြီး က ညီငြိမ်းချမ်း ကို မမြင်ဖူးတဲ့ လူတစ်ယောက်လို ငေးကြည့်နေသည်။

"အဲဒါ ဘာတွေလဲ .. အဲဒါ ဘာလုပ်ကြတာလဲ .. မင်း ရူးနေတာလား ညီငြိမ်းချမ်း ..၊ ဘာတွေလဲကွာ .. ဘာမှမဟုတ်တဲ့ ဒီ(သောက်)လုပ်တွေကို မင်း ဘာကြောင့် ရွေးချယ်ရတာလဲ ..၊ မင်း ငါ့စိတ်ကို ဆွနေတာလား ညီငြိမ်းချမ်း ..၊ ဒါမှမဟုတ်ရင် ငါ့ကုမ္ပဏီကို ခရီးသွားဧည့်သည်တွေ နားနေတဲ့ ဇရပ်လို့ ထင်နေတာလား .."

ကိုကိုကြီး က ဒေါသတွေ ဆင့်ကဲ ပေါက်ကွဲပြနေသလောက် ကိုညီ ကတော့ လေသံအေးအေးနဲ့ ...

"ဟုတ်ပါတယ် အစ်ကို .. ကျွန်တော်က ဧည့်သည်ပါ .."

စကားဆုံးတော့ ကိုညီ က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်သည်။

"တောက်! .. ငါ မင်းကို မျှော်လင့်ထားခဲ့တာ .. ငါ လိုချင်တဲ့ ပုံစံလို့ မျှော်လင့်ထားခဲ့တာ ငါ့အမှားပဲ ညီငြိမ်းချမ်း .."



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီး စကားကြောင့် ညီငြိမ်းချမ်း က တဖြည်းဖြည်းချင်း ပွင့်လာတဲ့ ပန်းတစ်ပွင့်လို ပြုံးပါတယ်။

"မျှော်လင့်ထားခဲ့တာ .. တန်ဖိုးထားခဲ့တာ .. ကျွန်တော်သိတဲ့ မျှော်လင့်ချက်နဲ့ တန်ဖိုးက ဘာကွာဟာချက်မှ မရှိပါဘူး..၊ သူဌေးကြီးတစ်ယောက်ရဲ့ မျှော်လင့်ချက်နဲ့ တန်ဖိုးက ကလေးတစ်ယောက်ရဲ့ မျှော်လင့်ချက်နဲ့ တန်ဖိုးထက် ပိုမြင့်မြတ်တယ်.. ပိုတန်ဖိုးကြီးမားတယ်လို့တော့ ကျွန်တော် မထင်ဘူး .."

ညီငြိမ်းချမ်း ရဲ့ စကားကြောင့် မထရေစီ မသိမသာ ပြုံးမိသလို ကိုကိုကြီး အတွက်တော့ အရှိုက်ကို ထိုးနှက်လိုက်သလိုပါပဲ ..။

"မင်း ငါ့ရှေ့က ထွက်သွား ညီငြိမ်းချမ်း ..၊ မင်း ငါ့ကုမ္ပဏီအရိပ်မှာတောင် လာမနားနဲ့ .. ထွက်သွား .. သွားစမ်း ..၊ မင်းဘာလိုချင်လဲ .. မင်းကိုယ်စား လူတစ်ယောက် လွှတ်လိုက် ..၊ လျော်ကြေးဆိုလဲ ငါ ပေးမယ် .. မင်း ထွက်သွား .."

ကိုညီ က တိတ်တိတ်ဆိတ်ဆိတ်ပဲ ထွက်ခွာသွားခဲ့ပါတယ်..။ ကိုကိုကြီးကတော့ ရင်ထဲမှာ လှိုင်းလုံးကြီးတွေလို ခံရခက်နေဟန်နဲ့ ရုံးခန်းတံခါးကိုဖွင့်ကာ အားလုံးကို အခုလို ဒေါသ





တကြီးနဲ့ ပြောပါတယ် ..။

"ကဲ .. ငါ့အလုပ်က ထွက်ချင်တဲ့သူတွေ ဘယ်သူရှိသေးလဲ ပြောကြစမ်း .."

အားလုံး ကျောက်ရုပ်တွေလို တိတ်တိတ်ဆိတ်ဆိတ် ..။

ကိုကိုကြီး လှည့်ထွက်မယ်လုပ်တော့ လူအုပ်နောက်ဆုံးအပြင်ထွက်တဲ့တံခါးနားက လက်ညှိုးတစ်ချောင်း ထောင်လိုက်ပုံနှင့်အတူ ...

"ကျွန်တော် ထွက်မယ် ဆရာ .."

မထင်မှတ်တဲ့အသံနဲ့ မထင်မှတ်တဲ့လူကြောင့် ကိုကိုကြီး ဘယ်လိုမှ မယုံကြည်နိုင်စွာ ...

"ကိုခင်ထွေး .."

"ဟုတ် .. ဟုတ်ပါတယ် ဆရာ .."

သူ့ရဲ့ ကားဒရိုင်ဘာ ကိုခင်ထွေး က ခေါင်းငုံ့ ရပ်နေပါသည်။

"ကျွန်မလဲ ထွက်မယ် ဆရာ .."

နောက်ကျောဘက်ကအသံကြောင့် လှည့်ကြည့်တော့ နောက်တစ်ယောက် ..၊



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဝေ ..၊

"ငါလဲ ထွက်မယ် ကိုကိုကြီး .."

နောက်တစ်ယောက်က ထရေစီ ..၊ သူ နာနာကျင်ကျင် ရယ်လိုက်ပါသည်။

နောက်ဆုံးတစ်ယောက်က သူ့အဖေလက်ထက်ထဲက စာရင်းဇယားတွေ ကိုင်တွယ် သစ္စာရှိခဲ့တဲ့ စာရေးကြီး အန်ကယ်ထွန်း..။

"သွားကြ .. သွားကြ .. သွား .. .."

ကိုကိုကြီး အရူးတစ်ယောက်လို ကြုံးအော်လိုက်ပါတယ်။ ထရေစီ သက်ပြင်းချမိပါသည်။





ညီ တို့ မရှိတဲ့နောက်ပိုင်းမှာ ကုမ္ပဏီဟာ တိတ်ဆိတ်မှုတွေနဲ့ သူစိမ်းဆန်လွန်းနေတာ ကုမ္ပဏီမှာရှိတဲ့သူတွေ အားလုံး သတိထားမိကြပါသည်။

အဆိုးဆုံးကတော့ ကိုကိုကြီး ပေါ့ ..။

ကုမ္ပဏီအတွက် တစ်နေ့တာ ဖြတ်သန်းရမယ့်အချိန်ကာလတွေဟာ ဒေါသသံတွေနဲ့ ဆူညံနေခဲ့ပါသည်။

ကုန်ကုန်ပြောရရင် ကိုကိုကြီး ရဲ့ရုံးခန်းကို အလုပ်တစ်ခုခုကြောင့်ပဲဖြစ်ဖြစ် ဒါမှမဟုတ် လက်မှတ်ထိုးဖို့ဖြစ်ဖြစ် သွားဖို့ဆိုရင် အားလုံး သေအောင် ကြောက်နေကြရပါသည်။

ကုမ္ပဏီမှာတင် မဟုတ်ပါ ..၊ အိမ်ပြန်ရောက်တော့လည်း ဒီအတိုင်းပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



ဗုံဗုံ ကလွဲရင် ဆောင်းရိပ် နဲ့ ကိုကိုကြီး ရဲ့ မောင်နှမချင်း ဆက်ဆံမှုက သွေးအေးလွန်းသလို ခံစားရပါသည်။ ဆောင်းရိပ် ဘက်က မပြောနဲ့ သူကိုယ်တိုင်လည်း ဆောင်းရိပ် ကို တွေ့ရင် တစ်ခုခု ဖြစ်နေပါသည်။

ပြီးတော့ ညီမဖြစ်သူ ဆောင်းရိပ် ရဲ့မျက်နှာက တစ်ခါတစ်ရံ ငိုထားပြီးကာစ မို့အစ်အစ်မျက်ခွံလိုလို မျက်လုံးက ခပ်ရဲရဲ အနေအထား ..၊ သူ သတိပြုမိခဲ့ပါသည်။

အဲဒီအကျိုးဆက်တွေက သူ ညနေမှောင်ရီပျိုးချိန် ခါတိုင်းထက် အရက်ကို ပိုမိုသောက်မိခဲ့ပါသည်။ တစ်ယောက်တည်းနေရင်း ပိုပြီး ကိုယ့်ကိုယ်ကိုယ် တွေးမိခဲ့သည်။

အတ္တကြီးမှုဟာ သူ အမြဲဝတ်ဆင်နေကျ ဝတ်စုံတစ်စုံလို ဝတ်ဆင်နေမိမှတော့ .. အတ္တမရှိရင် သူ မနေတတ်သလိုများ ဖြစ်နေပြီလား မသိ ..။

ကုမ္ပဏီက အပြန်လမ်း .. ကျောင်းတွေရဲ့ရှေ့မှာ တွေ့တွေ့နေရပါသည်။ ဂျူကာဝတ်စုံနဲ့ လူငယ်သုံးလေးငါးယောက် ..၊ တချို့ကျောင်းရှေ့မှာဆိုရင် ညီမ ဆောင်းရိပ် ထက်တောင် ပိုငယ်မယ့် ချာတိတ်မလေးတွေကိုယ်တိုင် ဂျူကာလို ဝတ်ဆင်ပြီး အလှူခံနေ





ကြတာ ကျွန်တော် သတိပြုမိတော့.. သူ ဘာကြောင့် သက်ပြင်းတွေ ချမိလည်း သူ မသိတော့ ..။

ဒါပေမယ့် သူ တွေ့နေရတဲ့ ဂျူကာဝတ်စုံနဲ့ ကောင်လေးတွေအားလုံးထဲမှာ သူ .. ညီငြိမ်းချမ်း ကို မတွေ့မိခဲ့ ..။

ဒီကိစ္စတွေကို သူ့ရင်ထဲမှာ အချိန်အကြာကြီး မြှုပ်နှံထားခဲ့ရတော့ သူ အနေရကျပ်လာသလို ခံစားမိပါသည်။

အစတုန်းကဆိုရင် သူ မကျေနပ်ချက်တွေ မှန်သမျှ ထရေစီကို ရင်ဖွင့်နေကျ ..။ အခု .. ထရေစီ မရှိတော့ သူ ဘယ်သူ့ကို ရင်ဖွင့်မလဲ ..၊

သူ တွေးမိပါသည်။ သူ့ရဲ့သူငယ်ချင်း မင်းမောင် ..။ တစ်လမ်းတည်း အတူနေပေမယ့် မင်းမောင် ထံ သူ မရောက်တာ သုံးလေးငါးလခန့် ရှိနေပါပြီ ..။

ပြီးတော့ မင်းမောင် ရဲ့သမီး ကြေးရုပ်လေး ဆီ သူ မရောက်တာ တော်တော်ကြာပြီလေ ..။ မင်းမောင် နဲ့က သွားရင်းလာရင်း တွေ့မိပါသေးသည်။ ကြေးရုပ်လေး ဆီတော့ သူ တော်တော်နဲ့ မရောက်ဖြစ်ခဲ့။

ကြေးရုပ် ဆိုတာက အိမ်က ဗုံဗုံလေး ရဲ့ အရင်းဆုံးသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း …။ ကြွေရုပ် က ပိုးချဲနဲ့ နေနေရသည့်ကလေး …၊ ဘာကြောင့် လဲတော့ သူ မသိ။ မင်းမောင် ကိုယ်တိုင်ကပဲ မပြောချင်တာလား…၊ သူပဲ ဘာဖြစ်တာလဲလို့ မမေးမိတာပဲလားတော့ မသိ …။

မင်းမောင် က ကျောင်းမှာကတည်းက စိတ်ရှည်သည်၊ တစ် ဖက်သားကို နားလည်ပေးသည်။ အဲဒါကြောင့်မို့လည်း ကျောင်း မှာကတည်းက သူငယ်ချင်းတွေက ကိစ္စအဆိုးအကောင်းမှန်သမျှ ကို မင်းမောင် ကို ရင်ဖွင့် တိုင်ပင်ဆွေးနွေးကြပါသည်။

သူ လမ်းထဲချိုးဝင်ရင်း မင်းမောင် တို့ ခြံရှေ့ရောက်တော့…

"ဟင်!…"

မင်းမောင် နဲ့ စန္ဒာ တို့ရဲ့ခြံထဲမှာ အရေးပေါ်လူနာတင်ယာဉ် တစ်စီးကို သူ တွေ့လိုက်ရတာကြောင့် သူ ထိတ်ခနဲ ဖြစ်မိရပါ သည်။

သူ ကမန်းကတမ်း မင်းမောင် ခြံဘက် ကားကိုချိုးကွေ့ဝင် လိုက်ပါသည်။ ကားကိုရပ်ရင်း ခြံစောင့် ကိုအေး ကို မေးမိသည်။

"ကိုအေး .. ဘာဖြစ်လို့လဲ .."

ကိုအေး ရဲ့ မျက်နှာပေါ်မှာ အထိတ်တလန့်အရိပ်တွေ သူ တွေ့နေရသည်။





"ဆရာ .. ကြွေရုပ်လေး အခြေအနေမကောင်းဘူး .."

"ဗျာ!…"

သူ တစ်ခါမှ ထင်မထားတဲ့ သတင်းတစ်ပုဒ်ကို သူ စတင် ကြားရပါသည်။

"ကြွေရုပ် က ဘာလို့ အခြေအနေမကောင်းတာလဲ ကိုအေး"

ကိုအေး က ကျွန်တော့်ကို နားမလည်သလို ကြည့်ကာ …

"ဟင် .. ဆရာ မသိဘူးလား …၊ ကြွေရုပ် က နှစ်နဲ့ချီ ဖြစ် နေတာလေ …၊ ကြွေရုပ်လေး က တဖြည်းဖြည်း အရိုးတွေ ပျက်စီး စေတဲ့ သွေးကင်ဆာရောဂါတစ်မျိုး ဖြစ်နေတာ ကြာပြီလေ …၊ အဲဒါကြောင့် ကလေးက ပိုးချဲနဲ့ နေရတာပေါ့"

သူ ရင်ထဲ နင့်ခနဲ ဖြစ်သွားပါသည်။ ငယ်ငယ်ကတည်းက လည်ပင်းဖက် ပေါင်းသင်းလာခဲ့တဲ့ သူငယ်ချင်းရဲ့ သမီး .. သူ ကိုယ်တိုင် တူမတစ်ယောက်လို ချစ်ခင်တဲ့ ကလေး …။ အဲဒါ တွေကို သူ တစ်ခါမှ …

"မင်းမောင် .. မင်း သမီး ကြွေရုပ်လေး ဘာဖြစ်သလဲ"

ဒါမှမဟုတ် လမ်းမှာဖြစ်ဖြစ် တွေ့မိလို့ …၊

"ကြွေရုပ်လေး နေကောင်းလား မင်းမောင် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ မေးဖူးရဲ့လား..၊ အလုပ်နဲ့ အတ္တကိုသာ သူက စိတ်ဝင်စားနေခဲ့ရတာကို ဘယ်အရာဖြစ်ဖြစ် ငါဖို့ဆိုတဲ့ အတွေးက ခေါင်းထဲ စွဲကပ်နေပါသည်။

သူ အိမ်ထဲဝင်လာတော့ စက်တွေ ပိုက်တွေနဲ့ ရှုပ်ထွေးနေတဲ့ ခုတင်တစ်လုံးနှင့်အတူ ခုတင်ပေါ်မှာ ကြွေရုပ်လေး ရဲ့ပုံရိပ်က မမြင်ဝံ့စရာပါ။ ကလေးက ငိုပါထယ်။

"ဟင် .. ထရေစီ .."

ကျွန်တော့်အသံကြောင့် ထရေစီ နဲ့ အတူရပ်နေတဲ့ ဘေးက မင်းမောင် ပါ လှည့်ကြည့်ပါသည်။

"လာ .. သူငယ်ချင်း .."

စန္ဒာ က ငိုတော့ မင်းမောင် က မငိုဖို့ တားပါတယ်။

ပြီးတော့ သူ့ပါးစပ်အဟောင်းသားဖြစ်စေတဲ့ လူငယ်တစ်ဦး..၊ သူက ညီငြိမ်းချမ်း ..။ ညီငြိမ်းချမ်း ကိုယ်တိုင်က အချိုးမကျတဲ့ ရယ်စရာကောင်းလှတဲ့ ဂျိုကာဝတ်စုံကို ဝတ်ထားပါတယ် ..။

ညီငြိမ်းချမ်း ဘေးမှာ သူ့ရဲ့ကျေးဇူးရှင်ဆရာကြီး ဒေါက်တာဘုန်းထွဋ် ..၊ သူ အရေးပေါ်ဖြစ်ခဲ့စဉ်က သူ့အသက်ကို ကယ်တင်ခဲ့သူ ..။





သူ မလွန်ဆန်နိုင်သော သက်ရှိထင်ရှား လူသားတစ်ဦးပေါ့..။

ဂျိုကာဝတ်စုံနဲ့ ကောင်လေးက ကြွေရုပ်လေး ရဲ့ဘေးမှာ ထိုင်ချလိုက်ပါတယ်။ ကြွေရုပ်လေး ရဲ့ ပါးပြင်ပေါ်က မျက်ရည်ကို ကောင်လေးက ဖြည်းညင်းစွာ သုတ်ပေးပါသည်။

"ကြွေရုပ် .."

ကလေးငယ်က အငိုရပ်သွားပါတယ် ..။

"ဦးဦး .."

"သမီး ဘာလက်ဆောင်ယူမလဲ ဦးဦးကို ပြော .."

ကြွေရုပ် က ဂျိုကာကောင်လေးကို အားတင်း ပြုံးပြတော့ နာကျင်ခြင်းကြောင့်လားတော့ မသိ မျက်ရည်တစ်စက်က ခေါင်းအုံးပေါ် လိမ့်ဆင်းသွားပါသည်။

"သမီးခြေထောက်တွေနဲ့ လမ်းလျှောက်ချင်တယ် ဦးဦး .."

ကလေးရဲ့စကားအဆုံးမှာ မစန္ဒာ ဆီကလား တစ်ဦးဦး တစ်ယောက်ယောက်ဆီက ကျိတ်ရှိုက်သံ ကြားလိုက်ရပါတယ်။

ဂျိုကာကောင်လေးတောင် တစ်ဖက်လှည့်၍ မျက်ရည်ကို ကမန်းကတမ်း သုတ်လိုက်ပါသည်။ ပြီးတော့ ဂျိုကာလူရွှင်က ကြွေရုပ် ကို ပြုံးပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမှာပေါ့ သမီးရယ် .. ဦးဦး ဆုတောင်းပေးမယ်.. သမီး ခဏ နားလိုက်ဦးနော် .."

ကလေးက ခေါင်းညိတ်ပါသည်။ ပြီးတော့ ဂျိုကာလူယယ် လေးပေးတဲ့ လှပတဲ့ ဆန်တာကလော့ဒ်အရုပ်လေးကို ပွေ့ပိုက်ကာ မျက်ဝန်းကို မှိတ်သည်။

အဲဒီအခါကျမှ ကျန်တဲ့သူတွေက ဆေးရုံကားနဲ့ ကလေးကို သယ်ဖို့ ပြင်ဆင်ကြရပါသည်။

"ငါ သွားဦးမယ် .. ကိုကို .."

မင်းမောင် က နှုတ်ဆက်တော့ သူ ခေါင်းညိတ်သည်။

ထရေစီ က ဖျတ်ခနဲ သူ့ကိုကြည့်သည်။ ထရေစီ့ မျက်ဝန်း ထဲက အရိပ်တွေက သူ့ကို နာကျင်တဲ့ပုံလား .. နားလည်ရခက်တဲ့ လူလားလို့ မေးနေသလိုလို ..။

နောက်ဆုံးမှာ ကျန်ရစ်ခဲ့တဲ့သူက ကျွန်တော်နဲ့ ဆရာကြီး ဦးဘုန်းထွဋ် ရယ်ပဲ ကျန်ခဲ့ပါသည်။

"ထိုင် .. မောင်ကို .."

ဆရာကြီးနဲ့ သူ မျက်နှာချင်းဆိုင် ထိုင်မိပါသည်။ သူကိုယ် တိုင်ကိုယ်က ငိုင်တွေတွေနဲ့ ကိုယ်လက်တွေ မသယ်ချင်လောက်





အောင် စိတ်တွေ လေးလံနေပါသည်။ အတန်ကြာသည်အထိ သူတို့ စကားမစမိကြပါ။

"မင်း .. ကြွေရုပ်လေး ရဲ့ နောက်ဆုံးအချိန်ကို ဘယ်လိုမြင် လဲ .."

ဆရာကြီး၏အမေးက ထူးဆန်းသည်။ သူကိုယ်တိုင်လည်း တစ်ခါမှ မတွေးဖူးတဲ့ အတွေးတွေ ခေါင်းထဲဝင်လာသလိုပဲ ..။

"ကျွန်တော် ကြွေရုပ် ကို နားလည်ပါတယ် ..၊ ကြွေရုပ်လေး က ဝေဒနာကို အံကြိတ်ပြီး တိုက်ခိုက်သွားတာပါ ..၊ အဲဒါဟာ အလွန်ရင်နင့်စရာ ကောင်းပါတယ် ဆရာ ..၊ ကြွေရုပ် က သူသေ ရမယ့်အချိန်ကို သိနေသလိုပဲ .."

ဆရာကြီးက ပြုံးလိုက်သည် ထင်သည်။ ဘာကြောင့်ပြုံး သလဲတော့ သူ မသိ ..။ ဆရာကြီးက သူ့ကိုကြည့်ပြီး အခုလို ပြောပြပါတယ် ..။

"ညီငြိမ်းချမ်း က အခုလို ပြောဖူးတယ် .. ကလေးတွေဟာ သေရမှာကို တကယ်တွေးပြီး ကြောက်မနေကြဘူး ..၊ အဲဒါဘာ ဖြစ်လို့လဲဆိုတော့ သေခြင်းတရားအပေါ် လူကြီးတွေ ကြောက်လန့် တာကို သူတို့ သိမထားကြလို့ပဲတဲ့ ..၊ ဒီလိုအဖြစ်မျိုး တစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ညီ ရင်ဆိုင်ဖူးတယ်၊ သေအံ့ဆဲဆဲ ကလေးတစ်ယောက်ကို သူ အဲဒီတစ်ခါသာဝတ်ဖူးတဲ့ ဆန်တာကလော့ဒ်ဝတ်စုံကြီးနဲ့ ကလေး လိုချင်တဲ့ အရုပ်ကိုပေးရင်း သား ဘာလိုချင်လဲ မေးဖူးတယ် .. မောင်ကို ..၊ ကလေးက ဘာပြန်ပြောလိုက်လဲလို့ ထင်လဲ ..”

သူ ဆရာကြီးကိုကြည့်ရင်း လေးပင်စွာ ခေါင်းရမ်းပြမိပါသည်။ ဆရာကြီး သက်ပြင်းကို ချသည်။ နံရံက နာရီကို ငေး ကြည့်ရင်း ...

“ဖေဖေ မေမေတို့အတွက် ညီမလေးတစ်ယောက် လိုချင် တယ်တဲ့ ..၊ ညီ က မေးတာပေါ့ .. ဘာကြောင့်လဲပေါ့ .. ကလေး က ဖြေတယ်လေ .. သား မရှိတော့ရင် သားအစား အစားထိုး ချစ်ဖို့ ညီမလေးတစ်ယောက်ရှိမှ ဖေဖေ မေမေတို့ မငိုမှာပေါ့တဲ့”

တစ်ခါမှ မဖြစ်ပေါ်ဖူးတဲ့ နူးညံ့တယ်ထင်ရပြီး အင်အားပြင်း လွန်းတဲ့ ခံစားချက်ကြီးက ရင်ထဲကို ဝင်ရောက်လာပါတယ်။

ပြီးတော့ ထူးဆန်းစွာ သူ့ပါးပြင်ပေါ်ကို ကိုင်ကြည့်မိတော့ ခပ်စိုစို အထိအတွေ့ကို တွေ့မိပါသည်။ ဒါဆို သူ မျက်ရည်ကျ တာပေါ့..။

“မင်း အပိုတွေလို့ထင်တဲ့ ညီငြိမ်းချမ်း ရဲ့ လုပ်ရပ်တွေဟာ





ဘာကြောင့် ဖိုးညီ က ဒီလိုအလုပ်တွေ လုပ်ရတာလဲလို့ မင်း ထင်လဲ မောင်ကို ..”

သူ ဘာမှ ပြန်မဖြေမိ ..။

“အေး .. ပြောရရင် ပထမဦးဆုံး ဆန်တာကလော့ဒ်အဖြစ် သူ့အိမ်နီးနားချင်း ဇနီးမောင်နှံက အကူအညီတောင်းလို့ပေါ့ကွာ..၊ အဲဒီကိစ္စကို ဖြေရှင်းပြီးတော့ ဖိုးညီ က ဆရာ့ကို ပြောပြဖူးတယ်.. ကလေးတွေကို တွေ့ရခိုက်မှာ ဖြစ်ပေါ်လာတဲ့ နွေးထွေးပီတိ ခံစား ရမှုအကြောင်းကို ကျွန်တော် ဖော်မပြတတ်အောင် ခံစားမိပါတယ် တဲ့ ..၊ ဒါပေမယ့် ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ သူတို့လေး တွေကို ပြုံးပြနိုင်ခဲ့တဲ့အတွက် ကျေနပ်ပါတယ်တဲ့ ..၊ နောက်လဲ ကျွန်တော် ကျိတ်ပြီး ငိုနေရဦးမှာပါတဲ့လေ..၊ ဒါပေမယ့် ကလေး တွေက ကျွန်တော့် အပြင်ပန်းသဏ္ဌာန်ကြောင့်တော့ ခံစားရတဲ့ ဝေဒနာကို ခဏလေးဖြစ်ဖြစ်တော့ မေ့နိုင်တဲ့အတွက် ကျွန်တော် ကျေနပ်တယ်တဲ့လေ ..”

စကားအရှည်ကြီး ပြောလိုက်ရလို့ ဦးဘုန်းထွဋ်ရဲ့ မောသွား ဟန် မရှိ။ ဦးဘုန်းထွဋ် ထရပ်တော့ ကျွန်တော်လည်း လေးပင်စွာ ရပ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ဆရာလဲ ဆေးရုံလိုက်သွားဦးမယ် ..၊ ဩော် .. မင်းကို တစ်ခုပြောရဦးမယ် .. ညီငြိမ်းချမ်း ဘာကြောင့် ဒီလို အလုပ်တွေ လုပ်ရတာလဲ ..၊ အရေးကြီးတဲ့အချက်က ဘာလဲ .. သိလား..၊ အင်း.. ပြောရရင်တော့ စိတ်မကောင်းစရာပဲ မောင်ကို.. ညီငြိမ်းချမ်း ကိုယ်တိုင်က ကမ္ဘာမြေမှာ သိပ်ကြာကြာ မနေရတော့ ဘူး မောင်ကို ..၊ သူ့မှာ လူကေးမီးယားဆိုတဲ့ သွေးကင်ဆာ ဖြစ်နေ တယ်လေ .."

"ဗျာ!..."

မထင်မှတ်တဲ့စကား ကြားလိုက်ရတာကြောင့် သူ ဆိုဖာပေါ် ပစ်လဲကျသွားတဲ့အထိပါ ..။

ကောင်းကင်က ပိုညို့မှိုင်းသွားသလိုပါပဲ ..။ သူ ထင်မှတ် မထားတဲ့ ထောင့်ချိုးက ရက်စက်တဲ့ကံကြမ္မာ ပြုံးရယ်ပြနေပါပြီ..။







* အဲဒီနှင်းတွေကြောင့်
သန်းခေါင်ယံက လင်းနေလိုက်တာ . .။

* အဲဒီနှင်းတွေကို ခူးဆွတ်သူ
ကျွန်တော် ဦးညွတ်
သူ့အစား ဂုဏ်ယူလိုက်တာ . .။

* အဲဒီနှင်းတွေကို
သူက . . ရင်ငွေ့နဲ့ပျိုး
ကရုဏာတန်ခိုးတော်နဲ့
သန်းခေါင်ယံညရဲ့ ဆောင်းကို
လင်းပြလိုက်သူပေါ့ . .။





www.burmeseclassic.com

www.burmeseclassic.com



**လွမ်း**ဆွတ်စရာကောင်းလောက်အောင် နှင်းတွေနဲ့ လုပ နေပါတယ်။ နှင်းတွေက အပျင်းပြေ ခုန်ဆင်းလာပုံ ဟုတ်ဟန် မတူ...။ ညို့ ရဲ့ခြံလေးထဲမှာ မီးရောင်မှလင်းတလင်းနဲ့အတူ ရန်ပုံ ငွေ ထူထောင်ပွဲလေးဟာ ငြိမ်သက်တိတ်ဆိတ်မှုတွေနဲ့အတူ လင်း ပြနေပါတယ် ..။

"နှင်တို့ မငိုနဲ့လေ .. ညီ မြင်ရင် စိတ်မကောင်း ဖြစ်နေမှာ ပေါ့ .."

ပြောနေသူ မထရေစီ ကိုယ်တိုင်ကိုက မျက်ရည်တဖြာဖြာ..

"သူ့အတွက် ဝမ်းနည်းလွန်းလို့ပါ မမရယ် .."

သက်ဝေ က ငိုသံနှင့်ပြောသည်။ ဆောင်းရိပ် ကတော့ ခြံဝ ကို ခုန်ချလာတဲ့ နှင်းတွေကို မျက်ရည်ဝိုးတဝါးနဲ့အတူ မော့ကြည့် နေပါသည်။





ဒီနှင်းတွေက နှုတ်ဆက်ခြင်းရဲ့ အဓိပ္ပာယ်လား .. ဝမ်းနည်း ခြင်းအတွက်လား .. ဒါမှမဟုတ် လွတ်မြောက်မှုတဲ့လား ညီ ..။

"သွား .. သွား .. ညီ ဖွင့်ပွဲအတွက် စကားပြောလိမ့်မယ်.."

သက်ဝေ နဲ့ ဆောင်းရိပ် ညို့ ဝိုးချဲဆီ အပြေးသွားရပါသည်။ ကြွေရုပ် ရဲ့ နောက်ဆုံးဝိညာဉ် မထွက်ခွာမီ ညီ လဲပါတော့သည်။ ညီ သည် စိတ်ကဆောင်လို့ပဲလား ..။ ဒီပွဲအတွက် အားတင်းထားလို့ပဲလား မသိ။ ဖြစ်နေ လဲနေတဲ့ကြားက ဒီပွဲကို ရအောင် စီမံ ခန့်ခွဲပါသည်။

သက်ဝေ နဲ့ ဆောင်းရိပ် ညို့ ကိုတွဲကာ မိုက်ခရိုရှိရာ စင်မြင့် ဆီ တွဲ၍ ပို့သည်။ ညို့ ပုံစံက အသားအရည်တွေ ဖွေးဆွတ်နေ သည်။ ဒီနောက်ပိုင်း သွေးသွင်းရတာ စိပ်လာသည်လို့ ဆရာကြီး ပြောတော့ သူ နားမလည် ..။

ညီ က ဒီအကြောင်းတွေကို ဆောင်းရိပ် ကို မပြောဖို့ သက် မြိုင် တို့ကို မှာထားသည်တဲ့ ..။

နှုတ်မဆက်ဘဲ ညီ က ရုတ်တရက် ခွဲခွာသွားချင်ပုံရသည်။ ဲဒီလိုဆို ကျန်ရစ်သူက မခံစားရဘဲ နေမှာတဲ့လား ညီ ..၊

"အဟမ်း .."



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဟန့်သံနှင့်အတူ သွေးစက နှုတ်ခမ်းစွန်းမှာ ကပ်ပါလာပါတယ်။ ဆောင်းရိပ် က လက်ကိုင်ပဝါနဲ့ ကပျာကယာ တို့တော့ ညီ က အားတင်းပြုံးကာ လက်ကာပါသည်။

"ကျွန်တော့် အခြေအနေကို ကျွန်တော် သိပါတယ် .. ဒါပေမယ့် .."

ကျိတ်ရှိုက်သံတချို့ ကြားရသည်။ နှင်းတွေက ပိုများလာသလို ထင်မိသည်။

"ကျွန်တော်မရှိလဲ နှစ်တိုင်း သူတို့(လူငယ်တွေ) ကျွန်တော့်အစား ဆက်ပြီး ဂျိုကာတွေအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သွားကြမှာပါ ..၊ ကမ္ဘာမြေမှာ နှင်းတွေ .. ဖန်ဆင်းလိုက်တဲ့ ဂျိုကာတွေ ရှိနေတယ်ဆိုတာ ကျွန်တော် ယုံပါတယ်"

"ကိုညီ နားသင့်ပြီ ထင်တယ် .."

သက်ဝေ ရဲ့ ရှိုက်သံနဲ့ ပြောဆိုသံကို ကိုညီ က ခေါင်းယမ်းသည်။

"ခရစ္စမတ်ဟာ စီးပွားရေးဆန်လာပြီလို့ လူတော်တော်များများက ပြောကြတယ် ..၊ သူတို့မသိတာတစ်ခုက အခြားလူသားတွေထက် .."





ချောင်းသံ အဆက်မပြတ် ပေါ်လာပါတယ် ..။ သွေးစက်က ပိုစီးလာသည်။

"ကိုညီ .."

ဆောင်းရိပ် ကိုညီ့ ကို မကြည့်ရက်စွာ ..၊ တကယ့်သစ္စာတရား ဆိုခဲ့ရရင် ကိုညီ့ ကို ချစ်တဲ့ အချစ်သည် မှန်ကန်ပါက ကိုညီ့ ရောဂါဝေဒနာ ပျောက်စေသားလို့ ..။

တကယ်လို့ သစ္စာတရားသာ ကမ္ဘာမြေပေါ်မှာ ထင်ပေါ်ခဲ့ရင် သူမ မျက်ရည်တွေ အေးစက်စွာ ပုံဆောင်ခဲအဖြစ် ရှိနေစေချင်တာ အမှန်ပါ ..။

ညီ က မိုက်ခရိုဖုန်းကို ကိုင်ပါတယ်။ လက်တွေက ဆတ်ဆတ်တုန်နေသည်။

"သူတို့မသိတာတစ်ခုက အခြားလူသားတွေအတွက် သူတို့ကိုယ်တိုင် စေတနာထားပြီး ဘာမှ လုပ်ကိုင်မပေးတာကြောင့် သူတို့ စိတ်လက်မချမ်းသာ ဖြစ်နေတဲ့အကြောင်းကို အဲ့ဒီ ပြောတဲ့လူတွေ မသိကြဘူးဗျ ..၊ တစ်စုံတစ်ယောက်အတွက် တစ်ခုခု လုပ်ပေးနိုင်သမျှ ခရစ္စမတ်ဟာ ခရစ္စမတ်အဖြစ် အစဉ်အမြဲ ဖြစ်နေမှာပါ .."



www.burmeseclassic.com

www.burmeseclassic.com



ကိုညီ့ စကားဆုံးတော့ လက်ခုပ်သံတွေ ထွက်လာပါသည်။ လက်ခုပ်တီးသူတွေကိုယ်တိုင် အပြုံးနဲ့ မျက်ရည်ကို ပေါင်းစည်းထားသည်။

"ဒါပေမယ့် ကျွန်တော် တစ်ခါသာ ဝတ်ဖူးတဲ့ ဆန်တာကလော့ဒ်ဝတ်စုံကြီးအတွက် ဝတ်ပေးမယ့်လူကို ကျွန်တော် မျှော်နေရတဲ့ဆန္ဒ ဖြစ်မလာတာကိုတော့ .."

"စိတ်ချလက်ချ ရှိပါတော့ ငါ့ညီ .."

ညီ စကားမဆုံးခင် ဖြတ်ဝင်လာတဲ့ အသံကြောင့် ညီ ကိုယ်တိုင်ရော ခြံထဲမှာရှိနေတဲ့လူတွေအားလုံး အသံရှင်ကို လှည့်ကြည့်ကြပါသည်။

"ကိုကို .."

"ကိုကိုကြီး .."

ညီ ပြုံးသည်။ အံ့သြဟန်တော့ မပြ ..၊ သူ ယုံကြည်မျှော်လင့်ထားတဲ့ ယုံကြည်ချက်က မှန်နေခဲ့တာကို ..။

ဆန်တာကလော့ဒ် ဝတ်စုံကြီးကို လိုက်ဖက်စွာ ဝတ်ဆင်ထားတဲ့ ကိုကိုကြီး မျက်မှန်ဝိုင်းဝိုင်းကြီးတပ် မုတ်ဆိတ်မွေးဖြူဖြူနဲ့ ကိုကိုကြီး ရဲ့ပုံရိပ်က ဆောင်းရိပ် သူမ မြင်ဖူးသမျှထဲမှာ ကြည့်ရအကောင်းဆုံးပေါ့ ..။

ကိုကိုကြီးက သူတို့ဆီ လျှောက်လာပါတယ်။ ညီ့ ကို တွဲကာ ဝှီးချဲပေါ် တင်ပါသည်။ လူအုပ်ကြားထဲကို ညီ့ ကို ဖြည်းညင်းစွာ တွန်း၍ သယ်ဆောင်လာကာ ...

"ကျွန်တော်တို့ဟာ ဦးကြီး .. ဦးလေး .. ဒေါ်ကြီး .. ဒေါ်လေးတွေ ဝမ်းကွဲဆွေမျိုးတွေနဲ့ ပြည့်နေတဲ့ မိသားစုကြီးတစ်ခုလို့ကို ကျွန်တော် ခံစားရပါတယ် ..၊ ခရစ္စမတ်မှာ မိသားစုတွေ ပြန်တွေ့ကြသလိုပေါ့ ..၊ အခုတော့ ကျွန်တော် (နှင်းဖြူဖွေးကျချိန် ဆန်တာကလော့ဒ်က အိမ်ရှေ့မှာ မသိမသာ လက်ဆောင်တွေ ထားခဲ့တယ်ဆိုတဲ့ အယူအဆ)ကို ကျွန်တော် သဘောကျလာပါပြီ ..၊ ဘာဖြစ်လို့လဲ ဆိုတော့ .."

ကိုကိုကြီး ဝှီးချဲကို ရပ်လိုက်ပါသည်။ ညီ ပြုံလဲကျသွားတော့ ...

"ညီ .."

ကိုကိုကြီး လဲကျမသွားအောင် ပွေ့ရင်း ညီ့ ကို ကြည့်သည်။ ညီ ကတော့ အပြုံးတွေနဲ့အတူ မျက်ဝန်းမမှိတ်နိုင်တော့ ..၊ သူ သန်းခေါင်ယံကို ငေးကြည့်နေတာများလား ..။




ရွှေသမင်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

ငိုသံတွေ ရှိုက်သံတွေ လွှင့်ဝဲနေပါသည်။ အအေးကြောင့် ရင်ထဲက အလွမ်းတွေကို မငြိမ်းသတ်နိုင်ရှာ ...။

ကိုကိုကြီး က ညို့ ကို ဖက်ထားသည်။ သူ့မှတ်ဆိတ်မွေးတွေ စိုနေခဲ့ပါပြီ ..။


“ငါကိုယ်တိုင် အမြဲတမ်း ဆန်တာကလော့ဒ် ဖြစ်နေမှာပါ ညီလေးရယ် .. မင်း အဲဒါကိုတော့ ယုံကြည်ပေးပါ ..”

နှင်းတွေက အဆက်မပြတ် ..၊ သန်းခေါင်ယံက နှင်းတွေနဲ့ လင်းနေဆဲပေါ့ ..။

* ကြာခြေနီသီကွက်ာ အပြည့်နဲ့ နှင်းတွေ ..
သန်းခေါင်ယံသီချင်းကို သီဆို ..
သူတို့ ငိုနေတာ မဟုတ်ဘူးနော် ..။

ဒီနိုင်းခ

www.burmeseclassic.com




www.burmeseclassic.com